www.burmeseclassic.com



www.burmeseclassic.com

## ဒို့တာဝန်အရေး သုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။**

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC

ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်

# သျှင်မ

## အိပ်မက်တစ်ခု၏ ဂီတကြိုးများ



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၅၀၀၄၇၃၀၅၀၇ |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၅၀၀၅၀၆၀၅၀၇ |
| အကြိမ် | – | ပထမအကြိမ် |
| | | ၂၀၀၇–ခုနှစ်၊ ဇွန်လ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀ိ/ |
| ထုတ်ဝေသူ | – | ဒေါ်ကေခိုင်ဦး (မြဲ–၀၃၇၆၉) |
| | | ရွှေသမင်စာပေ |
| | | ၃၇/၄၄လမ်း၊ |
| | | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။ |
| အတွင်း/အဖုံးပုံနှိပ်သူ | – | ဦးမြတ်စိုး (မြဲ – ၀၈၁၁၉) |
| | | မြင့်မြတ်သူအော့ဖ်ဆက် |
| | | အမှတ် ၁/၇၊ အခန်း (၃)၊ |
| | | (၅)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ် |




### အခန်း (၁)

“ဟယ်... ကျန်ခဲ့ပြီ”

“ဘာလဲ”

“ပိုက်ဆံအိတ်”

ဖြေသံက ကျောနောက်မှာ ကျန်ခဲ့သည်။

ဂိတ်ဝင်းထဲမှာ ခရီးသွားများနှင့် ကျပ်နေ၏။

ထိုလူ လူကြားထဲသို့ တိုးတိုက် လှည့်ဝင်သွားလိုက်တာ ချက်ချင်း လူတွေထဲမှာ ပျောက်ကွယ်သွား၏။

“လွှာ... ဟဲ့ ဟဲ့... ဘယ်ရောက်သွားလဲ၊ စုစု လုပ်ပါဦး”

“ဘာဖြစ်သွားတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ပိုက်ဆံအိတ် ကျန်ခဲ့လို့တဲ့"

"ဘယ်မှာလဲ"

"သြော်... ဘာမှကို မမေးလိုက်ရဘူး၊ ဒုက္ခပါပဲ... ရှာကြပါဦး"

စုစု လည်ပင်းရှည်၍ ခြေဖျားထောက်ရုံနှင့် အားမရ။

တိုးကြိတ်နေကြသည့် ခေါင်းများစွာထဲမှာ လွှာ့ကို မမြင်ရတော့သဖြင့် ခြေဖျားထောက်၍ ဇွေ့ခနဲ ဇွေ့ခနဲ ခုန်ကြည့်သည်။

လုလေး လည်း တောင်ခုန် မြောက်ခုန်...။

ဝင်းခက်နဲ့ ဆုနွယ်ကျတော့ လွယ်ပိုးထားရသည့် အိတ်ကြီးများက နင့်နေသဖြင့် မခုန်နိုင်။

လည်ပင်းရှည် ကြည့်ဖို့ပင်မလွယ်ဘဲ လွတ်အိတ်ကြီးကြောင့် ပခုံးကွေးကာ လည်ပင်းများပင် တင်းကျပ်နေသည်။

"ဟဲ့... တွေ့လား"

"စောစောကပဲ ခေါင်းလေး တွေ့နေသေးတယ်၊ ခု... ပျောက်သွားပြီ"

"နင်ကလည်း သူ့နောက်က တန်းလိုက်တာမဟုတ်ဘူး"

"သွားမယ်လို့ကို မထင်ဘူး၊ ပြောပြီး သူက ချက်ချင်းလှည့်ပြေးတာဟ"

"တကယ်ပဲ ပြောကို မပြောချင်တော့ဘူး၊ လွှာတို့ လုပ်ချင်းလိုက်ရင် လျှပ်စီးလက်သွားတဲ့ အတိုင်းပဲ"





သူတို့အုပ်စုတစ်ခုလုံး ကားနားကလည်း မခွာဖြစ်ကြ။

လွှာ့ကိုလည်း စိတ်ပူနေကြကာ ကားဆီ ပြန်ကြည့်လိုက်၊ လည်ပင်းရှည်လိုက်...။

"ငါတို့ လူခွဲလိုက်မလား"

"ဟာ... မဖြစ်ပါဘူး၊ ဒီမှာ ပစ္စည်းတွေနဲ့၊ လွှာ့အိတ် ဒီမှာထားခဲ့တယ်မို့လား"

"ဒီမှာလေ"

အိတ်နှစ်လုံးကို ဘယ်တစ်လုံး ညာတစ်လုံး လွယ်ထားရသည့် လုလေးက အိတ်တွေကို မြင်အောင် ပခုံးနှစ်ဖက်လုံးကို တွန့်ခါပြ၍ ရှုံ့မဲ့နေသည်။

"သူ ပြန်လာမှာပဲဟာ... နင်တို့ကလည်း"

သူကိုယ်တိုင် လည်ပင်းရှည် ကြည့်၍ ညောင်းလာသဖြင့် ဝင်းခက်က ဆံပင်လေးဖွပစ်ပြီး ဝင်ပြောသည်။

"ပြန်လာမှာကို သိသားပဲ၊ ပြန်ကြဖို့ ကားဂိတ်ကို လာကြတာပဲဟာ၊ လွှာ့အကြောင်း နင်တို့သိသားနဲ့၊ ပိုက်ဆံအိတ်က ဟိုလက်ဖက်ရည်ဆိုင်မှာ ကျန်ခဲ့တာလား၊ တည်းခိုခန်းမှာ ကျန်ခဲ့တာလား မသိဘူး"

"လက်ဖက်ရည်ဆိုင်မှာ ကျန်ခဲ့ရင်လည်း ပြဿနာဖြစ်ဦးမှာပဲ၊ တည်းခိုခန်းမှာကော ဘာထူးလဲ၊ အဲဒီက မန်နေဂျာနဲ့ လွှာက အကြောတည့်တာ မဟုတ်ဘူး၊ သေချာတယ်... တစ်ခုခုတော့ ဖြစ်ဦးမှာပဲ"

www.burmeseclassic.com



အားလုံး မျက်နှာတွေ ပျက်ကုန်ကြသည်။

မြဝတီကို လာကြဖို့ ခရီးစဉ်ကို စ,ခဲ့တာလည်း လွှာပဲ ဖြစ်သည်။

လေးယောက်လုံး တက္ကသိုလ်မှာ အတူတက်ခဲ့ကြတာ ဖြစ်ကာ အားလုံး ခုချိန်ထိ အလုပ်လက်မဲ့လေးတွေထဲ။

လွှာကတော့ ကင်မရာတစ်လုံးကို ကျောပိုးအိတ်ထဲမှာ ထည့်၍ ခရီးဆန့်နေခဲ့သည်။

"ဂျာနယ်လစ်လေ... ရာထူးက သေးသေးမဟုတ်ဘူးနော်၊ ဒက်ဒီ့လုပ်ငန်းမှာ ဂျာနယ်လစ်တွေက အရမ်းညံ့လို့ ငါကိုယ်တိုင်ဝင်တာ၊ ဟဲ ဟဲ... နေရာတကာ ရောက်တယ်၊ စကား များရတယ်၊ ယှဉ်ပြိုင်ရတယ်၊ အခန့်မသင့်ရင် ပြေးရလွှားရနဲ့ ပျော်စရာကြီး"

လွှာက ဒါကို လက်မထောင်၍ ကြွားခဲ့သေးသည်။

"ဟယ်... ပြေးရတယ်၊ ဟုတ်လား... ဘာဖြစ်လို့လဲ"

"ငါက ကင်မရာခလုတ်ပေါ် လက်တင်ပြီးရင် ငြိမ်ငြိမ်လေး နေတာမဟုတ်ဘူးဟ၊ အဲဒီတော့ ခြေပုန်းခုတ်နေကြတာတွေလည်း ရိုက်မိရော ပြေးရရော"

သူမတို့မှာ အဲဒီလောက်ထိ သတ္တိတွေ ရှိကြပေမယ့် လွှာ့ကိုတော့ အားပေးမိကြသည်။ အထင်လည်း ကြီးကြသည်။

လွှာ့က တစ်ဦးတည်းသော သမီး။





မိဘနှစ်ပါးလုံးက အောင်မြင်သော စီးပွားရေးသမားများ ဖြစ်ကာ ပွင့်လင်းမှု ရှိကြသည်။

လွှာ့ကိုလည်း အလိုလိုက်ကြ၏။

ထို့ကြောင့် လွှာ့ဘဝကို သူမတို့ အထင်ကြီးကြသည်။

လွှာမှလွဲလျှင် သူတို့အားလုံးမှာတော့ မိဘ ဘိုးဘွားအစ်ကို အစ်မ များနှင့် ဟိုဟာမဝတ်ရ၊ ဒီလိုမသွား...။

ဒီလိုနေပါ... ဒီလိုထိုင်ပါ... ဘာမှလွတ်လပ်တာမရှိ။

လွှာကတော့ ဘာမဆို လွတ်လပ်ခွင့်ရနေသည့် သူ။

ဂျူဒို၊ ကရာတေး ဆိုလည်း သူမ ပါသည်။

သေနတ်ပစ်... မြားပစ်... လောက်လေးက အစ, သူမ မတတ်တာ ဘာမှမရှိ။ ဒါတွေကို ဝါသနာပါလို့ မိန်းမကြမ်းလေးလို့ မထင်လိုက်နှင့်။

သီချင်းဆို... ပန်းချီဆွဲ... ဘာလုပ်လုပ် တော်ပြီးသား။

ဟိုစပ်စပ် သည်စပ်စပ် မတတ်တစ်ခေါက် တတ်တာမျိုးမဟုတ်ဘဲ သူမ သိပြီ၊ တတ်ပြီဆို ထိုပညာနှင့်ပတ်သက်၍ ဗိုလ်မထားတတ်သူပါ။ လွှာက အဲဒီကထက် တော်သည်။

ထို့ကြောင့်ပဲ ထင်ပါသည်။

လွှာက မာနကြီးသည်၊ နည်းနည်းကလေးမှ ဆတ်ဆတ်ထိ မခံ။

နေတာ ထိုင်တာကအစ မိန်းကလေးလို မှုမှုနဲ့နဲ့ ဖိနှိုင်ထိန်းသိမ်းတာမျိုး လုံးဝမရှိ...။



www.burmeseclassic.com

www.burmeseclassic.com



သူ အောက်လျှင် ကိုယ်အောက်မည်။

သူ လက်ပါလျှင် ကိုယ်လည်း ပါမည်။

ဘယ်သူ့မှ ဂရုမစိုက်တတ်သည့် ညဉ့်က ဘယ်မှာ ဖြစ်ဖြစ် ဝုန်းခနဲ ခွမ်းခနဲပါပဲ။

သူမတို့မှာ ထိုအဖြစ်မျိုးကြုံတိုင်း ထိတ်လန့်ရ ရင်ဘတ် ဖိရ။

ဒါပေမယ့် တစ်အုပ်စုလုံးမှာ လှ္ဟာ မပါလို့လည်းမပြီး။

ထစ်ခနဲဆို လှ္ဟာကိုပဲ ပြေးခေါ်ရ တိုင်ပင်ကြ။

လှ္ဟာက ခေါင်းဆောင်...

ခုလည်း လှ္ဟာ အားလုံးကို ရင်ပူအောင် လုပ်ပြန်ပြီ။

နာရီ တကြည့်ကြည့်နှင့်... လည်ပင်း ရှည်စေကြ ပေမယ့် လှ္ဟာ ပေါ်မလာတော့။

ကားနားမှာ ကျောနှင့်ကပ်၍ ရပ်နေကြသူတွေပါ မတ်မတ်ဆန့်ဆန့်တွေ ဖြစ်လာကြ၏။

"ကားက ထွက်တော့မှာ ဘယ်လိုလုပ်ကြမလဲ"

"ကားဆရာကို နင်နဲ့ ဆုနွယ် ပြောထား၊ ငါနဲ့ စုစု လိုက်သွားမယ်"

"နင်တို့ကို တစ်ခါ ထပ်မျှော်ရဦးမယ်"

"ကဲဟာ... ကြာလိုက်တာ၊ လုလေး သွားမယ်ဟာ"

လုလေး လွယ်ထားသည့် အိတ်ကို သူမ ဘာသာပဲ ဆွဲဖြုတ်၍ ဆုနွယ် ရင်ခွင်ထဲ ထည့်ပေးလိုက်သည်။





စုစုနဲ့ လုလေး ထွက်သွားကြတာကို ကြည့်ကာ ဆုနွယ်က အိတ်တွေ နှစ်လုံး သုံးလုံးနှင့် ရှုံ့မဲ့သွား၏။

"သွားပြီ... တစ်ယောက်ကနေ သုံးယောက်ဆို သွားပြီ"

"ဘာသွားတာလဲ"

"သွားပြီပေါ့... သူ့ရှာ ကိုယ့်ရှာနဲ့ ဘယ်လိုပြန်ဆုံကြ မလဲ၊ လှ္ဟာက လျှပ်စီးလက်နေတဲ့ကိစ္စ၊ ဘယ်လိုမှကို ဆုံမှာ မဟုတ်ဘူး"

"ဒါဆိုလည်း ဘာလို့ကြည့်နေလဲ တားပါလား၊ ကွဲကုန် တော့မှ"

"ဘာကွဲတာလဲ"

"လူတွေ ကွဲတာလေ၊ အရေးထဲ စကား အကျအခန လိုက်ကောက်နေသေးတယ်"

ဝင်းခက်က ဆုနွယ်ကို မျက်စောင်းထိုးသည်။

ဆုနွယ်ကလည်း ပြန်ထိုး၍ အိတ်နှလုံးထပ်ဆင့်ကာ ဆောင့်ခနဲ ထိုင်ချလိုက်၏။

"ဟဲ့... ဟဲ့... ဩော်... ကွဲကုန်တော့မှပဲ"

ဝင်းခက်က ဆွဲထူတော့မတတ် ထ,အော်သဖြင့် ဆုနွယ် မြောက်ခနဲ ပြန်ထလိုက်မိ၏။

"ဘာလဲ... ဘာကွဲမှာလဲ"

"အထဲမှာ ကင်မရာနဲ့ မှန်ဘီလူးတွေ ရှိတယ်၊ နင် ဟာလေ ရှေ့မကြည့် နောက်မကြည့်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ကို ဘေးက ခရီးသွားတွေက ကြည့်၍ ပြုံးစိစိ ဖြစ်ကုန်ကြသည်။

ဆုနွယ် မျက်နှာလေး ရဲတက်သွား၏။

ကွဲပြီ ဆိုသည့်စကားနှင့် သူမ မြောက်ကြွသွားတာကို ရယ်ကုန်ကြမှန်း သိကာ ဒေါသ,က ဝင်းခက်ဆီ ပြုံခဲ့သွား၏။

"ကောင်စုတ်..."

ခပ်ကြိတ်ကြိတ် ဆဲ၏။

ဝင်းခက် ကြားလိုက်၏။

မကြားချင်ယောင် ဆောင်၍ တစ်ဖက်လှည့်ပစ်ရင်း ရယ်ချင်စိတ်ကြောင့် နှုတ်ခမ်းကို ဖိကိုက်ထားလိုက်ရ၏။

ပြောလိုက်တာက တကယ်စိုးရိမ်လို့...

ဖြစ်သွားတာတော့ မတတ်နိုင်ပါ။

တောင်းပန်လိုက်လျှင် ဆုနွယ် ဒီ့ထက် အရှိန်ပိုပြင်းသွားနိုင်သည်။ နေပစေ...။





## အခန်း (၂)

လက်ဖက်ရည်ဆိုင်ရှေ့မှာ ခဏရပ်၍ စဉ်းစားလိုက်သည်။ သေချာရဲ့လား... စဉ်းစားစမ်း။

ဘောင်းဘီ ခါးပတ်မှာ လက်မ တစ်ချောင်းတည်းနှင့် ချိတ်ထောက်ကာ အဲဝင်ဝ, နံရံရှေ့မှာ ပခုံးစောင်းနှင့် ခပ်နွဲ့နွဲ့ မှီရပ်ရင်း...

ရှည်မြင့်သွားခြင်း မရှိဘဲ ထူခဲ မည်းနက်နေသည့် မျက်ခုံးတန်းလေးနှစ်ဖက် နှာတံထိပ်ဖျားမှာ ဦးတိုက် စုကျုံ့သာသည်အထိ စဉ်းစား၏။

ပိုက်ဆံအိတ်... ဒီဆိုင် ဟိုစားပွဲပေါ်မှာ ကျန်နေခဲ့သည် အဖြစ်ဆီ ဘယ်လိုပဲရောက်အောင် ဆွဲယူယူ မသေချာသည့် အဖြေကိုပဲရ၏။ ဆိုင်ထဲမှာ လူတော့ သိပ်မရှုပ်။



www.burmeseclassic.com

www.burmeseclassic.com



သူမတို့အုပ်စု ထိုင်ခဲ့တုန်းက တော်တော်ရှင်းနေသေးသည်။ နာရီကိုတစ်ချက်ငုံ့ကြည့်ပြီး ကာ ဆိုင်ထဲကို ဖျတ်ခနဲ လှည့်ဝင်လိုက်၏။

သူမ မျက်နှာမှာ စောစောက မသေချာ မရေရာမှုများနှင့် ရှုံ့တွ စဉ်းစားနေခဲ့သော ကောက်ကြောင်းများ ဘာမှမရှိတော့။

ခပ်တိုတို ပျော့နွဲ့နေသည့် ဆံပင်တွေ လွှပ်ခါနေအောင် မျက်နှာလေးကို ကော့ပစ်လိုက်သည်။

အပေါ်က ထပ်ဝတ်ထားသည့် ဂျင်းဂျာကင် လက်ပြတ်ခါးတိုလေးကို အိတ်နှစ်ဖက်ထဲ လက်တွေထည့်၍ ခြေလှမ်းကျဲကျဲနှင့် အလျဉ်စလို ပုံစံဖမ်းပြီး ဝင်သွားသည်။

ကောင်တာမှာ မတ်တတ်ရပ်၍ ပိုက်ဆံအပ်နေသည့် စားပွဲထိုးမျက်နှာ ဒီဘက်ကို လှည့်လာသည်က အမှတ်တမဲ့ ကြည့်လိုက်တာမျိုး။

လွှာ့ကို မြင်သွားသည်နှင့် မျက်လုံးသည် ပြူးခနဲဖြစ်သွား၏။ ပြီးတော့ ချက်ချင်း ပြန်လည် ကျဉ်းမြောင်းသွားကာ မျက်ခုံးနှစ်ဖက် ကုတ်ကျသွားလေသည်။

"ဘာပြဿနာရှိဦးမလို့လဲ" ဆိုသော ကြည့်ခြင်းများဖြင့် လွှာ ဝင်လာသည့်ဆီကိုပဲ တန်းတန်းမတ်မတ် လျှောက်လာ၏။ လွှာကလည်း တည့်တည့်လျှောက်ကာ ရင်ဘတ်ချင်း ထိကပ်မတတ် နီးလာတော့မှ နှစ်ယောက်စလုံး ရပ်သည်။





အာဂဟာလေး...

လက်ဖက်ရည် သောက်တာ အေးအေးဆေးဆေး သူများလို မျိုမချ။ အချို ပေါ့တော့ ပေါ့လို့...

ပြင်ပေးတော့ ချိုလွန်းသွားသတဲ့။

"အဲဒီလိုပဲ... ဘာပဲဖြစ်ဖြစ် နှစ်ခေါက်ပြရရင် မကောင်းတော့ဘူး၊ ကော်ဖီခါးပဲ ပေးတော့"

ဆိုင်ထဲမှာ သူမအသံချည်းပဲဖြစ်ကာ ကော်ဖီခါးကျတော့ အရသာ မရှိဘူးတဲ့။

"နယ်စပ်မြို့ဖြစ်ပြီး လက်ရာက ညံ့လိုက်တာ၊ လူပေါင်းစုံလာနေတဲ့ နေရာမျိုးမှာ ကဲ့ရဲ့ခံရဦးမယ်"

ပါးစပ်က ပွစိပွစိ ပြောတာမျိုးမဟုတ်ဘဲ ကျယ်ကျယ်လောင်လောင်။ ဒါနဲ့ပြီးပြီလားဆိုတော့လည်း မဟုတ်သေး။

"ရေနွေးအိုးကလည်း ရေခဲရေနဲ့ ဘယ်နှစ်ဝမ်းကွဲတော်သလဲ မသိဘူး၊ အံ့ရော"

ဆိုတာက တစ်မျိုး...။

သူကလည်း တကယ့်စားပွဲထိုး မဟုတ်။

ဒါ... ကိုယ့်ဆိုင်... မောင်နှမ နှစ်ယောက် ဦးစီးတာမို့ မောင်က ဆိုင်ထိုင်၊ သူကိုယ်တိုင် ဦးစီးပြီး စားပွဲထိုးလုပ်။

ထို့ကြောင့် သည်းခံဖို့ စိတ်ကူးတွေ ရှိပေမယ့် သည်းခံလို့ ပေါက်ကွဲဖို့လည်း လွတ်လပ်စွာ အခွင့်အရေးရှိသည်။

ကိုယ့်ဆိုင် ကိုယ့်ပစ္စည်း...



www.burmeseclassic.com

www.burmeseclassic.com



ရေနွေးအိုးကို ကဲ့ရဲ့တော့ သူ သည်းမခံနိုင်တော့ဘဲ–

"ဟုတ်တယ်... ရေနွေး ဒီမှာမရှိဘူး၊ ပူချင်ရင် ကိုယ့်လျှာပေါ်ကို မီးခဲတင်ပြီး ရေ မျှချမှဖြစ်မယ်"

ဟု ပြောချပစ်လိုက်၏။

"အံမာ... စားပွဲထိုးက လူပါး၀,လို့"

သူမက စားပွဲကို ဖျန်းခနဲပုတ်၍ ဝုန်းခနဲ ထ,ရပ်သည်။ ဒါပေမယ့် ဘာမှ မဖြစ်ခဲ့ပါ။

မမ,ကလည်း သူ့ကို လှမ်းခေါ်သည်။

သူမ ဘေးနားမှ မိန်းကလေးတွေကလည်း သူမကို ဝိုင်းဆွဲကြ၏။ ပြဿနာက ဒါပဲဖြစ်သည်။

နောက်ထပ် ရောက်လာတာကတော့ ဘာမှန်းမသိ။

ဆိုင်ထဲမှာ လူလည်း ရှင်းနေပြီ။

ဒီတစ်ခါ ပြဿနာရှာကြည့်...

စားပွဲထိုး၏ မျက်လုံးတွေကို ကြည့်၍ လှာကလည်း နားလည်သည်။ ဟွန်း... ကြောက်စရာလား။

ကြောက်တတ်ရင် မြဝတီထိကို လာစရာအကြောင်းမရှိ။

"ဒီမှာ"

"ဘာလဲ"

"ဟိုစားပွဲပေါ်မှာ ငါ့ပိုက်ဆံအိတ် ကျန်ခဲ့တယ်"

စားပွဲထိုးနဲ့ သူက ဘယ်သူ အသက်ကြီးသလဲမသိ။ ဂရုမစိုက်တာကို တမင်ပြလိုက်တာ ဖြစ်သည်။





စားပွဲထိုးက သူမတို့ထိုင်ခဲ့သော စားပွဲဆီ လှမ်းကြည့်သော်လည်း အကြည့်မရောက်ဘဲ သူမဘက် ပြန်လှည့်၍–

"ဘာမှ မကျန်ခဲ့ဘူး။ အဲဒီစားပွဲကို ဘယ်သူမှလည်း မလာသေးဘူး"

"ကျန်ခဲ့တယ်၊ ဒီမှာ ပိုက်ဆံရှင်းခဲ့ပြီး ဘယ်မှာမှ မဝင်ရသေးတာ"

"မကျန်ခဲ့ဘူးလို့ မင်းကို ပြောနေတာပဲ"

"ကျန်ခဲ့ပါတယ်လို့ ပြောနေတာ၊ နင့်ကို ငါ နောက်နေတာ မဟုတ်ဘူးနော်၊ ယူသိမ်းထားမိလား၊ ပြန်ပေး"

"အံမာ... စော်ကားလား..."

"နေဦး... နေကြဦး"

ငွေသိမ်းကောင်တာကနေ အမျိုးသမီး တစ်ယောက် ဆင်းလာသည်။ လက်ဖဝါးနှစ်ယောက်နှင့် နှစ်ယောက် ရင်ဘတ်တို့ကို အနည်းငယ်တွန်း၍ အလယ်မှာ ဝင်ရပ်လိုက်သည်။

"ညီမက ဒီမှာကျန်ခဲ့တယ်လို့ ဘာဖြစ်လို့ သေချာ ပြောတာလဲ"

"သိနေလို့ပေါ့... ဒီကလွဲပြီး ဘယ်မှမဝင်သေးဘူး"

"ဒီလိုပြောလို့တော့ မရဘူး ညီမရဲ့၊ ဒီမှာလည်း ကျန်ခဲ့တာ မကျန်ခဲ့တာ မမတို့ဘက်က သေချာမသိဘူး၊ အဲဒီစားပွဲမှာ တခြားလူ မလာသေးဘူး၊ အဲဒါ သေချာတယ်၊ မတို့လည်း မတွေ့ဘူး၊ ဘာပဲဖြစ်ဖြစ် စားသောက်ဆိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ညီမ ကျန်ခဲ့တာ မှန်နေရင်တော့ ကျန်ခဲ့ ပျောက်ခဲ့တာကို မမတို့ မတတ်နိုင်ဘူးလို့ ပြောရမှာပဲ၊ မြင်ရင်တော့ သိမ်းထား ပေးမှာပါ"

သူမက ပြေရာပြေကြောင်း ဝင်ပြောတာ မှန်ပေမယ့် စကားလုံးကတော့ မာနေသည်။ ဘေးက ပုဂ္ဂိုလ်ကလည်း မကျေမနပ်နှင့်။ လွှာ ကိုယ်တိုင် မသေချာခဲ့ပါ။

မဖြစ်နိုင်ဆုံးက မကျန်ခဲ့ဘူး ဆိုတာပဲဖြစ်သည်။

တကယ်လို့ ကျန်ခဲ့ရင် ဆိုသည့်အတွေးလေးနှင့် ရလို ရငြား လာခဲ့တာ။ သူတို့တွေ့ရင် သိမ်းထားတာမှန်လျှင် ပြန်ရမှာပဲဆိုတာလည်း သိသည်။

ထို့ကြောင့် သူမ၏လေသံကို သိပ်မကျေနပ်ပေမယ့် ကိုယ့်ဘက်က လျှော့သင့်တာမို့ ပင့်သက်ရှိုက်တာ မဆုံးသေး။

"တော်ရာတယ်... ကိုယ့်ဟာကိုယ် အသုံးမကျတဲ့ ကိစ္စ ရှိသမျှလူကိုပဲ တရားစွဲတော့မလိုလို"

စိတ်က ထောင်းခနဲ ဖြစ်သွားသည်။

"ဟုတ်တယ်... စွဲချင်တာ၊ နည်းနည်းလေး ဒီဘက် မှာ ဟာကွက်ဖြစ်သွားလို့၊ နိုင်လို့ကတော့ တစ်စတစ်ဆုံးကို လုပ်မှာ"

"ဟွန်း"

"ဟွန်း"

ရုပ်ကိုက... ရှေ့က အမျိုးသမီးကို အားနာလို့...





ယောက်ျားတန်မယ့် မေးငေါ့ မျက်စောင်းထိုးတတ်နေ သေးသည်။ လွှာ ခြေလှမ်းကို ပိုကျဲပစ်သည်။

လက်ဖက်ရည်ဆိုင် လှေကားထစ်တွေကနေ လွှားခနဲ ခုန်ဆင်းလိုက်ပြီး ခြေ ခုနစ်လှမ်း ရှစ်လှမ်းလောက်ထိ ပြေးသည့် အရှိန်က မရပ်။

"ဟာ..."

"အဲ... ဆောရီး"

တစ်စုံတစ်ယောက်နှင့် ပခုံးနှင့် တိုက်ပစ်လိုက်တာ အိတ်နှစ်ခု ချိတ်မိသွားသလို နှစ်ယောက်လုံး ပစ်ခတ်လန်ထွက် သွား၏။ လွှာ့လက်ထဲမှာ ဘာမှမပါ၍ ဘာမှမကျ။

ထိုသူ့ထံမှ အိတ်မည်းလေးတစ်လုံး ပြုတ်ကျသွားသည်။

ကိုယ့်ခြေဦးထိပ်နားမှာမို့ ငုံ့၍ကောက်လိုက်စဉ် တစ်ပိုင်း တစ်စ ထွက်ကျနေသည့် ဟမ်းဖုန်းတစ်လုံး၏ အစ,ကိုပါ မြင်လိုက်ရ၏။ နှစ်ခုလုံးကို ရောကောက်ပြီး ထိုသူကို ပြန်ကမ်းပေးလိုက်သည်။

"ဆောရီးနော်"

"မလိုပါဘူး"

ကြည့်စမ်း...

လွှာ ဒေါသ ဖြစ်ခွင့်မရလိုက်။

ထိုသူက သူ့အိတ်ကို ဆောင့်ဆွဲ၍ ခြေလှမ်းကျဲများ နှင့် ထွက်ခွာသွားပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းစွပ်ပါသော လည်သာဂျာကင်နှင့် အစိမ်းရင့်ရောင် ဘောင်းဘီရှည်ပွပွကြီး ဝတ်ထားသည့် နောက်ကျောပြင်ကို မကျေမနပ်ကြည့်၍ တက်ခေါက်မိ၏။

ဒီနေ့ ပြဿဒါး ထင်သည်။ ကိုယ်ပဲ လိုက်ခံနေရသည်။

လွှာရင်ထဲမှာ တင်းနေပြီဖြစ်၏။

နောက်ထပ် တည်းခိုခန်းသို့ ခြေဦးလှည့်ရင်း နာရီကို ကြည့်မိပြန်သည်။ ကားထွက်ဖို့အချိန်က ကပ်နေပြီ။

ခုလောက်ဆို စုစုတို့ ဇွေ့ဇွေ့ခုန် ပူပင်နေကြပြီမှန်းလည်း တွေးမိ၏။ ဒါပေမယ့် ပိုက်ဆံအိတ် နောက်ကိုလည်း မလိုက်လို့ မဖြစ်။ သူမ အပတ်တကုတ် ရှာဖွေ စုဆောင်းခဲ့ရသော သတင်းအချက်တွေ ပါသွားသည်။

ပြီးတော့ ဓာတ်ပုံတစ်ပုံ...။ ဒီဓာတ်ပုံကလည်း ပြန်မရလို့ မဖြစ်သည့် အရေးကြီးပစ္စည်း တစ်ခုပဲဖြစ်၏။

ငွေချည်းပဲ နှစ်သိန်းကျော် ပါသေးသည်။

လက်ခုံပေါ်ထိ အိတ်ကွဲကျနေသဖြင့် ရှုပ်လို့ ဖွတ်ထည့်ထားသည့် စိန်ကိုးပွင့်ပါသော ဟမ်းချိန်း တစ်ခု။

ဒီအိတ်ကို အဆုံးစွန်ထိ လိုက်မှဖြစ်မည်။

ခြေလှမ်းလည်း ပိုသွက်လာသည်။

နောက်မှာက ထွက်တော့မည့်ကား။

ရှေ့မှာက အရေးကြီးသည့် ပစ္စည်း။ လွှာ တည်းခိုခန်းထဲ ရှုပ်ဝင်လိုက်မိသည်။

နာမည်ကြီး တည်းခိုခန်းမို့ လူတွေက ရှုပ်နေသည်။





"ဒီမှာရှင့်..."

"ဟင်... ဩော်... ဟင်"

ထိပ်ပြောင်ပြောင် လူကပုပု ပါးစပ်က ပြဿယောင် ပါးလျပ်သော နှုတ်ခမ်းတို့ကို မျဉ်းဖြောင့်လေး တစ်ကြောင်းက ထက်သာမြင်နေရသည့် မန်နေဂျာ တိုက်ပုံအမည်းနှင့် ပုဆိုးကွက်နှင့် လက်နှစ်ဖက် နောက်ပစ်ထားရင်း သူမရှိရာ လျှောက်လာ၏။

"ဆို... ဘာကိစ္စ"

"ကျွန်မတို့အခန်းကို လူဝင်သွားပြီလား"

"ဝင်သွားပြီ... ဘာဖြစ်လို့လဲ"

"ကျွန်မ ပိုက်ဆံအိတ် ကျန်ခဲ့တယ်၊ ရှင်တို့ လူမဝင်ခင် အခန်းကို ရှင်းသေးတယ်မို့လား၊ တွေ့ရင် ပြန်ပေးပါ"

"မင်းက အသေအချာကြီးပါလား"

"သေချာတယ်လေ... ကျန်နေခဲ့တာ သေချာတာပဲ၊ ကားမမီမှာစိုးလို့ပါ၊ ငွေမပေးရင်နေ... အထဲက စာရွက်စာတမ်းနဲ့ ဓာတ်ပုံတစ်ပုံပဲ ပြန်ပေး"

"ဘာ... စွပ်စွပ်စွဲစွဲ... မင်း နှစ်ခါရှိပြီနော်"

အခန်း အပ်တုန်းကလည်း အခန်း ၆ နှင့် ၉ ကို နံပါတ်မှား၍ ပစ္စည်းသွားချခဲ့သည်။

အောက်ထပ်ကိုဆင်းကာ ရေမိုးချိုးပြီး ပြန်တက်ကြသော အခန်းမှားဝင်ပြီး ပစ္စည်းတွေ ပျောက်ကုန်ပြီဟု အော်တာ သူ့ဆီ ပြူးပြူးပြဲပြဲ ရောက်ချလာတာ အုပ်စုလိုက်။



www.burmeseclassic.com

www.burmeseclassic.com



ဒီထဲမှာ သူမပဲ ခေါင်းဆောင်။

"အိတ်တွေ လေးလုံးတောင်၊ ပိုက်ဆံတွေ ပါသမျှ အားလုံး အဲဒီထဲမှာချည်းပဲ၊ ချက်ချင်းကြီးနော်... တကယ် ချက်ချင်းကြီး၊ ဒါမျိုး လုံးဝ သည်းညည်းမခံဘူး၊ ခင်ဗျား မန်နေဂျာ... ခင်ဗျားမှာ လုံးဝ တာဝန်ရှိတယ်"

လက်ညှိုးငေါက်ငေါက်ထိုး၍ တိုးတက်စွပ်စွဲနေလိုက်တာ သူ့မှာ တစ်လုမ်းချင်း နောက်ဆုတ်လျက် ရုတ်တရက် ဘာမှမဖြေရှင်းနိုင်။ အဖြစ်မှန် ပေါ်သွားတာတောင် သူမက လေသံမလျှော့။

"အခန်းနံပါတ်ရေးတာ တော်တာကိုး၊ ခြောက်မှန်း မသိ၊ ကိုးမှန်းမသိ"

ဟု အပြစ်တင်ရင်း အဆုံးသတ်၏။

"ကန်းကြတာလည်း ထည့်ပြော" ဟု သူ မကြားတကြား ပြောမိတော့ ပါးလိုက်တာ နားကလုပ်လုပ်လေး။

ဆတ်ခနဲ ပြန်လှည့်ကြည့်၍...

"ရေးတဲ့သူက အရင်ကန်းတာလေ၊ ဟွန်း... ထပ်ထုလိုက်လို့ နောက်ကဆံပင်တွေပါ ပြောင်ကုန်ဦးမယ်"

သူ့မှာ ဆတ်ဆတ်ခါ နာသွားသော်လည်း အလုပ်ရှင်က ပြဿနာမဖြစ်ရဟု တားမြစ်ထားသဖြင့် ထိန်းချုပ်နေခဲ့ရသည်။ ခု ပြန်ရောက်လာတာ ဘာလုပ်ဖို့လဲဟု တွေးပြီး ထိတ်ခနဲ ဖြစ်သွားမိတာ မဆုံးသေးပါ။





"ဒီမှာ... ကျွန်မ ဒီမှာကျန်ခဲ့တာ လုံးဝကို သေချာ တာနော်၊ ဒီတစ်ခါ လုံးဝ လျှော့မပေးဘူး၊ ပိုက်ဆံအိတ် ပျောက် ကြည့်"

လှသွာ ပြောလိုက်တာက စောစောက လက်ဖက်ရည် ဆိုင်မှာ ကိုယ့်ဘက်က မသေချာ၍ အလျှော့ပေးခဲ့ရတာကို ဖြစ်သည်။ မန်နေဂျာကတော့ မသိရှာ။

ဟိုတစ်ခါကလည်း သူမပဲ ပြောဆို ကြိမ်းမောင်းသွားတာကို သတိရကာ ဒေါသထွက်သွား၏။

"မင်းပဲပြော... မင်းပဲနိုင်နေတာ၊ ဘာထပ်ဖြစ်လာတာလဲ၊ ဒီမှာ ဘာမှမကျန်ခဲ့ဘူး၊ မင်းတို့သွားပြီး လူချက်ချင်း ဝင်တာ၊ ငါတို့ ဘာမှ ရှင်းလိုက်ရတာမဟုတ်ဘူး"

"မရဘူး...မရှင်းလိုက်ရရင် နောက်လူတွေကို မငှားမယ်၊ မပေးရင် တိုင်ရမှာပဲ၊ ပြဿနာရှာဖို့ လုံးဝ ဆုံးဖြတ်ပြီးသား"

"ဟာ... ဟော့"

လှသွာက မန်နေဂျာကို တိုးတက်ပြီး ဝင်သွားသည်။

သူမက တိုက်ရဲပေမယ့် မန်နေဂျာခမျာ ဆွဲလည်း မဆွဲရဲ တားလို့လည်း မရတော့ နောက်ကနေ ခြေခါ လက်ကာနှင့် ပါလာရင်း...

"ဟော့... နေဦးလေ၊ မင်း ညည်သည်တွေကို ပြဿနာ သွားမရှာနဲ့"

"ရှာမှာပဲ... ဒါဆို ခင်ဗျား ဘယ်လိုရှင်းပေးမလဲ"



www.burmeseclassic.com

www.burmeseclassic.com



လှွာ ဖျတ်ခနဲ လှည့်မေးတယ်။ မန်နေဂျာက ဆံပင်ရှိသည့်နောက်စေ့ကို ခပ်ဖွဖွကုတ်၍ စဉ်းစား၏။

"မင်း ဒီမှာကျန်ခဲ့တာ သေချာလား"

"သေချာလို့ ပြောနေတာ၊ ခင်ဗျား လိုရင်းကိုပဲ ပြောစမ်းပါ"

"ဒါဆို ညနေကျမှ မင်း တစ်ခေါက်ပြန်လာခဲ့"

"ညနေ... ဟာ... မဖြစ်ဘူး"

"အဲဒါတော့ မင်းစောင့်မှဖြစ်မယ်၊ ငါမှာလည်း ဒီမှာငြင်သာစွာ ဖြေရှင်းမှဖြစ်မှာလေ၊ စီးပွားတော့ အပျက်မခံနိုင်ဘူး"

လှွာ စဉ်းစားသည်။ နာရီကို ပြန်ကြည့်လိုက်တော့ ကားမမီဖို့က သေချာနေပြီ။

"သေချာပေါက် ပြန်ရမှာလား"

"မင်းကျန်ခဲ့တာမှန်ရင် ပြန်ရမှာပါ၊ တစ်ခုတော့ရှိတယ်၊ ငွေကတော့..."

"ရတယ်... ပစ္စည်းတွေပြန်ရဖို့ အဓိက"

မန်နေဂျာက အာမခံတော့မှ တည်းခိုခန်းထဲက ပြန်ထွက်လာခဲ့သည်။ စိတ်ထဲမှာတော့ လေးနေပြီ။

ပစ္စည်းရဖို့ ကျိန်းသေသလောက် ရှိနေပေမယ့် ငွေကတော့ ဆုံးဖို့ သေချာနေပြီ ဖြစ်သည်။

လက်ထဲမှာ သုံးစရာမကျန်တော့ပါ။

စီးပွားရေး သတင်းဆောင်းပါးရယ်၊ ဂျပန်ဖြစ် ဖက်စပ်လုပ်ငန်းရှင် တစ်ယောက်နှင့် တွေ့ဖို့က ဆက်လိုက်ရဦးမည်။





ခရီးက မဆုံးသေး။

ပြီးတော့ သူငယ်ချင်းတွေ... သူတို့လမ်း သူတို့သွားကြမယ့် ကိစ္စမှာ ကိုယ်နဲ့အတူသွားဖို့ ခေါင်းဆောင် ခေါ်လာခဲ့တာက သူပဲဖြစ်သည်။

မဲဆောက်မှာ ကျန်ခဲ့သည့် ဒေါ်လေးဆီ ဖျတ်ခနဲ သတိရ၏။

တိုက်ဆိုင်စွာ မျက်လုံးထဲ ရောက်လာသည်မှာ စောစောက သူမနှင့် တိုက်မိသူ။

သူကလည်း လှွာ့ကိုမြင်တော့ မှတ်မိသွားသလို ဖုန်းပြောနေရင်း မျက်မှောင် တစ်ချက်ကုတ်သွားသည်။

ထို့နောက် တစ်ဖက်သို့ ဖျတ်ခနဲလှည့်သွား၏။

"မိုးပြေး... ဟုတ်ပြီ၊ အင်း... သူပဲ၊ ဗိုးအိတ်မ်းနဲ့ သွားနေတာ၊ အကျီ အနီရောင်၊ ဟုတ်တယ်... ဆက်လိုက်ထား... ငါ..."

"ခဏ"

"ဟာ"

ဘယ်လိုမှကို ဖိဆုပ်ထားဖို့ အချိန်မရလိုက်မီ ဖုန်းကို တစ်ယောက်က ဆိုးဆိုးဆတ်ဆတ် ဆွဲယူသွားခဲ့လေသည်။

"ဟော့... မင်း ဘယ်လိုလဲ"

"ခဏလေးပါ... ဒီမှာ အရေးကြီးလို့"

"မရဘူး... ပြန်ပေးစမ်း"



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ အမြန်ဆက်သွယ်ချက်က တစ်ဖက်...

ပြတ်တောက်သွားလို့ မဖြစ်သောကြောင့် လူမှုရေးတွေ ဘာတွေ ဂရုမစိုက်နိုင်တော့ဘဲ ဖုန်းကို ပြန်ဆွဲလှသည်။

သူမက ကိုယ်ကို တစ်ခြမ်းစောင်းပစ်ကာ ဖုန်းကိုပါ လက်နောက်ပစ်၍ ဝှက်ပစ်လိုက်သည်။

"ဘယ်လိုဖြစ်တာလဲ... စကားပြောတဲ့ ဥစ္စာ၊ အူတို လိုက်တာ"

"ကျွတ်"

လူမြင်ကွင်းကြီးထဲမှာ ဖွတ်ကြီး ပြန်လုလို့လည်းမဖြစ်။ မိန်းမနဲ့ ယောကျ်ား သွားပြီ။

"တောက်"

ရေ့ကဆံပင်တွေကို လက်တစ်ဖက်နှင့် ဆတ်ခနဲပစ်၍ ခါးထောက်သည်။

သူ့ကို ခပ်စောင်းစောင်းကြည့်လိုက်၊ ဖုန်းပြောလိုက်နှင့် အလုပ်နှစ်ခုကို တစ်ပြိုင်တည်း လုပ်နေသော သူမကလည်း ပါးစပ်အားလျှင် ရန်တွေ့ဖို့ ပြင်ဆင်ပြီးကာ–

"ရော... ရော... ဖုန်းခယာလေး ယူပြောတာကို တွန့်တွန့်လူးနေတာပဲ၊ တကယ့်ထူးဆန်းအံ့ဖွယ် ယောကျ်ား"

"ဟော့... မင်းပါးစပ်ကိုပိတ်ပြီး အေးအေး ထွက်သွား လိုက်"

"အံ့မယ်"





ဖုန်းကိုလည်း ပေးပြီးပြီ၊ သွားဖို့လည်း ခြေလှမ်းပြင် ပြီးမှ လွှာ ဆတ်ခနဲပြန်လှည့်၏။

"အမိန့်ပေးတာ ပြင်းထန်လှချေလား၊ ဖုန်းယူပြောမိ တာနဲ့ ရှင်ပြောသမျှကို ဒီက အားနာပါးနာ ငြိမ်ခံသွားမယ် မထင်နဲ့နော်၊ လူကို ထွက်သွားလို့ အမိန့်ပေးရအောင် ရှင်က ဘာမို့လို့လဲ"

"ဘာမှဟုတ်ဟုတ်၊ မဟုတ်ဟုတ် မင်းကြောင့် ဒီဘက် မှာ ဘာတွေဖြစ်ကုန်ပြီလဲ သိလား... မဆင်မခြင် လက်ရဲ ဇက်ရဲနဲ့ မင်းလို ထူးဆန်းအံ့ဖွယ် မိန်းကလေးမျိုးလည်း တွေ့ကို မတွေ့ဖူးဘူး"

ပြောပြီး သူ ချာခနဲ လှည့်ထွက်သွားသည်။

"နေဦး"

လွှာ ခြေနှစ်လှမ်းခန့် ပြေးလိုက်မိသေးသည်။

သို့သော် သူကအရပ်...

ခြေလှမ်းက ကျဲကျဲ မြန်မြန်ကြီးက ထွက်သွားပုံက နောက်မှာ ဗုံးတစ်လုံး ကျကွဲရင်တောင် ပြန်လှည့်မကြည့် တော့ဖို့ ဆုံးဖြတ်ထားသလိုမျိုး။

"တောက်"

လူတွေ ရှုပ်နေသည့်ကြားထဲမှာ နောက်ကနေ လိုက် ဆွဲဖို့ထိ မပြုမူရဲသည်မို့ ရပ်ကျန်ခဲ့ရင်း လွှာ တက်ခေါက်မိ၏။

ဒီနေ့ ဘာတွေဖြစ်နေတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းကတည်းက အုပ်စုလိုက် မြန်မြန်စား မြန်မြန် ထွက်၊ ကားဂိတ်ကျတော့ ပျာယာခတ်ကြ။

ပိုက်ဆံအိတ်ပျောက်သည့် အဖြစ်ကြောင့် အားလုံးထဲမှာ သူမသာ ပျာယာခတ်ဆုံး ဖြစ်နေရကာ ခုချိန်ထိ ပြဿနာတွေ တက်နေရတုန်း။

အပွဲပွဲ နွှဲလာခဲ့သမျှ ဒီနေ့ လွှာ ဘာပြောပြော မအောင်မြင်။ လုပ်သမျှ သွားသမျှ ပြဿဒါး။

ဒီယောက်ျားနဲ့ ဖြစ်လိုက်ရသည့် ဒေါသကျမှ ပိုဆိုးခဲ့သည်။ ပြန်ရုပ်သိမ်းလို့ မရ။ ရှေ့ဆက်ဖို့ မရှိ။

ပျောက်ကွယ်သွားသူကို မမြင်ရတော့ဘဲ ဒေါသတွေ ထွေးပိုက်ရင်း သူမ ကျန်နေခဲ့သည်။

နောက်ထပ်တစ်ခါ တစ်ယောက်ယောက်နဲ့ တိုက်မိ၍ ဒူးပြဲ နဖူးကွဲပါစေ. . .။





အခန်း (၃)

ညှိခန်းကျယ်ကြီး တစ်ခုလုံးက နံရံများ `အဝါနုနု ဆေးသာ တင်ထားသည်မှလွဲ၍ ကန့်လန့်ကာ ခန်းဆီး ဆိုဖာ ကော်ဇော အားလုံးက ရဲရဲတောက်နေသည်။

ပန်းချီကားချပ်ကြီးများကအစ အနီရောင်က များနေ၏။

အားလုံးဟာ တစ်ဦးတည်းသော သမီးလေး 'အထက်လွှာ' ဇါဆန္ဒများအတိုင်း ဖန်တီးခဲ့သည်များသာ ဖြစ်လေသည်။

အနီရောင်ရဲရဲမဟုတ်လျှင် အလွန်ဖျော့လွသည့် အရောင်နုနုလေးများကို သမီးလေးက နှစ်သက်သည်။

ခရမ်းရင့်ရင့်၊ ခဲရောင်ရင့်ရင့်၊ နက်ပြာ စတာတွေကိုတော့ ညစ်ပတ်တဲ့အရောင်တွေဟု သတ်မှတ်ခဲ့သူ. . .။



www.burmeseclassic.com

www.burmeseclassic.com



ထို့ထက်ပို၍ အဖြူရောင် တစ်ပြေးတည်း အရာကို ထူးဆန်းစွာ မုန်းသည့် သမီး။

"ဖြူစင်တာတွေ... သစ္စာတရားတွေ လှော မသိဘူး၊ အဖြူက ခွန်အားမဲ့တယ်လို့ပဲ သတ်မှတ်တယ်၊ လုံးဝ မကြိုက်ဘူး" တဲ့။

သမီးလေးနဲ့ ပတ်သက်သမျှကို သတိရမိတိုင်း စိတ်က ဂနာမငြိမ်နိုင်။ ဖိတ်ဖိတ်လက်နေသော ပေါလစ်ရောင်ရဲရဲနှင့် ကျွန်းကုလားထိုင်ကြီးတွေကို ကွေ့ပတ်၍ လမ်းလျှောက်နေမိတာ တစ်ပတ်ပြည့်ပြီ။ ထိုင်ဖို့ ကြိုးစားလို့မရ။

မိသားစုဆုံတိုင်း ထိုင်နေကျ ထိပ်ဆုံးစားပွဲမှာတော့ ဦးသက်လွင် ထိုင်နေ၏။ သူ့ရင်ထဲမှာလည်း သမီးလေး၏ အယူအဆ၊ လွတ်လပ်ပွင့်လင်းသော အပြုံးလေးတွေ၊ ဂရုမစိုက်စွာ ဒေါသဖြစ်တတ်စ ကလေးတွေ။

ပြီးတော့ ဘယ်လောက်ပဲ အလိုလိုက်လိုက် မိဘကို မလေးစား၊ ဇော်ကားတတ်ခြင်း မရှိခဲ့သည့် ချစ်စရာကောင်းသော အကျင့်စရိုက်ကလေးတွေ တစ်ခုပြီး တစ်ခု အမြင်အာရုံထဲမှာ ပေါ်နေသည်။

လက်နှစ်ဖက် စုံချ၍ ခုချိန်ထိ မထိုင်နိုင်သေးဘဲ လမ်းလျှောက်နေသော ဒေါ်ရုပ်လွှာက လက်သီးနှစ်ဖက် ဆုပ်လိုက်၊ ပြန်ဖြန့်လိုက်နှင့် ဦးထက်လွင် နောက်တည့်တည့်မှာ ခြေစုံရပ်၍...

"အဲ့ဒါ ရှင့်ကြောင့်ပဲ ကိုထက်"





ဒါကို ပြောချင်လို့ မထိုင်နိုင်၊ မထ,နိုင် ဖြစ်နေမှန်း သိသော ဦးထက်လွင်က မျက်မှောင်ကုတ်နေလျက် ဘာမှ မတုံ့ပြန်ဘဲ နေလိုက်၏။

ဒေါ်ရုပ်လွှာက ဒါနဲ့တင် အားမရဘဲ သူ့ဘေးနား ရောက်အောင် လျှောက်လာပြီး ရပ်လိုက်၏။

"သမီးလေး ဒီအသက်အရွယ်လေးနဲ့ ဒီအလုပ်မျိုး လုပ်ဖို့ ခွင့်ပြုထားတာကိုက သဘာဝမကျတာ၊ သတင်းထောက် အလုပ်က မိန်းကလေးနဲ့ဘာဆိုင်လဲ၊ ဒါ မြန်မာနိုင်ငံ၊ မြန်မာမိန်းကလေး တစ်ယောက်၊ ဘယ်လိုနေထိုင်သင့်တယ် ဆိုတာ ပြန်တွက်သင့်တယ်၊ အစ,ကတည်းက သမီးလေးက အကြောက်အရွံ့ နည်းရတဲ့အထဲ ဒါတွေ ဝါသနာပါနေတာကို မြှောက်ပင့်ပေးတော့ အခု ထိန်းမရတော့ဘူး"

ဦးထက်လွင် ခါးကြီး မတ်သွား၏။

မျက်စိ သိပ်မှုန်လို့မဟုတ်ဘဲ တပ်ထားသည့် မျက်မှန်ကို တစ်ချက် ပင့်လိုက်ပြီးမှ ဒေါ်ရုပ်လွှာကို စောင်းငဲ့ကြည့်၏။

"အခု သမီးက ဘာဖြစ်သွားလို့လဲ အရုပ်ရယ်၊ ဝါသနာ ရှိစေဆိုတာ ပိတ်ပင် တားဆီးထားလို့ ရတာမှ မဟုတ်တာ၊ ဘက္ကသိုလ် တက်နေကတည်းက ကျောင်းလေးအားတာနဲ့ အိုသူငယ်ချင်းနောက်လိုက်၊ ဟိုမြို့သွား ဒီရွာရောက်၊ ဓာတ်ပုံ ရိုက်နေရရင် ပျော်နေတာ၊ ဒါကို ကိုယ့်လုပ်ငန်းအတွက် ကိုယ်ပြန်အကျိုးရှိအောင် လုပ်သင့်တယ်ထင်လို့ ငါက ခိုင်းခဲ့တာပဲ၊ တို့က ဒီတိုင်းလေး နေခိုင်းလည်း သမီးက နေမှာမို့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နေအောင် ထားရမှာပဲ ကိုထက်ရဲ့၊ သမီးက မိန်းကလေး ဖာတ်ပုံရိုက် ဝါသနာပါနေတာကော ဟိုသွား ဒီသွားနေချင် တာကော ဘာထူးလဲ၊ ကလေးငယ်ငယ်ကတည်းက ရှင်ပဲ အကျင့်လုပ်ခဲ့တာ၊ မိဘရင်ခွင်ထဲမှာ နေရမယ့်အရွယ်လေးကို ဟိုခေါ် ဒီခေါ် အသွားလာရင် ထည့်လွှတ်၊ အဒေါ်လာရင် ထည့်လွှတ်၊ တကယ်က မိဘနဲ့ ခွဲနေတတ်တဲ့အကျင့် အဲဒီ ကတည်းက ရှိနေတာ"

ဦးထက်လွင် ဘာမှ မပြောနိုင်ပါ။

သမီးလေးကို သူ ချစ်ခဲ့သည်။

အသက်ကြီးလာကြမှ ဒီသမီးလေး တစ်ယောက်ကို ရှားရှားပါးပါး ရထားတာမို့ တုန်နေအောင် ချစ်မိ၏။

"မင်းလိုပဲကွ... ငါ့သမီးနဲ့ ငါလည်း မခွဲနိုင်ဘူး"

ခရီးသွားဖို့ ဖြစ်လာတိုင်း သမီးကို ခေါ်သွားမည် ဖြစ်တိုင်း လင်မယား အမြဲစကားများရသည်။

"လိုက်မသွားနဲ့ သမီးလေး"

ဒေါ်ရုပ်လွှာက သမီးကို တစ်ဖက်က ဆွဲ၍ထားသည်။

"ဒက်ဒီနဲ့ လိုက်ခဲ့နော် သမီး"

တစ်ဖက်ကနေ သူက ပြန်ဆွဲပြီး ချော့သည်။

"ဒက်ဒီနဲ့ လိုက်မယ်"

သမီးက ရဲရဲတင်းတင်း ဆုံးဖြတ်သည်။ ဒေါ်ရုပ်လွှာ သူ့ကို မျက်စောင်းထိုး၏။ တစ်ခါ တစ်ခါကျတော့-





"သမီးလေးက ဘာဖြစ်လို့ ရှင့်ကို ပိုခင်နေတာလဲ"

ဟု ငေးငေးငိုင်ငိုင် ပြောလာတာမျိုးတွေ ရှိ၏။

"ပိုခင်တာ မဟုတ်ပါဘူး အရုပ်ရယ်၊ ငါလည်း သူ့ အဖေပဲဟာ၊ ခင်တာပေါ့၊ ဒါပေမယ့် သမီးရဲ့စိတ်က ငါနဲ့ ဝါသနာတူ စရိုက်တူ ဖြစ်နေတာကိုး"

သူ့မှာ နှစ်သိမ့်ခဲ့ရသည်။

ထို့ကြောင့် ခုချိန်မှာ 'ရှင့်ကြောင့်' ဆိုသည့် ပုဒ်မတပ်၍ ရှုပ်ပွဲလိုက်ခြင်းကို သူဘက်က မချေပနိုင်ခဲ့ပေ။

ခုလည်း သူ့အဒေါ်ရှိသည့် မဲဆောက်ကို ရောက်သွား သည်တဲ့။ ဟိုက ဖုန်းဆက်ကတည်းက ဒေါ်ရုပ်လွှာ မကြည် မလင် ဖြစ်သွားခဲ့သည်။

"ဒီလောက် အဝေးကြီးကို ရှင်မို့ လွှတ်တယ်"

"မဟုတ်ဘူး... သွားတုန်းက ကမ်းသာယာလို့ပဲ ပြောသွားတာ၊ တခြားစီ... အဲဒီကို ဘယ်လိုရောက်သွားမှန်း ဒါ လုံးဝကို မသိဘူး"

ဘယ်လိုမှ ဖြေရှင်းမရခဲ့ဘဲ အမြင်စောင်းနေခဲ့သူက ပြောဆိုသွား၏။ မဲဆောက်ကို ရောက်နေသည်ဟု ဖုန်းဆက် တော့ ဆက်ကာ စကားများရသည်။

အခု မဲဆောက်က ပြန်သွားတာ တစ်ပတ်ရှိပြီဆိုတော့ ဒေါ်ရုပ်လွှာ ဘာအလုပ်မှ မလုပ်နိုင်တော့။

"သမီး ဘယ်ရောက်နေလို့လဲ၊ ဘာမှလည်း မဆက် သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



စားမရ... အိပ်မရ... ဖုန်းနားကမခွာ။

သမီးကလည်း အဲဒီလောက်ထိ နေနိုင်ပါသည်။

ဘယ်ရောက်နေသည်၊ ဘယ်တော့ပြန်လာမည်၊ ဖုန်းဆက်ဖော်လေးမှမရ။ ထိုစဉ် တယ်လီဖုန်းသံလေး မြည်လာ၏။

"ဟော..."

ဦးထက်လွင် ထ,ခုန်မိမတတ် ဖြစ်သွား၏။ ဒေါ်ရုပ်လွှာ ဖုန်းနားသို့ မြန်မြန်ဆန်ဆန် ရောက်သွားခဲ့သည်။

ည ကိုးနာရီ...။

ဒီအချိန်ကြီး အလုပ်ကိစ္စ ဖုန်းသိပ်မလာတတ်။

"ဟလို"

"မာမီ"

"ဟင်... သမီး... သမီး ဘယ်မှာလဲ၊ အမလေး... မာမီ ရင်တွေပူလိုက်တာ၊ ဘယ်လိုနေရမှန်းကို မသိဘူး။ ပြောစမ်း ပြောစမ်း... ခု ဘယ်မှာလဲ"

"ပြန်လာနေပြီ မာမီ... သန်ဘက်ခါဆို ရောက်ပြီ၊ ဟဲ ဟဲ... ဘာမှမဖြစ်ပါဘူး မာမီရဲ့၊ ဒီမှာ သမီးသူငယ်ချင်းတွေ အုပ်စုလိုက်ကြီး ရှိနေတဲ့ဟာ"

"ဖြစ်ဖြစ် မဖြစ်ဖြစ် သမီးရယ်... သန်ဘက်ခါ တကယ်ရောက်ပစေနော်၊ မာမီ မျှော်နေမယ်၊ အခု ဘယ်က ဆက်နေတာလဲ"

"ဖားအံမှာ"

"ကြည့်စမ်း"





ဒေါ်ရုပ်လွှာ ဖုန်းပြောရင်း အနားရောက်လာသည့် ဦးထက်လွင်ကို မျက်စောင်း ရှယ်လိုက်သေးသည်။

"သမီးမှာ ပိုက်ဆံ လုံလုံလောက်လောက် ရှိသေးရဲ့လား၊ ဘယ်လောက် ယူသွားလဲ"

"ရှိပါတယ် မာမီရဲ့၊ ဒါပဲနော်... မာမီ စိတ်ပူနေမှာစိုးလို့ ဆက်တာ"

ဖုန်းချပစ်လိုက်တာလည်း ပြတ်ပြတ်တောက်တောက်။

ဒေါ်ရုပ်လွှာမှာ ပြောလို့ အားမရသေး။ မေးစရာတွေသည်း ရှိသေးသည်။ သန်ဘက်ခါ ပြန်ရောက်မည် ဆိုသည့် စကားအတွက်လည်း ထပ်၍ အတည်ပြုစေချင်သေး၏။

ဖုန်းကိုင်ရင်း မချင့်မရဲ ကျန်ခဲ့ရသည်။

သမီးကလေးဟာ ဘယ်သွားသွား နောက်ဆံတင်းတတ်သည့် အကျင့်မရှိဘဲ ဖြစ်နေသည်က ဝမ်းနည်းဖွယ်ပင်။

ဖုန်းချလိုက်ပြီးသည်နှင့် တစ်စုံတစ်ခုသော ဆုံးဖြတ်ချက်က ပြတ်သားခဲ့ပြီး ဖြစ်သွား၏။

"သမီးကို အိမ်ထောင်ချပေးလိုက်မှ ဖြစ်မယ် ကိုထက်"

"ဟင်"

ဘယ်လိုမှ မထင်မှတ်သည့်ကိစ္စမို့ ဦးထက်လွင် အံ့အားသင့်သွား၏။ သမီးလေးကို လင်မယားနှစ်ယောက်လုံး အရိပ်တကြည့်ကြည့် နေခဲ့ကြတာ။

ဘွဲ့ရပြီးတဲ့အရွယ်ကိုတောင် နို့နံ့စင်သေးသည့် ယောင်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ချပေးဖို့ ခွဲထုတ်ဖို့ဆိုတာ အဝေးကြီးပင် ဖြစ်၏။ ဒေါ်ရုပ်လွှာကလည်း ဦးထက်လွင် ဘာဖြစ်လို့ အံ့သြသွားသလဲ ဆိုတာကို သိသည်။

"ရှင် စဉ်းစားကြည့်လေ... ယောက်ျားပေးစားလိုက်တာကမှ အနီးအနားမှာ ပြေးကြည့်လို့ ရဦးမယ်၊ ခုပုံစံက ဘယ်လောက် ရင်လေးဖို့ကောင်းလဲ"

"စဉ်းစဉ်းစားစားတော့ လုပ်ပါကွာ၊ သမီးက လက်ခံမယ်လို့ ငါ မထင်ဘူး"

"ခံခံ မခံခံ... ဒါမိဘဝတ္တရား... တကယ်ဆို သမီးအရွယ်ရောက်နေပါပြီ၊ သမီးလိမ္မာမှန်ရင် မိဘစီစဉ်တာကို နာခံရမှာပဲ"

"လိမ္မာတယ်ဆိုတာကလည်း မိဘက သူ့သဘောကျ အလိုလိုက်နေတာမျိုးကိုးကွ၊ သဘောမကျတာကို အဓမ္မ နိုင်းရင် တစ်ခုခုတော့ ဆန့်ကျင်မှာပဲ"

"ကိုထက်ရယ်... ရှင့် အသာလေး နေပေးစမ်းပါ၊ ကျွန်မက သမီးနဲ့ကျွန်မ ဘယ်လိုပဲစခန်းသွားသွား ရှင်ဝင်မပါ ရင်ပြီးရော၊ တစ်ခုခုဆို သမီးက ရှင့်အားကိုးနဲ့...ဟွန်း"

"အေးကွာ... ကဲ... ပြီးရော"

ဒေါ်ရုပ်လွှာကို ဖူးဖူးမှုတ် ချစ်ခဲ့သော ဦးထက်လွင်ဟာ ဘယ်နေရာမှာ ဘယ်လောက်ပဲ ဟိတ်ကြီး ဟန်ကြီးနေနေ မိန်းမရှေ့မှာဆို ခေါင်းညိတ်ဖို့သာ ကြိုးစားခဲ့သူ။





ခေါ်တာကိုက ဟိုတုန်းကဆို "အရုပ်လေး"တဲ့။

အရုပ်လေးတစ်ရုပ်လို လှလွန်းသော ဒေါ်ရုပ်လွှာက ခုချိန်ထိ ဇရာရိပ်ကြောင့် ရင့်ရော်သွားခဲ့ခြင်းက သိသိသာသာ မရှိခဲ့သေး။

ဒါပေမယ့် သမီးလေး ရလာတော့လည်း 'အရုပ်လေး' ဟု ခေါ်ရာကနေ 'အရုပ်' ဖြစ်သွားခဲ့ရသည်။

ကြည်ဖြူ လိုက်လျောနေကျ ပုံစံကတော့ အနည်းငယ်မှပင် မလျော့ပါးခဲ့ပါ။ ဒေါ်ရုပ်လွှာကတော့ ကျေနပ်သွားပြီ ဖြစ်၏။

စီးပွားရေးမှာ ယောက်ျားနဲ့ တန်းတူ ရှာဖွေနိုင်သလောက် ဦးနောက်က ပြေးပြီးသား၊ ပြောပြီးဆို ဖြစ်အောင်လုပ်ခဲ့သည်။

လုပ်တဲ့အလုပ်ဟာ စိတ်တိုင်းကျ ဖြစ်သွားခဲ့သည်ချည်း ရှိသည်။ ထို့ကြောင့် ဇနီးဖြစ်သူကို ယုံကြည်တာလည်းပါ၏။

ခုလည်း သမီးအတွက် ဒေါ်ရုပ်လွှာ တိတိကျကျ ဖြစ်အောင်လုပ်တော့မှာကို သူ သိနေသည်။

ဖြစ်မြောက်သွားမှာပါပဲ... သမီး နာခံဖို့သာ လိုတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"ကားကလည်း ကျပ်ညပ်နေတာပဲ"

စုစုက ညည်းသည်။

"ဟုတ်ပ..."

လုလေးက တံခါးကနေ ခေါင်းပြူကြည့်ပြီး ဖြတ်ခနဲ ပြန်ခုန်ဆင်းသည်။

ဝင်းခက်နဲ့ သုန္ဒယ် လူတွေကြားထဲမှာ ဆက်တိုးသွားရတော့မလိုလို ပြန်ဆင်းရတော့မလိုလို...။

"ဘာဖြစ်လဲ... လိုတဲ့ခရီးရောက်ဖို့က အရေးကြီးတယ်"

"လွှာ"

ပြောပြောဆိုဆို အားလုံးကို ဗီဆန့်၍ ခြေတစ်လှမ်း တင်လိုက်သော လွှာ့လက်ကို လုလေးက ဆွဲထား၏။





"နောက်ကားနဲ့မှ လိုက်ရအောင်ဟာ၊ နှစ်နာရီလောက်တောင် အချိန်ထပ်ရသေးတယ်၊ စောစောက ငါတို့ကြည့်ခဲ့တဲ့ ကြာကန်ကြီးထဲမှာ လှေစီးလို့ ရတာပေါ့"

ဒါလည်း မဆိုး...

ဝါသနာတူကြတာက သိပ်ညှိနှိုင်းဖို့မလိုဘဲ ခြေနင်းခုံပေါ်ကနေပဲ လွှာက အထဲကို ခေါင်းပြူကာလ ဝင်းခက်နဲ့ ဆုန္ဒယ်ကို ခေါင်းညိတ် အချက်ပြ၏။

ပြန်ဆင်းခဲ့ဖို့မှန်း ဟိုနှစ်ယောက်ကလည်း သိကာ ဘာအကြောင်း ဆိုတာ ပြန်မပေးဘဲ ဆင်းဖို့အတွက် တံခါးဆီ ပြန်တိုးလာကြသည်။

"ဟဲ့... ဟဲ့... ကုန်ပါပြီ... ဘယ်လိုလဲ"

ဖုက်တွေနဲ့ ဝိုင်းမတ် စည်းထုပ်ထားသည့် သင်ပြည့်နှံ့ ရဲရဲတွေပေါ်မှာ သုန္ဒယ်၏ အိတ်ကြီးက ဖိသိပ် တိုးတိုက်သွားတော့ ပန်းထိပ်ပိုက်ထားသည့် မိန်းမကြီး ကျယ်ကျယ်လောင်လောင် ထ,အော်သည်။

"အယ်... ကန်တော့နော် အန်တီ... ကန်တော့၊ သမီး မမြင်လိုက်လို့ပါ"

"ဟွန်း"

တောင်းပန်လိုက်မှ မျက်စောင်းတစ်ချက်နှင့် တစ်ဖက် လှည့်သွား၏။ တကယ်လည်း ပန်းညွှန့်တွေ ယိမ်းနွဲ့လဲကျကုန်သည့်အဖြစ်အား လှမ်းမြင်ကာ ကုတ်ကုတ်လေး တိုးထွက်လာသော သုန္ဒယ်ကိုပါ မြင်ငုံကြည့်ပြီး လွှာ ရယ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူများအဖြစ်ကို သဘောကျလို့ မဆုံးသေးမီ ကားခြေနင်းခုံကနေ လွတ်နေသေးသည့် နောက်က ခြေထောက်တစ်ဖက်ကို မြေပြင်သို့ နောက်ပြန်အချတွင်–

"အမလေးတော်"

"ဟယ်... လွှာ"

"မှောက်ကုန်ပြီ"

အော်သံ ထိတ်လန့်သံတွေ ကြားထဲမှာ 'ဂွမ်'ခနဲ လင်ပန်းသံကြီးက ဆိုးဝါးလှသည်။

တော်ရုံလောက်နှင့် လန့်ဖျပ် မအော်တတ်သော လွှာကတော့ နောက်ပြန်လှည့်ကြည့်ပြီး ကိုယ်နဲ့ တိုက်ချလိုက်မိမှန်းလည်း သိပေမယ့် အေးဆေးပဲ ရင်ဆိုင်၏။

"ဘယ်လိုဖြစ်တာလဲ... ရှေ့မကြည့်... နောက်မကြည့် ဒီမှာ မှောက်ကုန်ပြီ၊ လျော်ပေး"

ပြန့်ကျဲ ပွဲထွက်ကုန်သော ဖရဲသီးစိပ်များနှင့် မြေပြင်မှာ မှောက်လျက်ဖြစ်နေသည့် လင်ပန်းကို လက်ညှိုးထိုး၍ ဈေးသည် အမျိုးသမီးက ခါးထောက်လိုက်၏။

"စိတ်မရှိပါနဲ့ အစ်မရယ်နော်၊ လျော်ပေးပါ့မယ်"

လုလေးကပဲ လင်ပန်းကို ကမန်းကတန်း ကောက်ပေး၍ တောင်းပန်၏။

အမျိုးသမီးက လင်ပန်းကို မယူပါ။





လုလေးကိုလည်း ဂရုမစိုက်ဘဲ စကား တစ်လုံးမှ မပြောသေးဘဲ ခပ်စူးစူး ကြည့်၍ ရပ်လျက်ရှိသော လွှာ့ကိုသာ ရပ်ဆိုင်ရပ်ရင်း...

"ညည်းက ဘာကြည့်နေတာလဲ၊ ဒီမှာ မှောက်ကုန်ပြီလေ"

"ဘယ်သူက ရှင့်ကို မူရာမာယာတွေ လုပ်ပြနေပါတယ် ပြောလို့လဲ၊ မှောက်ကုန်တာ မြင်သားပဲ၊ အော်ကြီးဟစ်ကျယ် လုပ်စရာလား"

လွှာက ခပ်တည်တည် ပြန်အော်သည်။

ကားဂိတ်ထဲမှာ ရှိသမျှလူတွေ အနားမှာ ဝိုင်းအုံလာ၏။

"အမလေး... သူတို့က မတောင်းပန်ဘဲ ရန်ပြန်တွေ့သေးတယ်"

"ဘာလို့တောင်းပန်ရမှာလဲ၊ ရှင့်ပုံစံက တောင်းပန်ချင်စရာ ရှိလို့လား၊ ပေးတဲ့လူ ပေးချင်အောင် ပြေပြေပြစ်ပြစ် ပြောပေါ့"

"ဘာ... ဘာပြောတယ်၊ ငါက ပစ္စည်းကုန်ရတာလေ"

"ဒီကလည်း လျော်ရမှာလေ"

"အို... တော်ကြပါတော့၊ ဒီမှာ... အစ်မ လုလေး ဆို ဘယ်လောက်လျော်ရမလဲ"

စုစုနဲ့ လုလေးက ရှေ့ထွက်လာသည်။

စုစုက ပိုက်ဆံအိတ်ဖွင့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သုံးထောင်ပေး"

"ဘာ... သုံးထောင်"

လှာက နောက်ကနေ လက်ကိုဆွဲထားသည့် သုနွယ်ကို တံတောင်နဲ့ နောက်ပြန်တွန်းပစ်ပြီး ရှေ့တိုး၏။

"လုံးဝ အဓိပ္ပာယ်မရှိဘူး"

ဟု ပြောကာ ဖရီးသီးစိပ် အပုံလေးတွေကို သေချာခါးကုန်း၍ လက်ညှိုးလေးနှင့် လိုက်ထိုးတွက်ပြီး...

"အားလုံးမှ ကိုးစိပ်ပဲရှိတော့တာ၊ တစ်စိပ်မှ တစ်ရာ၊ ကိုးရာ... စုစု တစ်ထောင်ပေးလိုက်"

"အို...မဖြစ်ဘူး၊ သုံးထောင်ရမှ ဖြစ်မယ်၊ ရထားဂိတ်ကားဂိတ်ဆိုတာ ဈေးသည်က လူကြည့်ရောင်းတာ၊ တစ်စိပ်ကိုပုံမှန် သတ်မှတ်ရောင်းတာမှ မဟုတ်ဘဲ၊ သုံးထောင်ပဲ"

"ဟုတ်ပါပြီ... ကဲပါ... ယူပါ၊ အစ်မလည်း တော်ပါတော့"

စုစုက ပိုက်ဆံကို လက်ထဲ ထိုးထည့်ပေးပြီး လှလေးက မယူသေးဘဲရှိသော လင်ပန်းကြီးကို အမျိုးသမီး၏ တင်စပ်နှင့် ခပ်ဆတ်ဆတ် ထိုးဆောင့်ပြီး ပြန်ပေး၏။

အသားနာတော့မှ အမျိုးသမီးက လှည့်ကြည့်ပြီး ဆောင့် ဆွဲယူသည်။

"ဟွန်း... ဒီလို လုပ်စားနေတယ်ဆိုလည်း အစ,က ဝန်ခံပါလွား"





ခါးတစ်ဖက်ထောက်၍ လှာက ပြောသည်။

မကြားတကြားလေး မဟုတ်ပါ။

လှည့်ထွက်သွားပြီးမှ အမျိုးသမီးက ပြန်လှည့်၏။

"ကဲ... မယ်စိန်... ခင်ဗျားလည်း သွားပါတော့"

သူမကို သိနေပုံရကာ အကြောင်းလည်း သိနေသူတစ်ဦးက ဈေးသည် အမျိုးသမီးရှေ့မှာ ရောက်လာပြီး တွန်းထုတ်ပစ်လိုက်၏။

နောက်မှ သိရတာက ထိုလူကြီးက ဂိတ်မှူး။

လူတွေ ရှဲကုန်ကြကာ ပြုံးစိစိနှင့် ဖြစ်၏။

သုနွယ်တို့ ခုမှ သက်ပြင်းချနိုင်ကြသည်။

ကြာကန်ကို ရောက်လာကြတဲ့အထိ ဒီအကြောင်းပဲ ပြောလို့မဆုံး။

"အမျိုးသမီးကလည်း တစ်ကိုယ်လုံး လောဘချည်းပဲ"

"နင်က ဘာလို့ တောင်းပန်နေလဲ၊ ဒီလိုလူတွေက ရေလဲပုဆိုးမှန်း ပွဲထိုင်မှန်း သိတာမဟုတ်ဘူး"

"ငါကလည်း နင်နဲ့ ဆက်ဖြစ်မှာစိုးလို့ပါ၊ လူတွေက ဝိုင်းအုံနေတာ ရှက်စရာကြီး"

"လူတွေပဲအုံအုံ နတ်တွေပဲအုံအုံ သူများစော်ကားတာကို ငြိမ်ခံနေတာကမှ ရှက်ဖို့ကောင်းတာ"

လှာက ခုချိန်ထိ ဒေါသမပြေ။

"ဟဲ့... ဟိုမှာ လှေအားပြီ၊ သွားမယ်... စီးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဟ... လာ လာ... တော်ကြာ သူများ ဦးသွားလိမ့်မယ်"

ပစ္စည်းအပ်သည့်နေရာမှာ အိတ်တွေ အပ်ပစ်ခဲ့ပြီး ငါးယောက်စလုံး ကန်စပ်ကို စုပြုံဆင်းခဲ့ကြ၏။

"ဘယ်သူလှော်မလဲ"

လှေကို ကုန်းကွ လိုက်ကြည့်၍ လွှာက မေးသည်။

လှေ၏ဝမ်းဗိုက်မှာ K 9 ဟု ဆေးအဖြူနှင့် ရေးထားသည့် စာလုံးကြီးတွေက ထင်းနေသည်။

"လွှာ... နင် လှော်တတ်လား"

"တတ်တတ် မတတ်တတ် မလှော်ဘူး၊ ထိုင်စီးဖို့ပဲ ဝါသနာပါတာ"

"ဒါဆို ကျူကတုံးသူလေး လှော်၊ သူက လျော်ဖူးတယ်"

ကျူကတုံးသူ ဟု မကြာခဏ အခေါ်ခံရတတ်သည့် လုလွန်း တာဝန်ကျသွား၏။

"ငါလည်း လှော်မယ်"

စုစု ကလည်း တာဝန်ယူသည်။

လှေက ခပ်သေးသေးပဲ ဖြစ်သည်။

ငါးယောက် တက်လိုက်ကြတော့ ရေပေါ်မှာ လှေက လက်တစ်ဝါးနီးပါးလောက်ပဲ ပေါ်တော့သည်။

"ဟယ်... အသည်းယားစရာကြီး... ကြည့်စမ်း"

ရေကြောက်တတ်သည့် ဝင်းခက်က လှေနံရံကို ဆုပ်ကိုင်ရင်း မျက်လုံးလေးပြူးနေသည်။





သူမကို ဘယ်သူကမှ ဂရုမစိုက်ဘဲ ပြုံးနေကြသည်။

ကန်က သိပ်မကျယ်ပေမယ့် ကျဉ်းလှသည်လည်း မဟုတ်။

တစ်ကန်လုံး ပန်းနုရောင်လွှင်ပြင်ကြီးလို ပဒုမ္မာကြာတွေက အများအပြားရှိနေ၏။

ဟိုးတစ်ဖက် ကမ်းစပ်လောက်မှာ ချစ်သူစုံတွဲ တစ်တွဲက လှေတစ်စီးနှင့် ငြိမ့်ငြိမ့်လေး လှော်နေသည်။

ဒီကန်မှာ အားလုံးပေါင်းမှ လှေနှစ်စီးတည်းသာ တွေ့သည်။ နောက်မှာ စီးမယ့်လူတချို့ ထပ်ရောက်လာကြ၏။

"ဘာလဲ.., မစီးဘဲ ပြန်ဆင်းပေးမလို့လား"

"မဟုတ်ပါဘူး"

စုစု ကို မျက်စောင်း လှည့်ထိုး၍ လုလေးက လှေကို ကမ်းက ခွာလိုက်၏။

ကန်ပေါင်အစပ်မှာ ယူကလစ်ပင်တန်း တွေ ဝိုင်းပတ်လျက် အဖြူရောင် ခုံတန်းလှလှလေးတွေလည်း ရှိသောပတ်လည်ကို လွှာ လှည့်ပတ်ကြည့်၏။

"ငါ ကြားဖူးတယ် သိလား... ရေရှင်နဲ့ ရေသေ ဆို ရေသေက ပိုပြီးအန္တရာယ်ကြီးတယ်တဲ့"

"ရေသေက ဘာလဲ"

သုန္ဒယ်က ဝင်မေးသည်။

"ဒီကန်ရေလေ"



www.burmeseclassic.com

www.burmeseclassic.com



"အယ်..."

ဝင်းခက် နောက်ထပ်တစ်ခါ မျက်လုံးပြူးရှာသည်။

အားလုံးကလည်း အာရုံစိုက်နေကြသဖြင့် လှုလေးနဲ့ စုစု လှေလှော်နေသည့် ရေသံတစ်သံမှလွဲ၍ တိတ်ကျသွား၏။

လွှာက ကြောက်တတ်သည့် ဝင်းခက်ကိုပဲ ပြုံးစိစိနှင့် လှည့်ကြည့်ကာ–

"တကယ်ပြောတာ... ပြီးတော့ ကြာတွေများရင် ပိုဆိုးတယ်တဲ့"

"ဘာဖြစ်လို့လဲ"

"အဲဒါတော့ မသိဘူး"

"အမလေး"

"အား"

ရုတ်တရက် လှေက တုံ့ခနဲဖြစ်ကာ တစ်ဖက်စောင်း ညွှတ်ကျသွားသဖြင့် လွှာ့စကားတွေမှာ အာရုံရောက်နေကြသူတွေ လန့်ဖျတ်သွားကြ၏။

"စုစု ဘာဖြစ်တာလဲ"

လှုလေးက စုစု ထိုင်နေသည့် ပဲ့ပိုင်းကို လည်ပြန်လှမ်းကြည့်ပြီး မေး၏။ စုစုက လှော်တက်ကို ပြန်ဆွဲနေရင်း–

"ဘာနဲ့ ငြိနေတယ် မသိဘူး"

ဟုဖြေ၍ ဖြည်းဖြည်းကနေ စိတ်မရှည်တော့ဘဲ တအား ဆောင့်ဆွဲပစ်လိုက်၏။





"အား"

"အမလေး"

"ဝုန်း"

ဆောင့်ဆွဲလိုက်တော့ လှေတက်က ပါမလာဘဲ ရေထဲကနေ ဆောင့်ဆွဲလိုက်သလို ဖြစ်သွား၏။

တစ်ဖက်စောင်းနှင်း နစ်ကျသွားသည့် လှေပေါ်မှ ငါးယောက်စလုံး ရေထဲသို့ ထိုးဆင်းကျသွား၏။

"အား... ဗုံး... ကယ်... ကယ်ပါဦး"

"ဝုန်း... ဝုန်း"

လွှာ ရေကူးတတ်သည်။ အားလုံးပဲ ကူးတတ်ကြသည်။

ဝင်းခက် တစ်ယောက်ပဲ ရေလည်းမကူးတတ်၊ ကြောက်လည်း ကြောက်တတ်သူ ဖြစ်သည်။

ထို့ကြောင့် ရေပေါ် ဘွားခနဲ ပြန်ပေါ်သည်နှင့် လွှာ ဝင်းခက်ကို အရင်ရှာသည်။

"လွှာ... အား... ဗုံး... ကယ်..."

ဝင်းခက် လက်တစ်ဖက်ထောင်၍ ဝုန်းခနဲ ပေါ်လာသည်။ ဗွပ်ခနဲ ပြန်မြုပ်သွား၏။

ကယ်ပါဦး ဆိုသည့်စကားကို ဆုံးအောင် မပြောနိုင်ရှာ။

"ဝင်းခက်"

လွှာ ဝင်းခက်ဆီ ကူးသွားသည်။

ကန်မျက်နှာပြင်ပေါ်မှာ ကူးခတ်နေကြသူတွေထဲမှာ ဝင်းခက် မရှိတော့ပေ။ မြုပ်သွားလိုက်တာ ပြန်ပေါ်မလာ။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်တတ်ရှာသူကို ပို၍ သနားမိသည်။

မျက်လုံးလေးပြူးနေရှာသည့် ဝင်းခက် မျက်နှာလေးကို မြင်ယောင်ကာ လှိုင်ခ ရေအောက်ထဲ ငုတ်လိုက်ခဲ့မိသည်။

ကန်ရေက ကြည်ကြည်လင်လင် မဟုတ်။

ကန်အောက်မှာ ဘာမှမမြင်ရသေးဘဲ အသံကို နားစွင့်၍ ဖမ်းဆွဲဖို့ ကြိုးစားရသည်။ ထိုစဉ် လက်က တစ်စုံတစ်ခုကို ထိလိုက်မိ၏။ ဝင်းခက်မှန်း သိလိုက်သည်။

ကိုင်မိလိုက်တာက လက်မောင်း။

လူကိုဆွဲ၍ ကူညီ ကယ်တင်ဖို့ မကြိုးစားရသေးဘဲ ကြောက်အား လန့်အားနှင့် ကျုံးဖက်ပစ်လိုက်သော ဝင်းခက် လက်တွေက သူ့မ လက်နှစ်ဖက်ကို လှုပ်မရတော့အောင် ချုပ်ပစ်လိုက်သလို ဖြစ်သွားကာ...

"ဝူး.... အွတ်"

ဘယ်လိုမှ ရုန်းလို့မရ။ ရေပေါ် ပြန်တက်လို့လည်း မရတော့။ ဝင်းခက်က အသေ ဖက်တွယ်ထား၏။

လှိုင်ခ ရေတွေအောက်မှာ မွန်းကျပ်လာသည်။

ဘယ်လိုမှ မထင်မှတ်ခဲ့ဘဲ ဖျတ်ခနဲ သိလိုက်သည်က 'ငါ သေရတော့မယ်' ဆိုသော အသိတစ်ခု။

မွန်းကျပ်လွန်းသည့် ဝေဒနာဆိုးကို လိုမ့်ခံနေရင်း...





အခန်း (၅)

"လှိုင်"

"........."

"လှိုင်"

"ဟင်"

မျက်လုံးဖွင့်လိုက်တော့ အိပ်ရေးမဝ,ဘဲ ရုတ်တရက် ဒန်စပ်စပ် ဖြစ်နေသည်။

"လှိုင်ရယ်... ကားဂိတ်ထဲမှာ လူတွေ ဒီလောက်ရှုပ်တာ နင်မို့ အိပ်ပျော်တယ်၊ ထ.... ဟိုမှာ ကားဂိတ်ထိုးနေပြီ"

"ဟုတ်လား"

ကိုယ့်ကိုယ်ကို အိပ်မက် မက်နေသည်မှန်း သတိရကာ ပြုံးလိုက်မိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားဂိတ်ထဲမှာ ခရီးသည်တွေ နားဖို့ သွပ်မိုးရိပ်တစ်ခု ထိုးပေးထားပေမယ့် အကာအရံ မရှိပါ။

တစ်ခြမ်းမှာ နေပူနေသည်။ တစ်ခြမ်းမှာပဲ ရိပ်သည်။

သုန္ဒယ်၏ပခုံးတစ်ဖက်မှာ ခေါင်းတင်၍ အိပ်ပျော်သွား ခဲ့သော လွှာ့ ပခုံးတစ်ခြမ်းမှာလည်း နေရောင်တချို့ ကျနေ သည်။ နေ့လယ်ခင်း နေပူအားက သိပ်မပျော့လှပေ။

ဒါတောင် လွှာ အိပ်ပျော်သွားခဲ့၏။ ဘယ်တုန်းကမှ သွားတုန်း လာတုန်းမှာ အိပ်ငိုက်ခဲ့ဖူးသည် မရှိသည်မို့ လွှာ ကိုယ့်ကိုယ်ကိုတောင် အံ့သြသွားမိသည်။

အဝေးပြေးကား တစ်ညလုံး စီးခဲ့တာတောင် ကားပေ လမ်းပေါ်မှာ အိပ်မရလို့ ရောက်တာနဲ့ အိပ်ရာထဲ တုံးခ ပစ်လှဲချတတ်သူ။

သူငယ်ချင်းတွေရှေ့မှာ ဘာမှမဖြစ်သလို တစ်ချက် ရယ်၍ ထ,ရပ်လိုက်မိသည်။ တကယ် အံ့သြပါသည် ကားဂိတ်မှာ လူတွေ မနည်းမနောကြီးကို...

ကား ဂိတ်ထိုးနေပြီဆို၍ လှမ်းကြည့်လိုက်တော့ လူတွေ က တိုးကြိတ် တက်နေကြပြီ"

"ဟင်... ဒီကားကြီးလား"

"ဈေးမများနဲ့ မိလွှာ၊ ရှင့်ပိုက်ဆံအိတ် ပြန်ရတာလည် ကံကောင်းလို့၊ ဒီကား ရတာလည်း ကံကောင်းလို့ပဲ၊ နောက် ကားဆို ပိုကြပ်ချင် ကြပ်မှာ"





"တခြားဂိတ်မှာ သွားစီးမယ်"

လွှာ ချေးထူနေတော့ စုစုတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြ၏။

"လာပါဟာ... သွားကြည့်လိုက်ပါဦး၊ ခုံလက်မှတ်က ကားတစ်စီးလုံးမှာ ဆယ်စောင်လောက်ပဲပါတော့ ကျန်တဲ့ လူတွေက ဒီလိုပဲ တိုးကြိတ်စီးရတာပေါ့"

"ငါတော့ မစီးနိုင်ပါဘူး"

"လာပါ လွှာရယ်... ငါတို့ ဟိုဟာဖြစ် ဒီဟာဖြစ်နဲ့ လမ်းမှာ သိပ်ကြာနေပြီ၊ ကြုံသလို လိုက်မှဖြစ်မှာ"

လှလေးက လွှာ့လက်ကလေးကို ဆွဲ၍ ကားဆီဘက် သွားသည်။ ဝင်းခက်နဲ့ သုန္ဒယ်ကတော့ တိုးတိုးကြိတ်ကြိတ် လူကြားထဲ ရောယောင်ညပ်ပါသွားပြီ ဖြစ်၏။

စုစု ကားပေါ်တက်စောင့်နေတာကို စုစုနောက်ကနေ စိန်နီယာယူ၍ စောင့်နေရင်း ဘေးမှာ ပခုံးချင်းယှဉ်လျက် ရပ်လာသူကို အမှတ်တမဲ့ ငဲ့ကြည့်လိုက်မိ၏။

"ဟင်"

လွှာ ဟင်ခနဲ မြင်သွားသလို သူ့မျက်ခုံးနှစ်ဖက်က ဆတ်ခနဲ တွန့်တက်သွား၏။ ပုံမှန်ရှိနေသည့် မျက်လုံးက လွှာ့ကိုမြင်တာနှင့် မတူမတန်သလို မကျေနပ်သလိုလို...။ ပြီးတော့ မပတ်သက် မဆက်ဆံလိုသော အသွင်ဖြင့် ပခုံးကို သိသာစွာ ကျုံ့ပစ်ပြီး ဘေးကို တစ်လှမ်းတိုးရပ်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်း ကြားလိုက်ရသည်က...

"နောက်ကားနဲ့ပဲ လိုက်မယ်"

ကြည့်စမ်း... ဒါ... ငါ့ကို သက်သက်ဖွဲ့တာ...

လွှာ လက်သီးလေး ဆုပ်လိုက်မိကာ ထိုမျက်နှာကို ဘေးတိုက်ကနေ စူးစူးရဲရဲ စိုက်ကြည့်နေမိသည်။

လှည့်ကြည့်လိုက်... ဘာကြည့်တာလဲလို့ မေးလိုက်စမ်း...

ပါးစပ်ထဲမှာကော လက်ထဲမှာကော ဒေါသတွေ အပြည့်ထည့်ပြီးသား။ သို့သော်... လွှာ ကံဆိုးစွာ သူက တစ်ချက်မှ လှည့်မကြည့်။

မနေ့က တွေ့ခဲ့သည့်အတိုင်း ဂျာကင်နှင့် ဘောင်းဘီပဲဖြစ်ကာ လက်တစ်ဖက်က အလွန်သေးသော သားရေလက်ဆွဲအိတ် အညိုလေးကို မလွယ်ဘဲ ဒီအတိုင်းဆွဲထား၏။

ညိုသော အသားက မည်းညစ်ညစ်မဟုတ်ဘဲ ဝင်းနေသည်။ မျက်ခုံးနှစ်ဖက်က မည်းနက်နေသော်လည်း မထူဘဲ မိန်းကလေး မျက်ခုံးလို သွယ်တန်းနေသည်။

ဒါပေမယ့် မိန်းမဆန်တာ ဘယ်နေရာမှ မရှိ။

စူးရဲသော မျက်လုံးတွေက တင်စီးလွန်းသည်။

မထူမပါး နှုတ်ခမ်းတို့က အသားညိုတာနှင့် မလိုက်ဖက်စွာ နီမြန်းနေသည်။ လူပုံက ချောပုံချောပန်းနဲ့ ဟွန်း... စိတ်ကတော့ လှည်းနင်းထားတဲ့ ခွေးချေးပုံ ကျနေတာပဲ။





တစ်ယောက်တည်း ဒေါသ ထွက်ရင်း စုစု တက်သွားသည့် နောက်ကို လိုက်တက်လိုက်သည်။

ထိုသူ၏နောက်က ပါသွားသူကလည်း လွှာ့ကို လှည့်ကြည့်သွားသေးသည်။ သူ နောက်ကားနဲ့မှ လိုက်မယ်ဆိုတာ သက်သက် ပညာပြသွားတာ...

ထိုနှစ်ယောက်ကို ကားခြေနင်းခုံမှာ ရပ်ရင်း သမင်လည်ပြန် လိုက်ကြည့်မိသေးသည်။

"ကားကလည်း ကျပ်ညပ်နေတာပဲ"

ပြောပြီး စုစုက ကားပေါ်ကနေ ခုန်ဆင်းသွား၏။

"နောက်နေ့မှတက်၊ လိုတဲ့ခရီးကို ရောက်ဖို့ပဲလိုတာ"

"လွှာ"

ကားပေါ် ဆက်တက်တော့မည့် လွှာ့လက်ကို လှမ်းလေးက ဆွဲထား၏။

"နောက်မှလိုက်ရအောင်... နှစ်နာရီလောက် အချိန်ရသေးတယ်၊ ငါတို့ စောစောက ကြည့်ခဲ့တဲ့ ကြာကန်ကြီးထဲမှာ လှေသွားစီးမယ်လေ"

"ဟင်"

လွှာ ခေါင်းထဲမှာ အနီရောင် မီးတစ်ပွင့် လက်ခနဲ ပြာသွား၏။ ဒီကားပေါ်ကို ဒီလိုပဲ တက်ခဲ့သည်။

လှလေး သူမကိုတား၍ ဒီလိုပဲပြောခဲ့သည်။ အိပ်မက်ထဲမှာ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့...ဟဲ့... ကုန်ပါပြီ၊ ဘယ်လိုလဲ"

"အယ်... ကန်တော့နော် အန်တီ ကန်တော့၊ သမီး မမြင်လိုက်လို့ပါ"

"ဟွန်း"

ကားထဲက အသံတွေ ထွက်ပေါ်လာပြန်သည်။

လွှာ ကြည့်လိုက်တော့ သုန္ဒယ်သည် သပြေပန်း ထုပ်ကြီးကို ပွေ့ပိုက်ထိုင်နေသော မိန်းမကြီး တစ်ယောက်အား တောင်းပန်၍ လွယ်ထားသည့် အိတ်ကြီးကို ရင်ခွင်ထဲပြောင်းပိုက်၏။

ကားအောက်ကနေ လှလေးက လက်ယပ်ခေါ်နေသဖြင့် ထွက်ပေါက်ရသွားကာ အတင်းတိုး၍ပြီး ပြန်ဆင်းလာ၏။

သူမနောက်မှာ ဝင်းခက်လည်း လိုက်ဆင်းလာသည်။

လွှာ မျက်ဝန်းတွေ ဝိုင်းကာ အိပ်မက်နှင့် ထပ်တူ ဖြစ်နေသော မြင်ကွင်း ကြားရသည့် စကားတွေအားလုံးကို ဘယ်လိုမှ နားမလည်နိုင်တော့။

ပန်းသည်မိန်းမကြီးဟာ အိပ်မက်ထဲက မိန်းမကြီးပဲ ဖြစ်နေ၏။ အံ့သြ နားမလည်နိုင်စွာ ကားခြေနင်းခုံမှ နောက်ပြန် ဆင်းလိုက်မိစဉ်...

"အမလေးတော်"

"ဟယ်... လွှာ"

"မှောက်ကုန်ပြီ"





လွှာ လှည့်ကြည့်လိုက်တော့ မှောက်ကျနေသည့် လင်ပန်း...။ ပြန့်ကျဲနေသော ဖရဲသီးစိပ်များ...

"လျော်ပေး... လျော်ပေး... အဲဒါ သုံးထောင်ဖိုး လောက် ရှိတာ"

ရေတွက်ကြည့်လိုက်တော့ ဖရဲသီးစိပ်က ကိုးစိပ်တည်း။

အိပ်မက်ထဲမှာလို လွှာ ရန်မတွေ့နိုင်ခဲ့ပေ။

ဖရဲသီးသည် အမျိုးသမီး၏ ချွေးတွေကြောင့် ပါးကွက်ပိုင်း နှစ်ဖက် တစ်ပိုင်းတစ်စပျက်နေသည့် မျက်နှာမည်းမည်းကို မှင်တက်မိစွာ ငေးကြည့်နေမိသည်။

ဟုတ်သည်... ဒီမျက်နှာပဲ ဖြစ်၏။

ဘာတွေ ဖြစ်ကုန်ပြီလဲ။ တကယ်က ဒီမြို့ ဒီနေရာကို ဒီ ပထမဆုံး ရောက်ဖူးခဲ့တာ ဖြစ်၏။

ဒီလူတွေကို မြင်လည်း မမြင်ဘူးခဲ့၊ သိလည်း မသိ။

ဘာတွေ ဖြစ်ပျက်ကုန်မှန်း မသိဘဲ စုစုကိုယ်တိုင် ငွေသုံးထောင်ထုတ်ပေးလိုက်တာ၊ ထိုထက် လှလေး လင်ပန်းကြီး ကောက်ပေးလိုက်တာကိုကော ငေးကြောင် ကြည့်နေရင်းနှင့် နောက်ထပ် ရောက်လာကြသည်က ကြာကန်ကြီးဆီ။

"ဘယ့်နှယ်လဲ မိစွာ... ဒီတစ်ခါတော့ တယ်အေးချမ်း နေပါလား"

"အမလေး... တစ်ခါတလေလေး လွဲချော် မေ့လျော့သွားတာ နေမှာပါ၊ ဒါမှမဟုတ် ဖရဲသီးသည်ရဲ့ ကိုယ်လုံးဝဝကြီးကို လန့်သွားသလားမှ မသိတာ"



www.burmeseclassic.com

www.burmeseclassic.com



စုစုနဲ့ လှလေးက လွှာ့ကို မျက်စ,ပစ်၍ စ,ကြသည်။

သုန္ဒယ်ကတော့ လွယ်လာကြသမျှ အိတ်တွေကို အပ်လိုရသည့် ကွမ်းယာဆိုင်လေးမှာ သွားအပ်နေ၏။

ကြာကန်ကြီးကို လွှာ ငေးကြည့်နေစဉ် လှုန့်စ်ယောက်နှင့် ဆိုက်ကပ်လာသော လှေကလေးကို မြင်လိုက်ရ၏။

"ဟယ်... ဟိုမှာ လှေအားပြီ၊ သွားမယ်ဟာ... သူများဦးသွားဦးမယ်"

လှေ၏ ဝမ်းဘေးမှာ ဖြူဖွေးသော ဆေးရောင်နှင့် မြင်လိုက်ရသော K 9 ဆိုသည့် စာလုံးကြီးတွေကြောင့် လွှာ့ကိုယ်လေး တောင့်သွား၏။

"မစီးနဲ့... မသွားကြနဲ့"

တက်ညီလက်ညီ ခြေဦးလှည့်လိုက်ကြပြီးမှ တအံ့တသြ လှည့်ကြည့်ကြသည်။ လွှာ့မျက်နှာမှာ စိုးရိမ်တကြီး ထိတ်လန့်နေတာ တွေ့တော့ ပို၍ စိတ်ဝင်စားသွားကြ၏။

"ဘာဖြစ်လို့လဲ လွှာ"

"အဲဒီလှေကို စီးရင် နင်တို့ လှေမှောက်မှာ"

"ဟင်"

တစ်ပြေးညီတည်း ငိုင်ကျသွားကြပြီးမှ စုစုက ရယ်သည်။

"လွှာရယ်... ဒီကန်ကျဉ်းကျဉ်းလေးကို သူများတွေ လှော်တောင် မလှော်ဘဲ ရေပေါ်ထိုင်၊ လက်နဲ့ယက်ပြီး စီးနေကြတာ"





"ဟုတ်သားပဲ... လှေကို ငါလှော်မှာပါ၊ ကျုံကတုံးမှာဆို ငါ လှေစီးနေကျ"

လှလေးက ပြောပြောဆိုဆို ရှေ့ကဆင်းသွား၏။

"ဘာတွေပြောနေတာလဲ လွှာရယ်၊ နင် ဘာဖြစ်နေတာလဲ၊ နင့်လောက် မဆင်ခြင်တာ နင်ပဲ၊ သူများပြောတိုင်း မယုံတာလည်း နင်းပဲ၊ သရဲတောင် မကြောက်တတ်ဘဲနဲ့ ဘာတွေထင်ပြီး ဘာတွေ ပြောနေတာလဲ"

"မသိဘူး... ငါ... ငါ စောစောက အိပ်မက်ထဲမှာ လှေမှောက်သွားတယ်၊ တကယ်ပြောတာ သုန္ဒယ်၊ မစီးနဲ့... လှေမှောက်ရင် ဝင်းခက် သေလိမ့်မယ်"

"လွှာရယ်... အိပ်မက်တာကိုပဲ"

သုန္ဒယ်က လှေရှိရာ ရောက်နေကြပြီဖြစ်သည့် အဖော်တွေကို လှမ်းကြည့်ကာ လွှာ့ကိုလည်း ယုတ္တိမရှိတာတွေ ဆိုတဲ့စကား မပြောရက်။

သူမကိုယ်တိုင်လည်း မယုံနိုင်ဘဲ ဖြစ်နေသည်။

ထိုပြင် စိမ်းညို့ ကြည်လင်နေသော ကန်ရေပြင်နှင့် ပန်းရင့်ရောက် လွှမ်းနေသော ကြာတို့ ပဏ္ဏာတင့်နေပုံက လှေစီးဖို့ကိုသာ လက်ယပ်ခေါ်နေဘိ၏။

"လာပါဟာ... အိပ်မက်တာပဲ ဘာဖြစ်လဲ၊ လာပါ... သွားစီးရအောင်"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



လွှာ လက်ကို ပြန်ရုန်းကာ ခေါင်းခါလိုက်သည်။

ဘယ်သူမှ မယုံကြည်လည်း ရေနစ်ကြတုန်းက ဝင်းခက် လက်ထဲကနေ ဘယ်လိုမှ ရုန်းမရတော့ဘဲ ရေမွန်းသည့် ဒဏ်ကို ခံစားခဲ့ရတာ ကိုယ်ကိုယ်တိုင်။

အိပ်မက်တာ မဆုံးသေးပေမယ့် သူမ သေရတော့မည် ကို သိခဲ့သည်။ ခုနေ တကယ်ဖြစ်ခဲ့ရင် ဘယ်လိုလုပ်မလဲ။

သူတို့ ရေထဲဆင်းသွားကြသည်။

လှေပေါ်ရောက်ကုန်ကြမှ မတ်တတ်ရပ်ကျန်ခဲ့သည့် လွှာ့ကို လက်ပြနေကြ၏။ လှလေးက ဦးပိုင်းက လှော်သည်။

စုစုက ပဲ့ပိုင်းမှာ။

ကျကျနန လှော်ထွက်သွားကြသည့် စုစုတို့ကို စူးစိုက် ငေးမောနေမိရင်း လွှာ ရင်တွေခုန်လာသည်။

မကြည့်ချင်တော့သလို ဘေးတစောင်း ရပ်နေလိုက် မိ၏။ တိုအခါ မြင်ကွင်းထဲ ဝင်လာသည်က မျက်ဝန်းတစ်စုံ။

သူမ ကျောနောက်မှာ နီးနီးလေးပဲ ဖြစ်၏။

သူကလည်း လွှာ့ကို ခုမှမြင်လိုက်သလိုမျိုး မျက်မှောင် တွန့် မပြေသေးဘဲ မျက်နှာချင်းဆိုင်ပြီးသား ဖြစ်သွား၏။

သူနဲ့ လွှာသည် ယူကလစ်ပင်စည်ကို အလယ်မှာ ထားကာ ကပ်ရပ်နေမိကြခြင်း ဖြစ်သည်။

တစ်ယောက်ကို တစ်ယောက် မမြင်ခဲ့ဘဲ မြင်လိုက် ကြတော့လည်း ပြိုင်တူ။





"ဟွန်း"

ဘယ်လိုပဲထင်ထင် ထိုမျက်နှာကို မြင်တာနှင့် လွှာက မျက်စောင်းလည်းထိုးကာ မျက်နှာကို ဆတ်ခနဲ လှည့်ပစ် လိုက်သည်။

ပင်စည်ခြေရင်းမှာ ထိုင်နေသော တစ်ယောက်က ကားဂိတ်မှာတုန်းက သူ့နောက်မှာ ပါသွားသူပဲဖြစ်သည်။

ခုလည်း လွှာနဲ့ သူ့ကို တစ်လှည့်စီ မော့ကြည့်ပြီး မျက်နှာကပြုံးစိစိ။ ကျောခိုင်း ပစ်လိုက်သော်လည်း ထိုနှစ်ယောက် ၏ မျက်နှာတွေက ကပ်ပါလာသည်။

"ဘယ်သွားမလို့လဲ"

ထိုင်နေသူ၏ အသံ။

"လှေပေါ်မှာ ပိုအေးချမ်းတယ်"

ပြန်ဖြေသံက မှန်းတီးစရာ ကောင်းလှသည်။

ဘယ့်နှယ် သူကချည်း ကိုယ့်ထက် ခြေတစ်လှမ်း ပို့ပိုနေရတာလဲ။ လွှာ ထိုကျောပြင်ကိုပဲ ရပ်ကြည့် တက် ခေါက်ခွင့် ရနေသည်။

လွှာ့ကို တမင်ရှဲ့ထွက်သွားမှန်း သိသာတယ်။ နောက် ထပ် ကမ်းနားရောက်လာပြီး စီးမယ့်သူမရှိသေးသော လှေပေါ် မှာ သွားထိုင်သည်။ ထိုင်ပြီးမှ တစ်ချက်ပြန်လှည့်ကြည့်၏။

ထိုနေရာကလှ ပြေးဆင်းသွားပြီး ပါးကို ဘယ်ပြန် ညာပြန် ထိုးပစ်လိုက်ချင်စိတ်က မချိမဆန့် ဖြစ်ထွန်းသော၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်...

"အား"

"အမလေး... ကယ်ကြပါဦး"

"လွှာရေ"

အသံတွေနှင့်အတူ မြင်လိုက်ရသည့် မြင်ကွင်းက ဝရုန်းသုန်းကား။

"ဝင်းခက်..."

ဖျတ်ခနဲ ပုပင်လိုက်သည်က ဝင်းခက်ကိုပဲ ဖြစ်၏။

လွှာ ဘာမှ စဉ်းစားမနေနိုင်တော့ဘဲ အနည်းငယ် အလှမ်းဝေးကာ ခပ်စောက်စောက် ကန်ပေါင်ထဲကို ပြေးဆင်းခဲ့မိသည်။ ရေထဲကို ဒိုင်ဗင်ထိုးချလိုက်ဖို့ ဝန်မလေးပေမယ့် ရေစပ်ကျမှ ခြေလှမ်း တုံ့သွားမိသည်။

သူမ ရေးကူးတတ်သည်။ ဒါပေမယ့် အိပ်မက်ထဲမှာလို ထပ်တူဖြစ်နေသော ဖြစ်ရပ်များဟာ သူမလည်း အိပ်မက်ထဲကလိုပဲ ကယ်သူမဲ့ရမည်ကို ဘယ်လိုလုပ်ရမလဲ။

နေ့လယ်ခင်းမို့ ကန်ပေါင်ပတ်လည်မှာ လူသိပ်မရှိ။

ရေလယ် ကြာပန်းတွေကြားထဲမှာ မြုပ်စိ မြုပ်စိ ကူးခတ်နေကြသော ဝင်းခက်တို့ အုပ်စုကို ရုတ်တရက် ကယ်စမ်းသူ မရှိ။

လွှာ လေ့ပေါ်ကလူကို လှမ်းကြည့်လိုက်တော့ သူလည်း မြင်နေသည်။ လှုပ်လှုပ်ရှားရှား ထိုင်မလို ထ,မလို ဖြစ်နေသော်လည်း ရေထဲဆင်းလိုပုံမရ။





"ဒီမှာ... ဒီမှာရှင့်... ဟိုမှာ မိန်းကလေးတွေကို ကယ်ပေးပါ။ သွားဆယ်ပေးပါ"

"ဟာ... ဘယ်လိုဖြစ်နေတာလဲ"

လွှာက လှေနံရံကို တအားဆွဲဖိ၍ လူကို လှုပ်သလို လှုပ်ချသည်။

"ဟေ့... မလုပ်နဲ့လေ"

သူ လွှာ့ကိုလည်း တား၍ အကျီအိတ်တွေထဲ တောင်နှိုက်၊ မြောက်နှိုက် လုပ်နေဆဲ။

"ဆင်းကယ်ပေးပါဆို... ဟိုမှာ သေတော့မယ်"

"ဟာ"

"ဝုန်း"

ဒီလောက်တောင် တာဝန် မသိစွာ နေစိမ့်တဲ့လူ။

စိုးရိမ်စိတ်ရော ဒေါသ,ကော ရောကာ လွှာ သူ့ကို လှေပေါ်ကနေ တအားတွန်းချပစ်လိုက်သည်။

"အား"

သူမလည်း ကံမကောင်းခဲ့ပေ။

သူ့ကိုတွန်းတော့ ဖျတ်ခနဲ ဖမ်းဆုပ်လက်ကို ကိုယ့်လက်ကို ပြန်မနုတ်နိုင်ဘဲ နှစ်ယောက်လုံး လုံးထွေးကာ ရေထဲ ရောက်သွား၏။

"တော်တော် သတ္တိကြောင်တဲ့လူ၊ ဟိုမှာ နစ်တော့မယ်ပြီ၊ သွား... သွားဆယ်ပေး"



www.burmeseclassic.com

www.burmeseclassic.com



"ဖွတ်မတွန်းနဲ့ကွ၊ ဒီမှာ စိုကုန်ပြီ... သွားပြီကွာ"

"ရှင်... မသွားသေးဘူးလား"

"တောက်"

သူ့ကို လက်သီးနှင့် ထိုးချလိုက်တော့ လွှာ့လက်သီးကို ပုတ်ထုတ်ပစ်ကာ သူ ကူးထွက်သွား၏။

ထိုအခါကျမှ ပစ္စည်းလက်ခံသည့် ဆိုင်ထဲက ယောကျ်ားတစ်ယောက်နှင့် သူ့အဖော်ပါ ယူကလစ်ပင်အောက်က ပြေးဆင်းလာသည်။

ပြီးတော့ ကန်ပေါင်မှာ သွားလာနေကြပုံရသည့် ယောကျ်ားနှစ်ယောက်။ အင်္ကျီတွေချွတ်၍ ရေထဲသို့ အသီးသီး ထိုးဆင်း သွားကြ၏။

ရေတွေရှဲလျှက်နှင့် လွှာ ကန်ပေါင်ပေါ် ပြန်ပြေးတက်ကာ ရေနစ်နေသည့် နေရာနှင့် နီးအောင် ပတ်ပြေးခဲ့၏။

ဝင်းခက်... ဝင်းခက် ဘယ်မှာလဲ။

ဝင်းခက်ကိုပဲ ရှာမိသည်။

လူတွေကိုယ်စီ ဆွဲတင်လာကြသည့်အထဲမှာ စုစုတို့ တစ်အုပ်စုလုံး ပါသည်။ ဝင်းခက်ကို မတွေ့။

ထိုစဉ် ရေထဲမှ ဘွားခနဲပေါ်လာသော ဟိုလူ့လက်ထဲမှာ ဝင်းခက်။

ဝင်းခက်သည် စုစုတို့ လုလေးတို့ကို အသာလေး တွဲပါလာသည် မဟုတ်ဘဲ ခွေခေါက် ပုံကျလျက်။





"ဝင်းခက်... ဝင်းခက်... ဘာဖြစ်သွားလဲဟင်"

"ရေနစ်ပါတယ်ဆို... ရေမွန်းနေတာပေါ့"

ပြော၍ သူက ဝင်းခက်ကို မြေကြီးပေါ်မှာ ဒီတိုင်း ချထားလိုက်၏။

"ကံကောင်းလို့ နှစ်ယောက်လုံး မသာမပေါ်တယ်၊ လူ့ကို အသေဖက်ထားတာ"

"ကဲ... ကဲ... ထမ်းပြေးစမ်း"

တာဝန်သိသူ တစ်ယောက်က ဝင်းခက်ကို ဇွေ့ခနဲ ကောက်ပွေ့ကာ ပခုံးပေါ် ထမ်းတင်လိုက်၏။

ကန်ပေါင်မှာ လျှောက်ပြေးတော့ ဝင်းခက် ရေတွေ အန်ချလေသည်။ သူ့ကိုတော့ ဟိုတစ်ယောက်က အဝတ်အစားတစ်စုံ ပြေးလာပေးရင်း ဘယ်ထွက်သွားကြသည်မသိ။

သတိရလိုက်တာ တစ်ခုက လွှာ့ကို ကိုက်ဖွဲ့ ဝါးစားပစ်ချင်အောင် မုန်းတီးနေသည့် မျက်လုံးများနှင့် ကြည့်သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

ရန်ကုန်ပြန်ရောက်ကြသည်နှင့် သူ့အိမ် သူပြန်၊ ကိုယ့်နေရာ ကိုယ်နေ ဖြစ်ကုန်ကြတာမဟုတ်။

အားလုံးပဲ လွှာ့ဆီ စုပြီး ရောက်လာကြပြန်သည်။

"လွှာရယ်... နင့်အိပ်မက်ကလည်း ကြောက်စရာကြီးနော်"

ကားပေါ်မှာ သွားရင်းလာရင်း သေချာ မပြောမဆိုခဲ့ကြရသော အိပ်မက်နဲ့ လက်တွေ့ တိုင်ဆိုင်နေသည့်အဖြစ်ကို ခုခါမှ မေးမြန်းရ၊ အံ့ဩရ။

"တော်သေးတယ်နော်... ဝင်းခက် ဘာမှမဖြစ်လို့၊ နင့်အိပ်မက်ထဲမှာကော ဝင်းခက် သေသွားလား"





"ဘာမှမဖြစ်သေးဘဲ ငါ နိုးသွားတာကိုး၊ ဒါပေမယ့် သူကော ငါကော သေကြတော့မှာ ထင်တာပဲ၊ ခုတောင် ဝင်းခက် ဟိုလူကို တအားချည်းဖက်ထားတာတဲ့၊ အဲဒီနေရာမှာ ငါမက်တာ ငါဆိုရင် သူ့လိုရေပေါ်ပြန်ပေါ်လာမှာမဟုတ်ဘူး"

ဝင်းခက် ရင်ဘတ်လေးဖိ၊ မျက်လုံးလေး ပြူးနေသည်။

"တော်ကြတော့ဟယ်... နင်တို့ကလည်း ဒီအကြောင်းပဲ ပြောနေကြတာပဲ၊ တော်ပြီ... သီချင်းဆိုမယ်"

"နေပါဦးဟ...ပြောတုန်းက အမှတ်တမဲ့ကိုး၊ ခုကျမှ..."

"သမီးတို့ရေ"

အခန်းတံခါးဝ,မှာ မာမီ ရောက်လာတော့မှ တစ်အုပ်စုလုံး အသံတိတ်သွားကြသည်။

"ဘယ်လိုလဲ... သူငယ်ချင်းတွေ တစ်လမ်းလုံး၊ တစ်ခရီးလုံး ပြောဆိုကြတာ အားမရသေးဘူးလား"

"အလကားနော်... အိပ်မက် မက်တာလေးကို မာမီတို့ကို သွားမပြောနဲ့"

ဟု အစကတည်းက ကြိုပြောထားသဖြင့် ထိုကိစ္စကို ဘယ်သူကမှ မပြောကြပါ။

"မာမီ အပြင်သွားမလို့၊ သမီးတို့ စားချင်တာရှိရင် အေးပုံကို လုပ်ခိုင်းနော်၊ အပြင်ထွက် သွားလာမနေကြနဲ့"

"ဟုတ်ကဲ့ပါ"

"ခရီးပန်းလာတာ အိမ်ထဲမှာပဲနေကြ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

ဘယ်သူ့ထံမှ 'ဟုတ်ကဲ့' တွေ 'ဟုတ်'တွေ ထွက်နေမှန်းမသိ။ ခေါင်းတွေ ညိတ်နေကြတာလည်း ခေါင်းတစ်လုံးပဲ ဖြစ်နေ၏။

မာမီက သူ့တို့ကို ပြုံးပြရင်း လှည့်ထွက်သွားသည်။

"တော်ပြီ... တော်ပြီ... ပြီးခဲ့တာတွေကို စိတ်မဝင်စားဘူး။ ငါ့မှာ အလုပ်တွေရှိသေးတယ်"

လှိုင်က နေရာမှထ,သွားကာ စားပွဲမှာ ဝင်ထိုင်သည်။

ညက မနားမနေ ကူးထားခဲ့သည့် ဓာတ်ပုံတွေကို သေချာရွေး၏။

သူငယ်ချင်းတွေက အင်တာဗျူးရလာသည့် အခွေတွေကို ဘေးမှာ စုထပ်ပေးထား၍...

"လှိုင်"

"ဘာလဲ"

လှိုင်က မော့မကြည့်ဘဲ ထူး၏။

"မီစုလေ..."

"ဘာလဲ... ခရီးပန်းရောဂါနဲ့ သေပြီလား"

"အင်း... သူ သေချင်နေရှာတာ"

ကွန်ပျူတာ ခလုတ်တွေကို ဖွင့်လိုက်ပြီးမှ ပြန်ပိတ်၍ လှိုင်က လှလေးကို မော့ကြည့်၏။

"စိတ်ဝင်စားသွားပြီလား"





ရှေ့မှာရပ်နေသည့် ဝင်းခက်က မျက်စောင်းရှယ်ပြီး ပြောသည်။

လှိုင်က ဝင်းခက်ကို မကြည့်ဘဲ ဘေးမှာရပ်နေသော လှလေးကိုပဲ ကြည့်၍...

"ဘာဖြစ်လို့လဲ"

"သူ လက်ထပ်ရတော့မှာလေ"

"ဟိုလူကြီးနဲ့ပဲလား"

"ဟုတ်ပ"

ပြန်ရောက်ကြတယ်ဆို စုစုခမျာ ခြေချုပ် မိသွားရှာသည်။ ပြန်ရောက်ကြတာ သုံးရက် ရှိသွားပြီ။

လှိုင့်ဆီမှာ သူငယ်ချင်းတွေ ဆုံကြဖို့ ဖုန်းဆက်ချိန်းကြကိုင်း စုစု ရောက်မလာ၍ နေ့ရွှေ့ ညရွှေ့နှင့် ဒီနေ့ကျမှ ဘာဖြစ်ကြတာတောင် စုစု ပါမလာ။

မနက်ဖြန်ကို လှလေးလည်း ကျူကတုံးကို ပြန်တော့မည်။

မကြာခင်မှာ ဝင်းခက်ကလည်း ခြံအရောင်းအဝယ်ဖြစ်တာနဲ့ မိသားစုလိုက် ပြောင်းရွှေ့ကြတော့မှာ ဖြစ်သည်။

အနီးဆုံး ကျန်ခဲ့မှာက သုနွယ်နဲ့ လှိုင်ပဲ ဖြစ်တော့သည်။

"အဲဒါ ငါ့ကြောင့် ထင်တယ်"

ကွန်ပျူတာ ရှေ့ကနေ ကိုယ်ကိုလှည့်၍ စားပွဲကို ကျောခိုင်းပစ်လိုက်ရင်း လှိုင် စိတ်မကောင်းသံနှင့် ပြောသည်။

"ဘာဖြစ်လို့ နင့်ကြောင့် ဖြစ်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ခရီးသွားဖြစ်တိုင်း စုစုပဲ ခေါ်သွားဖြစ်တယ်၊ နင်တို့အားလုံး ပါလာကြတာက ဒီတစ်ခေါက်ကျမှ"

"ဘာဆိုင်လို့လဲ"

လွှာက ဆံပင်တွေကို မျက်လုံးလေးပင့်၍ ခါထုတ်လိုက်သည်။

"ဆိုင်တယ်... ငါ သိတာပေါ့၊ စုစုရဲ့ မားသားကြီးက သူ့သမီးကို ငါလာခေါ်သွားတာ သိပ်မကြိုက်ဘူး၊ ငါရဲ့နောက် မပါအောင် ပေးစားဖို့ စီစဉ်တာ"

"မဟုတ်ပါဘူး လွှာရယ်... ဒီလူကြီးကိုက စုစုကို လူကြီးတွေနဲ့ အတင်းပြောခိုင်းပြီး လက်ထပ်ဖို့ ကြိုးစားနေတာ ကြာပြီ၊ စုစု ပြောနေတာပဲဟာ၊ နင်နဲ့မဆိုင်ပါဘူး"

လှလေးကလည်း လိုးလွှဲ ပြောပေးရှာသည်။

တကယ်တော့ လွှာ ပြောသလိုပဲဖြစ်၏။ စုစု အမေက စကားပြော ချိုသလောက် အပြောလည်း ရဲသည်။

စကားတစ်ခွန်းကို နားဝင်မဆိုးအောင် လေယူလေသိမ်းနှင့် ပြောတတ်သော်လည်း အဓိပ္ပာယ်ကတော့ ဒါပဲဖြစ်၏။

"သမီးတို့ သူငယ်ချင်းကို အိမ်ထောင်ချပေးတော့မှာကွယ့်၊ မဟုတ်ရင် သူ့ကို မိဘတောင် နိုင်တာမဟုတ်ဘူး ဟင်း ဟင်း.... မိန်းမမျောက်မူးလဲလေ၊ ဘယ်တုန်းကစပြီး ရောဂါကျွမ်းသွားမှန်း မသိပါဘူး"

သူတို့တွေ သွားကြတော့ ဒီတိုင်းပဲ ပြောလိုက်သည်။





အပေါင်းအသင်းကြောင့် ပျက်စီးသလိုလို ပြောလိုက်သဖြင့် သူတို့မှာ မလုံမလဲဖြစ်ရသေးသည်။

"ဒါက ဘယ်ကိုလဲ"

ခြေလှမ်းပြင်တာနဲ့ မေးသည်။

"လမ်းထိပ်မှာ တုတ်ထိုးသွားစားမလို့"

ဆိုမှ...

"သိပါဘူး... မထက်လွှာဆီများ ကြွဦးမလို့လားလို့"

စကားများကိုက သိသာနေသည်။

စုစုကလည်း လွှာမှ လွှာ။

"နင်တို့ ထင်ကြေးတွေပေးပြီး လွှာ့ကို သွားမပြောနဲ့နော်"

ဟု မှာရှာသည်။ မပြောဘဲလည်း လွှာက သိနေပြီဥစ္စာ။ ဒါပေမယ့်... ဟုတ်တယ်ဆိုတာမျိုး သူတို့ မပြောရက်ကြပါ။

"စေ့စပ်ပွဲတောင် မလုပ်ဘူးတဲ့၊ ရှေ့အပတ်ထဲမှာ လက်မှတ်ထိုးကြမှာတဲ့၊ ညစာခံပွဲကို ခြံထဲမှာပဲ အကြီးအကျယ် လုပ်မှာတဲ့၊ ဟိုတယ်မှာ ဒိတ်မရလို့သာ ဟိုဘဲကြီးက တကယ့် ဂိုက်ဘော့စ်တဲ့၊ ညစာခံပွဲက တခမ်းတနားပြင်မှာပါ"

"ဒါပေမယ့် စုစု ကြေကွဲနေမှာပဲ၊ သနားပါတယ်"

လွှာ တကယ်စိတ်မကောင်း ဖြစ်မိတာပါ။

ခုလို မြန်မြန်ဆန်ဆန်ကြီး ဖြစ်သွားရတာ သူ့ကြောင့်။

နောက်ထပ်တစ်ခါ ထပ်မလိုက်နိုင်အောင် ခုပဲ ခရီးက ပြန်လာတာကို ချက်ချင်းကြီး ကောက်စီရင်ကြလိုက်တာက ရှင်းရှင်းလေး။



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူးဟု ကာကွယ်နေသည့် လှလေးကလည်း သက်ပြင်းချသည်။

"အေးပေါ့ဟာ... လူကြီးက အသက်ကြီးနေတော့ သူ ဘယ်ပျော်မလဲ"

"သူ့မာမီကလည်း လွန်ပါတယ်ဟာ၊ ဂုဏ်မက်တာ သိသာလွန်းတယ်"

ဝင်းခက်ကလည်း မကျေနပ်သံလေး ထွက်လာသည်။

"သူ့မပြောနဲ့... မေမေ ကတောင် ငါ့ကို စကားစ,လာပြီဟ"

စိတ်မကောင်း ဖြစ်နေကြရာမှ ထ,ပြောလိုက်သည့် လှလေးမျက်နှာက ပြုံးစိစိ။

လွှာနဲ့ ဝင်းခက်က သူ့ကို ဝိုင်းကြည့်ကြတော့ ဟဲခနဲ ရယ်၍ လွှာ အိပ်ရာပေါ်မှာ ဆောင့်ခနဲ ပစ်ထိုင်ချလိုက်၏

"ပြောလေ... ဘာစကား စ,တာလဲ၊ ယောက်ျားပေးစားဖို့လား"

ဝင်းခက်က ထောက်ပေးတော့ လှလေး ဆတ်ခနဲ ခေါင်းညိတ်၏။

"အင်း"

"မိန်းမ... ဟွန်း... သိပ်မလိုချင်ဘူး ထင်တယ် ရုပ်ကြီးက"

"ဟီး...ဟီး"

ပြောလိုက်မှ တဟီးဟီး ထ,ရယ်၏။





ဘာပဲဖြစ်ဖြစ် စောစောက စိတ်မကောင်း ဖြစ်ရတာတွေတော့ ပျောက်သွားကြ၏။

လွှာက ထိုနေရာမှ ထ,လိုက်ရင်း ပြုံးသည်။

လှလေးက လွှာကို လိုက်ကြည့်နေပြီး...

"စကားစ,ရုံပဲ စ,ထားလို့ ငါ့မှာ အသည်းတွေ ယားနေတာ၊ အဲဒီဘဲက ချောတယ်ဟ၊ အရပ်လေး သိပ်မရှည်တာရယ်၊ ဒေါသနည်းနည်းကြီးတာရယ်၊ ငါ့ကို သိပ်လိုလိုချင်ချင် ရှိပုံ မရတာကလွဲရင် အားလုံး..."

"ကောင်းတာ ဘာမှမရှိဘူး"

ဝင်းခက်က မဲ့ရွဲ့ ကဲ့ရဲ့၏။

"အံမယ်... ဘာလို့မကောင်းရမှာလဲ၊ တကယ်ချောတာ သိလား၊ သူက မြို့မှာနေတာ၊ ဖေဖေ့မိတ်ဆွေရဲ့သား။ သူ့အဖေရဲ့ ဒိုင်တွေမှာ သူစီအုပ်ချုပ်တာ"

"ချဲဒိုင်လား"

"ကျွတ်..."

လှလေး မျက်လုံးမှိတ် နှုတ်ခမ်းမဲ့၍ ခေါင်းကိုပါ ကျွတ်ခနဲ ခါပစ်၏။ မရှည်သော ဆံနွယ်လေးတွေပါ လွင့်တက်သွားသည်။ ဆံပင်အရှည် တစ်ယောက်မှ မရှိကြသည့် ငါးယောက် အုပ်စုထဲမှာ လှလေးပဲ ဆံပင်ရှည်သည်။

သူမဆံပင်က ပခုံးအောက် ကျော်သေးသည်။

"နင် တော်တော် ထူးသေးတာပဲ"

"ရှင်ပဲ ပါး,ပါတယ် မိန်းမပါးကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ… အဲဒီဘက်မှာ ငါးဒိုင်တွေ၊ ပုစွန်ဒိုင်တွေပဲ ရှိတာ၊ စိတ်ကောင်းလေး နည်းနည်းထားပြီး မရှိမဲ့ရှိမဲ့ ဗဟုသုတလေးနဲ့ တွေးကြည့်ပါလား။ ဟိုကကြားရင် ပုဆိုးနှစ်စ မ,ပြီး ထ,ခုန်သွားနိုင်တယ်"

"ကင်းထိုးလိုက်လို့လား"

"ဒေါသဖြစ်လို့လေ… မိခက်နော် ငါ နည်းနည်းတင်းလာပြီ၊ ဒီမှာ ရင်ခုန်နေတာကို ပြောချင်လို့ဟာကို"

"မပြောနဲ့… ခုန်ချင်စရာ ဧရှိဘူး"

"ဘာလို့ မရှိရမှာလဲ"

"အရပ်က ပုသေး၊ ဒေါသ,ကကြီး ကိုယ့်ကိုလည်း မချစ်ဘဲနဲ့"

"ဒါကတော့ ညားသွားတဲ့အခါ"

"ထ,သတ်ကုန်ကြရော"

"ဝင်းခက်… အစုတ်ပလုတ်"

"ခစ် ခစ် ခစ်"

ဝင်းခက် ဟက်ဟက်ပက်ပက်ရယ်ပြီး ဗီရိုရှေ့မှာ အင်္ကျီလဲဝတ်နေသည့် လွှာနားကို ထ,သွားသည်။

လွှာကလည်း ရယ်၍ လုလေး စုပုပ်နေတာကို လှည့်ကြည့်၏။ ထိုအခါကျမှ လုလေး ပြုံးစိစိ ပြန်ဖြစ်လာသည်။

"ငါ… အခု ကျုံကတုံးကို ပြန်ရတာ အဲဒါများဖြစ်နေမလားဘဲ၊ စိတ်ချပါ… ဟိုမှာ မေမေက ချက်ချင်းကြီး မင်္ဂလာဆောင်ပေးလည်း နင်တို့ကို ဖိတ်မှာ၊ လုံးဝ မမေ့ဘူး"





"အင်း… ရောဂါက မသေးဘူး၊ ငါ မြင်ယောင်သေးတယ်"

"ဘာလဲ"

"ပြန်ရောက်တာနဲ့ မေမေရေ ပေးစားပါတော့လို့ ထိုင်ရှိခိုးမှာလေ"

"ဟဲ ဟဲ… မသိမသာလေးပါ"

သူငယ်ချင်းတွေ ဒီလိုပါပဲ။

မျက်နှာချင်း ဆိုင်မိကြပြီဆို ငြင်းကြ ခုံကြ။

ဒေါသဖြစ်လျှင် မျက်စောင်းထိုး၊ မဲ့ရွဲ့စုပုပ်၊ ပြီးတော့ ချက်ချင်းပဲ ထရယ်ဖြစ်ကြတာမျိုး"

တစ်ယောက်နဲ့ တစ်ယောက် မခေါ်မပြောဘဲလည်း ဘယ်တော့မှ မနေနိုင်ခဲ့ကြပေ။ သုံးယောက်သား အခန်းပြင်ထွက်၍ အေးပုံကို ရှာကြသည်။ မတွေ့တော့ လှမ်းခေါ်လိုက်၏။

"မမလေး… ဘာခိုင်းမလို့လဲဟင်"

"ဘာမှ မခိုင်းဘူး၊ ဒါငါ လမ်းထိပ်မှာ မုန့်ထွက်စားမလို့၊ တကယ်လို့ မာမီပြန်ရောက်လာရင် မုန့်သွားစားတယ် မပြောနဲ့နော်"

"ဟုတ်ကဲ့ပါ"

"အန်တီညိုတို့ ခြံဘက်မှာ စကိတ် သွားစီးနေတယ်လို့ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီးက သွားကြည့်ရင်ကော"

အရေးထဲ အေးပုံက တိကျနေသေးသည်။

ဒါပေမယ့် ဒါလည်း မပြောသင့်တာဘဲမို့။

"မကြည့်ပါဘူး... ဒီနေ့ မာမီ လုံးဝမအားဘူး ငါ သိတယ်၊ ဖုန်းလာရင်လည်း ခြံထဲမှာ ကြက်တောင်ရိုက်နေကြတယ်လို့ ပြော"

"စကားပြောချင်တယ်၊ ခေါ်ပေးစမ်း ဆိုရင်ကော"

ဆံပင်ရှည်နှစ်ဖက်ကို ထိပ်နှစ်ဖက်ခွဲ၍ စည်းထားသည့် ဘေးပုံ မျက်နှာပြည့်ပြည့်ကို စိတ်မရှည်စွာ ကြည့်မိသည်။

"ခြံထဲမှာ ကစားနေတာကို မာမီက ခေါ်မှာလား၊ နင် တော်တော်ရှည်ပါးလား အေးပုံ"

"ဘဘကြီး ပြန်လာရင် ဘယ်လိုလုပ်မလဲ မမလေးရဲ့"

"လင်နောက် လိုက်သွားပြီလို့ ပြောလိုက်တော့..."

"လာ... သွားမယ်"

လွှာက အေးပုံခေါင်းကိုပါ ဒေါက်ခနဲ ခေါက်ပစ်ခဲ့ပြီး လှည့်ထွက်လာခဲ့သည်။

အေးပုံ ခေါင်းလေးပွတ်၍ ရှုံ့မဲ့ ကျန်ခဲ့လေသည်။





အခန်း (၇)

'ဟင်'ခနဲ ဖြစ်သွားကာ မာမီကို မမြင်ဘူးသူလို နောက်ထပ် တစ်ခါပြန်ကြည့်မိသည်။

မာမီက မျက်နှာကို ပိတင်း၍ ကော်ဖီသောက်ပုံက ခါတိုင်းနဲ့ကို မတူပါ။ ဒက်ဒီ့ကို ပြန်ကြည့်တော့လည်း ဒက်ဒီက မျက်လွှာချ၍ ကော်ဖီကို မော့သည်။ ပန်းကန်ကို ပြန်ချပြီး လက်ကမလွှတ်ဘဲ မျက်လုံးကိုပါ ပန်းကန်မှာပဲ နေရာမရွှေ့ဘဲ ထားနေ၏။

အမြဲတမ်း ကိုယ့်ဘက်ကပါနေကျ မင်းကလည်းကွာ ငါတို့မှာ ဒီသမီးလေး တစ်ယောက်ပဲ ရှိတာ ဆိုတဲ့စကားမျိုးနဲ့ လွှာ့ဘက်မှာ နေ့,နေကျ။

ခုတော့ ဒက်ဒီ မျက်နှာလွှဲနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မာမီကတော့ မျက်နှာကို တစ်သမတ်တည်း။ အရောင်ပြောင်းလဲစွာထားလျက် လွှာ့ကို ပြေးပေါက်ပိတ်ပြီး ထားသည့် မျက်လုံးများနှင့် နောက်ထပ်တစ်ခါ ကြည့်ပြီး...

"စေ့စပ်ပေးမနေတော့ဘူး၊ ရှေ့အပတ်ထဲမှာ စေ့စပ်တာကို လက်ခံကြောင်း နှစ်ဖက်မိဘ ဆွေးနွေးမယ်၊ အချိန်မယူဘူးဆိုပေမယ့် စေ့စပ်ပွဲတော့ ဖြစ်သွားမှာပေါ့၊ စေ့စပ်ပြီးတာနဲ့ လက်ထပ်ပေးမှာပဲ"

"ဟာ မီး..."

"ပြောတာကို နားထောင်"

လွှာ့ပါးစပ် ဟတာနဲ့ မာမီက ပိတ်ပြောလိုက်ပြီးဖြစ်၏။

"ကောင်လေးက အခု တာဝန်ကျနေလို့ ရက် မသတ်မှတ်ရသေးဘူး၊ ဒါပေမယ့် လက်ထပ်ခွင့်တော့ တင်ထားပြီးပြီလို့ ပြောတယ်၊ လက်ထပ်ခွင့်ကျတာနဲ့ လက်ထပ်ပေးမှာ၊ တကယ်လို့သာ အခြေအနေအရ ဖြစ်သွားခဲ့ရင် မင်္ဂလာပွဲက တခမ်းတနား ဖြစ်ချင်မှဖြစ်မယ်၊ အဓိက,က သမီးလက်ထပ်ဖြစ်သွားဖို့ပဲ"

"လက်ထပ်ဖြစ်ဖို့ ဟုတ်လား"

လွှာ ကြာရှည်စွာ ကိုင်ထားဖြစ်သည့် လက်ထဲက မုန့်ကို ငုံ့မကြည့်ဘဲ ဝန်းကန်ထဲ ပြန်ထည့်လိုက်သည်။

ကော်ဖီ ပန်းကန်ကိုပါ ရှေ့ကို တွန်းပစ်လိုက်၍...

"ဘာတွေဖြစ်ကုန်တာလဲ မာမီ၊ သမီးကိုလည်း ဘာမှ ကြိုမပြောဘူး။ လက်ထပ်ဖြစ်ဖို့ကြီးက ဘာဖြစ်လို့ ဒီလောက်





အဓိက ဖြစ်သွားတာလဲ၊ ဟိုက ခွင့်ကျတော့မှာကို ကြုံသလို ကျသလို အမီလိုက်ဖို့ သမီးက စောင့်နေရတာမျိုးကြီးပါလား၊ ဘယ်သူနဲ့လဲ၊ အဲဒီလူက ဘာလဲ"

"ခုရဲအုပ် တစ်ယောက်လေ၊ မခိုင်ရဲ့သား၊ သမီးကတော့ သိမှာမဟုတ်ဘူး၊ မာမီနဲ့က သူငယ်ချင်းလို နေခဲ့ကြဖူးတယ်"

လွှာ ဒက်ဒီကို နောက်ထပ်တစ်ခါ ပြန်ကြည့်မိသည်။

လွှာ့ထံ ရောက်နေခဲ့သည့် ဒက်ဒီက မျက်လုံးကို ချက်ချင်း ပြန်လွှဲပစ်၏။ သေချာပါသည်... ဒီကိစ္စမှာ မာမီ အမိန့်ချတဲ့အတိုင်း အတည်ဖြစ်သွားပြီ။

"ပြောပါဦး မာမီ... ဆက်ပြောပါ၊ သမီးကို ချက်ချင်းကြီး လက်ထပ်ပေးဖို့ ဖြစ်သွားတာ ဘာ့ကြောင့်လဲ"

"ရွေးချယ်ခွင့် မပေးချင်တဲ့သဘောဘဲ သမီး၊ သူ့ကို ကြိုက်လားလို့ မာမီ မမေးချင်တော့ဘူး၊ သင့်တော်လို့ စီမံပေးတာကို သမီး နာခံရမယ်၊ သမီး ဘွဲ့လည်းရပြီးပြီ၊ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်နဲ့ ထင်ရာသွား၊ ပျော်တဲ့အလုပ်ကို လုပ်နေခဲ့တာလည်း မာမီ ခွင့်ပြုခဲ့ပြီးပြီ၊ တော်ပြီပေါ့"

"သမီး ထင်ရာသွားနေတာ မဟုတ်ဘူး မာမီ၊ ဒက်ဒီ့ကို ကူနေတာ၊ သမီး လှုပ်ရှားသွားလာနေလို့ ဒက်ဒီ့မှာ ဘယ်လောက်ထိ အကျိုးဖြစ်ထွန်းခဲ့သလဲ၊ ဒက်ဒီ့ကို ပြန်မေးကြည့်ပါဦး"

လွှာ ဒက်ဒီ့ကို ကြည့်ပေမယ့် ဒက်ဒီက မလှုပ်။

မာမီကလည်း လွှာ့မျက်နှာမှလွှဲ၍ ဘယ်ကိုမှ မကြည့်ပါ။



www.burmeseclassic.com

"ဘယ်မှာမှ မေးကြည့်ဖို့ မလိုဘူး။ မာမီတို့နဲ့ ပတ်သက်ပြီး စီးပွားရေးထဲကိုလည်း သမီး ပါဖို့မလိုသေးဘူး၊ သမီးကို ဘွဲ့တစ်ခုရအောင် သင်ပေးထားတာ ခုလို ကိုယ့်ကိုယ်ကို ထင်ရာလုပ်နိုင်ပြီ ဆိုတဲ့ စိတ်ကြီးဝင်ဖို့ မဟုတ်ဘူး၊ မိန်းကလေး တစ်ယောက်အနေနဲ့ သမီး နေတာ သွားတာ လုံးဝတင့်တယ်မှု မရှိဘူး၊ အခု လက်ထပ်ဖို့ ချက်ချင်း စီစဉ်ဖြစ်တာလည်း အဲဒါပဲ၊ သမီးကို မသွားဖို့ မလာဖို့ တားနေလည်း နားထောင်မှာမှ မဟုတ်တာ၊ သမီးက အဖေ့ကို အားကိုးတယ်၊ စီးပွားရေးတွက် သွားတာပဲဆိုတာကို အကြောင်းပြတယ်"

"အကြောင်းပြတာ မဟုတ်ပါဘူး၊ သမီး တကယ် ကိုယ့်လုပ်ငန်းအတွက် ကြိုးစားချင်တဲ့စိတ် ရှိနေတာ၊ ဘာပဲ ဖြစ်ဖြစ် မာမီ သမီးကို ပြောပြ ဆွေးနွေးဖို့ ကောင်းပါတယ်၊ ခုတော့..."

"တော်ပြီ... သမီး"

ဒီလိုလာမှာစိုးလို့ မျက်နှာကို တစ်ချက်မှ မလျှော့ဘဲ အပြီးအစီး ပြောချလိုက်တာတောင် လှသာ ခါးခါးသီး ထ,ဖြစ်လာတော့ ဒေါ်ရှပ်လှသာ မျက်နှာကို ပိုတင်းသည်။ ကော်ဖီ မကုန်ဘဲ ပန်းကန်ကိုချပြီး နေရာမှ ထ,ရပ်လိုက်သည်။

"သမီးကို မာမီ စိုးရိမ်ဆုံးက အဲဒီ သွားလာနေတာကိုပဲ၊ ခု ကြည့်စမ်း... ခရီးတစ်လျှောက်လုံး ဖြစ်ပျက်လာတာတွေ"

နောက်ထပ်တစ်ခါ လှသာ 'ဟာင်'ခနဲ ဖြစ်သွားပြန်သည်။





လမ်းခရီးမှာ ဖြစ်ခဲ့တာတွေ မာမီ ဘာသိလို့လဲ။

မေးလည်း မမေးရဲပါ။

တစ်ခု ဖြစ်နိုင်သည်က မဲဆောက်ကနေ ဒေါ်လေးက စပိုင်လွှတ်လိုက်ပြီး ရသမျှသတင်းတွေ စုဆောင်း ပို့နေသလား။

ငွေလိုလို့ ဖုန်းဆက်တော့ လူလွှတ်ပြီး ချက်ချင်းပို့နိုင်ခဲ့သည်။ အဲဒီလူဟာ မပြန်ဘဲ လှသာတို့နားမှာပဲ ရှိနေ၍သာ သိနိုင်တာဖြစ်သည်။

ဒေါ်လေး စေ့စပ်တတ်တာကို လှသာ မေ့သွားခဲ့၏။

"နောက်ထပ်တစ်ခါ သမီးကို ဘာမှ သွားခွင့်မပေးနိုင်ဘူး။ သူငယ်ချင်းအုပ်စုထဲမှာ သူတို့ရဲ့မိဘတွေက သမီးကြောင့် ဆိုတဲ့ လက်ညှိုးထိုးမှုတွေ အခု ရှိလာပြီ၊ အဲဒါ သမီးရဲ့ ကောင်းသတင်းလား"

ဒေါ်ရှပ်လှသာအသံက တစ်စစ တင်းမာလာ၏။

လက်ထပ်ဖို့ပဲ ပြောဖို့ စိတ်ကူးခဲ့ပေမယ့် နားမထောင်တော့ ဒေါသက ပါလာသည်။

"နောက်ထပ် သမီးကို ခြေတစ်လှမ်း ထပ်တိုးခွင့်ပေးလိုက်ရင် ဘာတွေ ဆက်ဖြစ်လာနိုင်သလဲ၊ အဲဒါကို မာမီ မြင်တယ်၊ လုံးဝ,ကို ခွင့်မပြုနိုင်ဘူး။ ဒီကိစ္စကို ဖြစ်အောင် မာမီ စီစဉ်မယ်"

လှသာ နှုတ်ခမ်းလေးစေ့၍ ဘာမှလည်း ပြန်မပြောတော့ဘဲ လက်နှစ်ဖက် စုံချကာ ဒီတိုင်း ထိုင်နေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ငုံမှ မသောက်ရသေးသည့် ကော်ဖီကိုကော လွှာ ပြန်ချထားလိုက်သော်လည်း ပန်းကန်နှုတ်ခမ်းမှာပဲ ပုံစံမကျ စွာ တင်နေဆဲရှိသည့် မုန့်ကိုကော ဒေါ်ရုပ်လွှာက မျက်လုံး တစ်ဝေ့မှာ သိမ်းကျုံးကြည့်သွားပြီး...

"ပြတင်းပေါက်ကနေ စောင်တွေ ဆက်ထုံးပြီး ခိုးထွက် ပြေးတာတို့၊ ဆပ်ပြာမှာ သော့တူပုံခိုးပွားပြီး ဖွင့်ထွက်ပြေး တာတို့ စိတ်ထဲမှာ ကြံစည်မနေနဲ့နော်၊ သမီးကို မာမီက တံခါးပိတ်ပြီး အခန်းထဲ ထည့်လှောင်ထားမှာ မဟုတ်ဘူး၊ လွတ်လပ်သလိုနေ၊ အေး... လက်ထပ်ဖို့မှာ တစ်ခုခုလွဲချော် သွားအောင် လုပ်သွားလို့ကတော့ အသက်နဲ့အရှက် နှစ်ခုပဲ၊ ခြိမ်းခြောက်တယ်ထင်ရင် စမ်းကြည့်လိုက်"

ဒေါ်ရုပ်လွှာက ထွက်ခွာရန် ခြေတစ်လှမ်း ဆုတ်လိုက် ပြီးမှ ဦးထက်လွင်ကို တစ်ချက်ပြန်ကြည့်သည်။

မလိုက်လျောဖို့... ဘာမှဝင်မပါဖို့...

မျက်လုံး တစ်ချက်ဖြင့် သတိ ပေးလိုက်ခြင်းပဲဖြစ်၏။

မျက်လုံးချင်း မဆုံးလိုက်ပေမယ့် ဦးထက်လွင် သိနေ သည်။ ထို့ကြောင့် ဒေါ်ရုပ်လွှာ ထ,သွားပြီးသည်နှင့် သူပါ လိုက်ထ,ရပ်သည်။

သမီးလေး စိတ်ဆင်းရဲရှာပြီ... ဟု တွေးမိရင်း စိတ် မကောင်းသော်လည်း...





အခန်း (၈)

မာမီ့ စကားသံတွေကို သတိရမိတိုင်း ထွက်ပြေးဖို့ အစီအစဉ်ကို ဖျက်လိုက်ဖို့သာ ဦးနှောက်က ဆုံးဖြတ်ပေးခဲ့၏။

လက်ထပ်ဖို့ ပြင်းပြင်းထန်ထန် အမိန့်ကျခဲ့သော်လည်း လွှာ့ကို မသွားရ၊ မလာရ တားမြစ်ချက်မရှိ။

ဟိုတုန်းကလိုပဲ လွှာ့ကို လွတ်လပ်စွာ ထားခဲ့သည်။ ဘယ်သွားလဲ... ဘာလုပ်နေလဲ... ထူးထူးခြားခြား စောင့် ကြည့်တာလည်း မရှိ။ ထူးခြားတာ တစ်ခုပဲရှိသည်။

ဒက်ဒီကတော့ လွှာ့ကို မသိမသာ ရှောင်နေသည်။

ခါတိုင်း ဒက်ဒီနဲ့လွှာ မနက်တိုင်း အလုပ်ကို အတူသွား [illegible] ခုတော့ ခေါ်လည်း မခေါ်၊ နောက်ကလိုက်ခဲ့တော့ [illegible] ဘာညာ မှာခဲ့တာလည်းမရှိ။

www.burmeseclassic.com



လွှာ ကိုယ်တိုင် ဘာမှ လုပ်ချင် ကိုင်ချင်စိတ် မရှိဘဲ အိမ်ထဲက မထွက်ဘဲ နေပစ်လိုက်၏။

နေပေါ့... ဒက်ဒီ့ကိုလည်း လိုက်မခေါ်တော့ပါ။

လွှာ အပူကပ်မှာစိုးလို့ ဒက်ဒီ ရှောင်နေတာ။

ခါတိုင်းလို မာမီဆူလျှင် ဒက်ဒီ့နား ပြေးကပ်တာမျိုး မလုပ်ဖြစ်ဖို့ တားဆီးလိုက်တာပဲ ဖြစ်သည်။

သူငယ်ချင်းတွေလည်း ပြန်တဲ့သူ ပြန်ကုန်ပြီ။

အပြစ်မထွက်ရ အမိန့်နှင့် ခြေချုပ်မိတဲ့သူ မိ...

မနက်ဖြန်ဆို စုစု မင်္ဂလာဆောင်မည်။

သူမကတော့ မနက်ဖြန် စေ့စပ်ရမှာ ဖြစ်၏။

အားလုံး ပြောင်းလဲကုန်ကြသည့် အဖြစ်များဟာ လွှာ ကြောင့်ပဲ ဖြစ်ခဲ့ရသလိုလို...

သူတို့ရဲ့မိဘတွေက သမီးကြောင့် ဆိုတဲ့ လက်ညှိုးထိုး မှုတွေ အခု ရှိလာပြီ။ မာမီလည်း ပြောခဲ့၏။

ဒါ တကယ်ပဲဆိုတာ လွှာ သိသည်။

မာမီ နေရာတကာ ကြုံသိနေတာကိုလည်း အံ့သြမိ၏။

ဤသို့ရှိခဲ့သော အဖြစ်များကြောင့်လည်း မာမီ့စကား ကို တွန်းလှန်ဖို့ လွှာ့မှာ ခွန်အားမဲ့ခဲ့တာ ဖြစ်သည်။

ကိုယ့်မှာ ဒီလိုရင်ဆိုင်နေရပြီ... ဒီလိုပဲ နာခံရတော့ မည် ဆိုသည့်အဖြစ်ကိုလည်း တစ်ယောက်ဆီ ရင်ဖွင့်တိုင်ပင် ဖို့ ဖုန်းကို အကြိမ်ကြိမ် အခါခါ ကိုင်မိသည်။





အနီးဆုံးမှာရှိနေကြတာ စုစုနဲ့ ဝင်းခက်ပဲ။

ဒါပေမယ့် ဒီနေ့ထိ မဆက်ဖြစ်ခဲ့ပါ။

"ဟယ်... တကယ်... နင်လည်း စုစုလိုပါပဲလား"

ဟု တအံ့တသြ...

ပြီးတော့ သနား စာနာစွာ...

သူတို့ မေးမြန်း ပြောဆိုလာမှာတွေကို မကြားချင်၊ မမြင်ချင်။ သူတို့အဖြစ်ကို ပြုံးမိတာလည်း ရှိခဲ့၊ စာနာစိတ် လည်း ဖြစ်ပေးခဲ့ဖူးသည်။ ကိုယ့်ကျတော့ အဖြစ်မခံချင်။

ညှိခန်းထဲမှာ ခြေချင်းချိတ်ထိုင်ရင်း မနက်ဖြန် စေ့စပ် တော့မည့် အဖြစ်အတွက် ဘယ်လိုမှ တွေးမရဘဲ စပျစ်သီး တွေပဲ ပါးစပ်ထဲ တစ်လုံးပြီးတစ်လုံး ထည့်နေမိသည်။

ထိုစဉ် နီးနီးလေးမှာရှိသည့် ဖုန်းက မြည်လာသည်။

ဘာအလုပ်မှ မရှိသည့်လက်က ဖျတ်ခနဲ ကောက်ကိုင် လိုက်မိသည်။

"ဟဲလို"

"မင်း ဘယ်သူလဲ"

"ဟာမ်"

လွှာပေါ်မှာရှိနေသည့် စုပ်လက်စ စပျစ်သီးကို ချက်ချင်း ပါးစောင်ထဲ ပို့ပစ်ကာ လွှာ့ကိုယ့်လည်း မတ်သွား၏။

"ဘာ... ဘာမေးလိုက်တယ်"

"မင်းကို မေးတာ"



www.burmeseclassic.com

www.burmeseclassic.com



"အံ့မာ"

တစ်ဖက်က ထပ်၍ အတည်ပြုလိုက်တော့ ဒေါသ ဖြစ်ဖို့ အတိအကျ ဆုံးဖြတ်ခွင့်ရသွားတာမို့...

"ကြီးကြီးကျယ်ကျယ်... ဟွန်း... ဘယ်သူလဲတဲ့ ရှင်ကကော ဘယ်သူလဲ၊ ဘာကိစ္စ ဆက်တာလဲ၊ ဒီအိမ်မှာ ဒီဖုန်းပဲရှိတယ်၊ ဒီအိမ်သား တစ်ယောက်ယောက် ကိုင်မှာပေါ့ တစ်မြို့လုံး တစ်နယ်လုံးက ဝင်ချင်တဲ့ဖုန်း လာဝင်နေတာ ရှင့်ကိုပဲ ဒိတ်ပေးရမှာ၊ ဖြေစမ်း... ရှင်က ဘယ်သူလဲ"

"ဟား... ပြဿနာပဲ"

ညည်းတွားသံ တစ်ချက်နှင့် အတန်ကြာ တိတ်က သွားတော့ လွှာက ဂွက်ခနဲ ချပစ်လိုက်သည်။

သူ ကိုင်ထားမှန်း သိသားပဲ။

"ဟွန်း..."

ဖုန်းသံက ဆူညံစွာ ထ,မြည်လာသည်။

"နေပစေ... ခေါ်စမ်း"

နောက်ထပ် စပျစ်သီးတစ်လုံး ပါးစပ်ထဲ ထပ်ထည့်ပြီး ကောက်ကိုင်လိုက်သည်။

"ဟင်... ဘာဖြစ်လို့ ဖုန်းချပစ်တာလဲ"

"ချချင်လို့ ချတာ... ပြောစရာရှိတာကို သက်ပြ မချဘဲ မြန်မြန်ပြော၊ စောင့်ပြီး နားထောင်ဖို့ စိတ် သိပ်ရှည်တာမဟုတ်ဘူး"





"မင်းက အထက်လွှာ ဆိုတာလား"

သိနေပြန်ပြီ...။

လွှာ ပြန်မပြောပေမယ့် ဝန်ခံလိုက်သည်ဟု သတ်မှတ် သွားပုံရကာ...

"အန်တီရုပ်လွှာနဲ့ စကားပြောချင်တယ်"

"မရှိဘူး"

"ဘယ်တော့လောက် ပြောလို့ရမလဲ"

"မသိဘူး"

"ဟော့... ကောင်းကောင်းပြောလေ"

"မသိလို့ မသိဘူးပြောတာ၊ မာမီ အခုမရှိဘူး၊ ဘယ် တော့ ပြန်လာမလဲဆိုတာ မသိဘူး။ ပြီးပြီလား"

"နေဦးလေ... ဒါဆို မှာခဲ့မယ်၊ ပြန်လာရင်ပြောပေး"

သူက လွှာ့ဆီက 'အင်း ပြော' ဟု မေးလာမည်ထင်ကာ တစ်ချက်စောင့်သည်။

လွှာ ငြိမ်နေတော့မှ...

"မနက်ဖြန် ဧည့်ခံပွဲကို တို့ လာနိုင်မှာမဟုတ်ဘူး"

မလာနဲ့ပေါ့...

လွှာ စကားမပြောဘဲ နှုတ်ခမ်းကို မဲ့ရွဲ့ပစ်သည်။

"မေမေတို့ကတော့ နားလည်တယ်လေ၊ တို့အလုပ်က အချိန်သတ်မှတ်ချက်နဲ့ နားလို့မရဘူး၊ နားရက်ဆိုပေမယ့် သွားချင် သွားရတာ"



www.burmeseclassic.com

www.burmeseclassic.com



မုန်းဖို့ကောင်းလိုက်တာ...

ဘာမှမသိဘဲ စိတ်မဝင်စားတဲ့ အကြောင်းတစ်ခုကို မသက်ဆိုင်သူ တစ်ဦးထံမှ နားထောင်နေရသည့် အဖြစ်က စိတ်ပျက်ဖွယ် ကောင်းလှ၏။

မာမီ့ကို ပြောပြရမည်ဆိုသော အသိကြောင့် နားထောင်ပေးနေရ၏။

"ဒီမှာ... မင်း နားထောင်နေလား"

"ပြော... ပြော"

လွှာ ခပ်ဆောင့်ဆောင့် အော်တော့ ကျွတ်ခနဲ စုတ်သပ်သံ ကြားရသည်။

ဒါပေမယ့် ချက်ချင်း လှမ်းပြောသည်။

"အဲဒါ ပြောချင်တာ၊ စေ့စပ်ပွဲကို တို့မပါနိုင်တော့ဘူး အန်တီရုပ်လွှာကို သားကိုယ်တိုင် တောင်းပန်လိုက်ပါဆိုလို့ ပြောနေတာ၊ နောက်ထပ်တစ်ခါ မင်းရဲ့မာမီကို စောင့်ပြီး ပြန်ဆက်ဖို့လည်း မအားတော့ဘူး၊ မင်း ပြောလိုက်ပါ၊ သေချာနော်... တို့ မလေးစားတာ ဖြစ်မှာစိုးလို့"

"မလိုပါဘူး... စေ့စပ်ပွဲကို ရှင်မလာတာနဲ့ ဘာဖြစ်သွားနိုင်မှာမို့လဲ၊ ရှင်က မြို့နယ်ဥက္ကဋ္ဌလား၊ စေ့စပ်ပွဲဖြစ်မြောက်ဖို့ ရှင်ပါမှ အတည်ဖြစ်တဲ့ လူကြီးလူကောင်းလား"

"ဟား... ရစ်ပြန်ပြီကွာ... စေ့စပ်ဖို့ကို သတို့သားလောင်း မပါဘဲ စေ့စပ်လို့ တင့်တယ်မလား"





"ဟင်..."

"ဒါပေမယ့်... ကာလယက်ရှင်တွေ နားလည်ထားရင် ရပါတယ်၊ တို့ တကယ်မအားလို့ဆိုတာ မင်းမာမီကို ပြောပြလိုက်ပါ၊ ဒါပဲ"

ဖုန်းချသွားပြီ...

လွှာ ကိုင်လျက်သားနှင့် ကျန်ခဲ့၏။

ဘယ်လိုမှ မထင်မှတ်ခဲ့မိ...။

ဖုန်းဆက်လာသူဟာ သူမနှင့် စေ့စပ်မည့် 'အလင်းဘွဲ့' ဆိုသူ ဖြစ်မယ်မှန်း အနည်းငယ်မျှပင် မတွေးမိခဲ့။

စုစုရယ်... ငါက နင့်ထက်ဆိုးပါတယ်။

ကိုယ့်ရဲ့ သတို့သား ဖြူသလား၊ မည်းသလားဆိုတာ တောင် မသိတဲ့ ငါ...။

၆



www.burmeseclassic.com

## အခန်း (၉)

"ဒက်ဒီပဲ စဉ်းစားကြည့်ပါဦး... စေ့စပ်ပွဲမှာ သမီးက ငုတ်တုတ်ကြီး ထိုင်နေရပြီး သတို့သားကျတော့ မရှိဘဲနဲ့"

"သမီးရယ်... မောင်ဘွဲ့က ရဲအရာရှိတစ်ဦး၊ သူက မှုခင်းစုံစမ်း ထောက်လှမ်းရေးသမား တစ်ယောက်၊ တာဝန်ဆိုတာ အချိန်ကန့်သတ်လို့ ရတာမှ မဟုတ်တာ၊ ပြီးတော့ မခိုင်တို့ကလည်း အတော့်ကို တောင်းပန်ရှာတာ၊ မကျေနပ်ဘူးဆိုပြီး ပွဲဖျက်လိုက်လို့ ဖြစ်မလား၊ မောင်ဘွဲ့ အလုပ်ကို ပြောလိုက်တာနဲ့ သမီးကလွဲရင် အားလုံးက နားလည်ကြပါတယ်"

ဒက်ဒီက ချော့သလိုလိုနှင့် ဟိုဘက်ကနေ လုံးလုံးလျားလျား ရပ်တည်ကာ လွှာ့ကိုပဲ အပြစ်တင်၏။





ဒါတောင် ထိုပုဂ္ဂိုလ် ဖုန်းဆက်တာကို လွှာ မပြောဘဲ ထားခဲ့သေးတာ။ ပြောများ ပြောမိလျှင် ဒီထက် ကျေနပ်နေကြလိမ့်မည်။ မကျေမနပ် စိတ်ကွက်သွားစေချင်လို့ မျိုသိပ်ထားလိုက်ရတာ အလကား ဖြစ်သွား၏။

"ကဲ... ထပါ... သမီးရယ်၊ သမီးမာမီ ဒေါသထွက်ဦးမယ်၊ အောက်မှာ ဧည့်သည်တွေ စုံနေကြပြီ"

လွှာ့ရင်ထဲမှာ ခံပြင်းစိတ်တွေ လှိုင်းထန်နေ၏။

ဘယ်လောက် ရှက်ဖို့ ကောင်းသလဲ။

ဘယ်သူတွေ ဘယ်လိုပဲ နားလည်ပေးပေး ပွဲဦးထွက်မှာ သက်သက် ကြောပြသွားတာလို့ပဲ လွှာ ထင်သည်။

"မင်း မာမီကို ပြောပြလိုက်ပါ၊ ဒါပဲ"

ထိုအသံကိုပဲ မေ့ပျောက်လို့မရ။

သူ့ဟာသူ ဘာကောင်ဖြစ်ဖြစ်...

စေ့စပ်တဲ့ကိစ္စမျိုးကို မအားရင် မလုပ်နဲ့၊ မအားဘူးဆိုတာကိုက ကြောတာ။ မှန်ထဲမှာပေါ်နေသည့် ကိုယ့်ကိုယ်ကို မှုန်ကုပ်ကုပ် ပြန်ကြည့်မိသည်။

အဝါနုရောင် စပို့ရှပ်လက်တို ဂျင်းစကတ်ရှည်လေးနှင့် မျက်နှာမှာ ခါတိုင်းလိုတောင် တို့ပတ်လေး ဘာလေး ကောက်ရိုက်ထားတာ မရှိ။

စောစောပိုင်းက မာမီ တစ်ခေါက် လာကြည့်သေးသည်။

လွှာ့ကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီး မျက်နှာ တင်းသွား၏။

www.burmeseclassic.com



"အဝတ်အစားက ဘာဖြစ်လို့ မလဲတာလဲ"

"ပြင်ဆင်ပြီး ဆင်းလာရမှာလား မာမီ၊ သတို့သား မပါဘဲနဲ့ သမီးကပဲ အဆင်သင့်ဖြစ်နေသင့်သလား"

"သူ့မှာ အလုပ်တစ်ဖက်နဲ့"

"အဲဒီလို သူ့ဘက်က တစ်ခုခု ဆုပ်ဖမ်းပြလိုက်တာကိုက သမီးကို ဖွဲ့တာ၊ စေ့စပ်ပွဲဖြစ်အောင် မာမီတို့ချင်း အသိအမှတ်ပြုလိုက်ပေါ့၊ သမီးမပါလည်း ရတာပဲ"

ဒီစကားမှာတော့ မာမီ တစ်ချက်ပိုင်သွားကာ တွေသည်။ ပြီးတော့ တစ်ထစ်လျော့သွား၏။

"ဒီတိုင်းပဲ ဆင်းလာခဲ့"

ဒါပဲပြောပြီး ထွက်သွား၏။

ထို့ကြောင့် လှသာ ဒီတိုင်းပဲ ဆင်းလာခဲ့၏။

လှေကားတစ်ဝက်လောက် အရောက်မှာ ဧည့်ခန်းထဲမှာ ရှိသမျှလူအားလုံး၏ မျက်လုံးတို့က လှသာဆီ ပင့်တက်လာကြ၏။

"ဟော... သမီး လာပြီ"

မာမီ့မျက်နှာမှာ နူးညံ့ မွှေးချိုနေသည်။

လှသာကို တကယ့်ကို ယုယ မြတ်နိုးသော ကြိုဆိုခြင်းဖြင့် လက်ကလေးတစ်ဖက်ကို လာဆွဲချိန်တွင် မာမီ့အပြုံးထဲမှာ ဟန်ဆောင်မှု မရှိခဲ့ပါ။ လှသာ နားလည်သွားသည်။

မာမီဟာ မျက်နှာကို တမင်တင်းထားခဲ့ပေမယ့် စေ့စပ်ဖို့ လက်ထပ်ဖို့ အားလုံးကို လှသာ ငြိမ်သက် နာခံခဲ့သည့်အပေါ် ကြိတ်၍ ကျေနပ်နေခဲ့သည်။





ငါ့သမီးလေး လိမ္မာလိုက်တာ ဆိုမျိုးလည်း တွေးမိနေမည်။ စေ့စပ်ပွဲမှာ ပြင်ဆင် ထွက်မလာသည့် အဖြစ်ကိုလည်း ထည့်မတွက်ခဲ့တော့။

"သမီးလေးက ချစ်စရာလေးကွယ်"

အနားရောက်တော့ ဒေါ်နိုင်နိုင်လင်းက လှသာ့လက်လေးတစ်ဖက်ကို ထ,၍ဆုပ်ကိုင်ပြီး ဖြစ်သလို ဖြီးချလာခဲ့သည့် ပါးပြင်ဘေးမှာ ကျနေသော ဆံစ,တို့ကို သိမ်းတင်ပေးသည်။

မာမီက လွှတ်ပေးလိုက်သဖြင့် သတို့သားထိုင်ဖို့ ရှိနေသော ကုလားထိုင်မှာပဲ ဒေါ်နိုင်နိုင်လင်း ထိုင်စေ၏။

ပြီးတော့ လှသာ့ပခုံးလေးကို ဖွဖွဖက်၍...

"ကြည့်ပါဦး... ကိုမောင်ရယ်၊ သမီးလေးက မလှဘူးလား၊ နှုတ်ခမ်းလေးနဲ့ မေးဖျားကျပုံလေးက ချစ်စရာကောင်းလိုက်တာ၊ အရုပ်ကလေးလိုပဲ၊ မျက်တောင်ကြီးတွေကလည်း အတုတပ်ထားသလိုပဲ"

"ဩော်... နိုင်ရယ်၊ အမေတူသမီးပဲကွာ၊ သူ့မာမီကို ကြည့်ပါလား၊ အရုပ်လို့ နှာမည်တွင်ကျန်နေတာ"

"ဘာလဲဗျ... အမေကို ငုတ်တုတ်ထားပြီး"

"အမေနဲ့ တူတာမှ မပါဘဲဗျ"

"ဒါကတော့ဗျာ..."

"ဟား ဟား ဟား"

ခမည်းခမက် တော်ကြရမည့် အဖေ နှစ်ယောက်၏ စကားများကြောင့် အားလုံး ရယ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ဟုတ်တယ်... ဝင်း ထောက်ခံတယ်၊ သမီးက အမေတူလို့လှတာ၊ ရုပ်လွှာက ခုချိန်ထိ သမီးနဲ့ အလှချင်းပြိုင်တုန်း၊ ကြည့်ပါလား... သမီးလေးလည်း ရုပ်လွှာလိုပဲ ဘာမှမလိမ်းဘဲကို လှနေတာ"

လူကြီးတွေက မင်္ဂလာစကား မပြောဖြစ်သေးဘဲ လွှာနဲ့ မာမီ့ကို ကြည့်၍ စ,နောက်နေကြဆဲ။ လွှာက နည်းနည်းတော့ ကလန်ကဆန်လုပ်ဖို့ ကြိုးစားထားတာမို့...

"မာမီ"

"ဟင်... ဘာလဲသမီး"

စကားသံတွေ အားလုံး တိတ်ကျသွားကြသည်။

လွှာ ဘာပြောမလဲဆိုတာ စိတ်ဝင်စားသွားကြတာဖြစ်၏။

"စေ့စပ်တာကို လက်ခံတဲ့အကြောင်း ဖြစ်မြောက်သွားရင် ပြီးပြီမဟုတ်လား၊ မာမီနဲ့ ဒက်ဒီရှိတာပဲ၊ လွှာ စုစုဆီ သွားပါရစေ"

"ဟင်"

မာမီ့မျက်နှာ ပျက်သွားသည်။

ဒေါ်နိုင်နိုင်လင်းက သိသိသာသာ မျက်နှာမဲ့ကျသွားပြီး–

"သမီး"

"အားလုံးကိုတော့ သူ့ယောက်ျားကိုပါ ကြည့်ပြီးမှ လွှာ့လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်သည်။

"အားလုံးကိုပဲ အန်တီတို့ အထပ်ထပ် ရှင်းပြပြီးပါပြီ၊ သမီးလေးကိုလည်း ထပ်ပြောပြီး တောင်းပန်ဖို့ အခု စောင့်





နေတာပါ သမီးရယ်၊ သားနဲ့ သူ့အလုပ်ကို သမီး နားလည်ပေးပါ၊ အခု သားပါမလာတဲ့အဖြစ်ဟာ တမင်တကာ ဖန်တီးသွားတာ မဟုတ်ဘူးနော်၊ ထွက်သာသွားတာ သားလည်း စိတ်မကောင်းရှာဘူး၊ သူ ရောက်တာနဲ့ သမီးဆီကိုလွှတ်မယ်"

"အဲဒါ ပြဿနာမရှိပါဘူး အန်တီ၊ စေ့စပ်တာကို လက်ခံလိုက်ကြတာက သူလည်း မိဘစကားနားထောင်တာ၊ လွှာလည်း ဒီလိုပဲ၊ တစ်ယောက်နဲ့ တစ်ယောက် စိတ်ဝင်စားကြလို့မှ မဟုတ်တာ၊ ခုချိန်ထိတောင် သူ့ကို တွေ့ရတာ မတွေ့ရတာအတွက် လွှာ စိတ်ဝင်တစား မဖြစ်ခဲ့သေးဘူး၊ စေ့စပ်တာကလည်း ကာယကံရှင်တွေ မပါလို့ ရနေသေးတာပဲ".

လွှာက ဒေါ်နိုင်နိုင်လင်း ဆုပ်ကိုင်ထားသည့် လက်ကို အသာရုန်း၍ ဒေါ်ရုပ်လွှာကို လှမ်းကြည့်လိုက်၏။

"နော်... မာမီ... ဟိုမှာလည်း ဒီနေ့မင်္ဂလာဆောင် နေတာ၊ လွှာ သွားပါရစေ"

လွှာ စကားပြောနေကတည်းက မာမီ စဉ်းစားပြီး ဖြစ်ပုံရကာ မလွှဲသာလို့ ခွင့်ပြုရတော့ အပြုံးယဲ့ယဲ့နှင့် ခေါင်းညိတ်၏။

"သွားလေ... ဒီမှာ ရပါတယ်၊ သမီး လက်ဖွဲ့ဝယ်ပြီးပြီလား"

"သွားရင်းပဲ ဝယ်သွားတော့မယ်"

မာမီ ခေါင်းညိတ်တာနှင့် အားလုံးကို လှည့်ပြုံးပြပြီး လွှာ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်တော့ လွှာ လုပ်သင့်သည်လေ။

သူတောင်မှ မပါဘဲ ကိုယ်က နေစရာလား။

တကယ်ဆို ကိုယ် မမြင်ဘူးတဲ့ ယောက်ျား…

ဆန္ဒမပါဘဲ ဘယ်အလုပ်ကိုမှ မလုပ်တတ်ဘဲ မှန်တယ် ထင်လျှင် ဘယ်သူ့အမိန့်ကိုမှ မနာခံစွာ ဖွတ်တိုးလုပ်တတ်သော သူမ၏စိတ်။ ထိုနှစ်ရပ်ကြောင့် ဒီစေ့စပ်ပွဲကို လွှာ လက်မခံဘဲ ရှောင်ပြေးသွားဖို့ ဆုံးဖြတ်ခွင့်တွေ ရှိနေသည်။

ဒီလူကို လက်ထပ်ရမည်။ လက်မထပ်ရင် ဘာဘာ ညာညာဆိုသော မိဘတို့၏ ချော့ကာ ခြိမ်းခြောက်တတ်သည့် စကားလုံး အဟောင်းတွေ ဒိုင်ယာရီတွေထဲမှာ အများကြီး။

ဒါပေမယ့်… လွှာ တကယ်ဆုံးဖြတ်လိုက်မိသည်က မိဘသဘောအတိုင်း ဖြစ်ခဲ့၏။

မာမီ ခြိမ်းခြောက်တာကို ကြောက်၍လည်း မဟုတ်။

အိမ်က ထွက်သွားရမှာကို သတ္တိနည်း၍လည်း မဟုတ်ဘဲ ဒီလိုပဲ ဆုံးဖြတ်သင့်သည်ဟု ကိုယ်တိုင် ယုံကြည်၍ပဲ ဖြစ်သည်။ နောက်တစ်ချက်က စုစုတို့ မိခင်မျိုးတွေ ပါးစပ်က ထွက်လာသော စကားတို့ကို မခံချင်စိတ်လေး ရင်ထဲမှာ ဖြစ်ခဲ့သည်။

သူတို့ပြောသလို ငါဟာ အထိန်းအကွပ်နည်းတဲ့ အရိပ် လွတ် ပေါ်မှာ သွားလာ ပေါ့သွင်းနေတဲ့ မိန်းကလေးမျိုး မဖြစ်ရဘူး ဆိုသော မာနလည်း ပါသည်။





နောက်ဆုံးကျတော့ မိဘစကား နားထောင်ခဲ့သော သမီးအဖြစ် ရပ်တည်ပေးဖို့ စိမ်သည့်အတိုင်း နာခံခဲ့ခြင်းဖြစ်၏။

ကားကို နေရာတကျ ရပ်ပစ်ခဲ့ပြီး အတွေးတို့ကိုပါ ဖြတ်တောက်ကာ လွှာ ပလာဇာထဲ ဝင်လာခဲ့သည်။

စက်လှေကားပေါ် တက်လိုက်တော့ ရှေ့တွင် ပခုံးမှာ အိတ်တစ်လုံးကို ချိတ်လွယ်ရင်း ဖုန်းပြောနေသူကို သတိ ထားမိလိုက်သည်။

ကျောပြင်ကိုသာကြည့်၍ အကြိမ်ကြိမ် ဒေါသ ထွက်ခဲ့ရသည့် စိတ်ထဲမှာ ဒီကျောပြင်ကို ဘယ်နေရာက ကြည့်ကြည့် မှတ်မိနေသည်။ လွှာက နောက်မှာမို့ သူက မမြင်။

"မာမီ ဒါဆိုလည်း ကျွန်တော် မလာတော့ဘူး"

"…………"

"ဟာ… မာမီ… အဲဒီကိစ္စ ကျွန်တော် သေချာပြောပြ ထားတယ်၊ တကယ်… ဒါ သက်သက်မပြောဘဲထားတာ"

"…………"

"ကျွတ်"

လှေကားထိပ်ရောက်တော့ သူ ကျွတ်ခနဲ စုပ်သတ် သည်။ ဖုန်းပိတ်လိုက်တာလည်း စိတ်ပျက်လက်ပျက်။

လွှာ ထိုသူကို မုန်းတီးစွာ ကျောခိုင်းပစ်လိုက်သည်။

ဖားအံမှာတုန်းက ကိုယ့်ကိုချည်းပဲ ဖဲ့ချသွားတော့။ သူကပဲ ကျောကျောမောမောနဲ့။



www.burmeseclassic.com

www.burmeseclassic.com



နောက်ကနေ ပခုံးသွားတို့ပြီး ဒီဘက်လှည့်တဲ့ အလှည့်မှာ နွမ်းခနဲ ထိုးချပစ်လိုက်ရလျှင် ဘယ်လောက် အားပါးတရ ရှိလိုက်မလဲ။

လက်ဖွဲ့ဝယ်မလို့ ဟိုဒီလျှောက်နေရင်း ဆိုင်တွေ တစ်ဆိုင်ပြီး တစ်ဆိုင် ဖြတ်နေမိသည်။ မျက်စိရှေ့မှာ ဘာပစ္စည်း ဘာအလှအပမှမရှိဘဲ ထိုကျောပြင်ကြီးကို မြင်၍သာ မကျေနပ် စိတ်တွေ လှုပ်မိုးနေခဲ့သည်။

ရန်ကုန်ထိတောင် လာဆုံနေရသည့် အဖြစ်က ဒီလူ့ မျက်နှာကြီးကို ထိုးရခွင့် ကြုံနေလို့လားမသိ။

စိတ်ကူးနှင့်အတူ လက်သီးတောင် ဆုပ်လိုက်မိသေးသည်။ မဖြစ်ဘူး... ရပ်မှ။

အတွေးကိုကိုလည်း ရပ်ဖစ်ရသည်။

ရွှေဆိုင်ရှေ့မှာ ခြေအစုံရပ်ကာ ဝယ်ခြမ်းဖို့သီ စိတ်ကို ပို့ရသည်။

"ညီမလေး... ကြည့်လေ၊ လက်ဆောင်ပေးဖို့လား ဝတ်ဖို့လား။ လက်ဆောင် လက်ဖွဲ့ဆိုရင် ဒီဘက်မှာ လာကြည့်"

အရောင်းစာရေးမက ဘယ်ဘက်ခြမ်းက လက်ဆောင်ပေးစရာ အထည်တွေချည်း သပ်သပ်ကန့်ထားသည့် ရှိုးကေ့စ်ကို ပြ၏။

"ဒါလေး အစ်မ... ဒါလေး ပြပါ"

"ဒါလေးလား"





အသည်းပုံ ဖော့တုံးကလေးပေါ်မှာ ထောင်စိုက်ထားသည့် လက်စွပ်လေး နှစ်ကွင်း။

စိန်ပွင့်သေးသေးလေးတွေကို အသည်းပုံ ပီပီပြင်ပြင် ထုတ်တဲ့ အလှဆုံးဒီဇိုင်းနှင့် ပါးပါးလေးလုပ်ထားတာ ဆင်တူ။

တစ်ကွင်းက အနည်းငယ်ကြီးပြီး တစ်ကွင်းက အငယ်။

လှှာ သဘောကျသွားသည်။

မင်္ဂလာဆောင်ကိုတော့ သွားဖို့ စိတ်မကူးတော့ပါ။

ဒီမနက် ရုံးမှာ လက်မှတ်ထိုးတာကိုပါ လိုက်ခဲ့ဖို့ သူငယ်ချင်းအားလုံးကို ဖိတ်ထားသည်။

ဒါပေမယ့်... လှလေးက ပြန်သွားပြီ။

ဝင်းခက်က မနက်ဖြန် ပြောင်းမှာ ရှေ့မှာမို့ မသွားဖြစ်လောက်ဘူးဟု ဖုန်းဆက်သေးသည်။

သုန္ဒယ်ကတော့ နင်သွားရင်တော့ ငါ လိုက်မယ်ဟု ပြော၏။ သူငယ်ချင်းတွေလည်း မစုံ။

ပြီးတော့ သူမအပေါ် အထင်မြင်လွဲ၍ စကားနာထိုးတတ်သော စုစု မာမီကို သိပ်သဘောမကျကြတာမို့ မင်္ဂလာဆောင်သွားဖို့အတွက် ရှိနေသူတွေကလည်း အားမသန်ခဲ့ကြပေ။

လှှာက မသွားဘူးဆိုတော့ သုန္ဒယ်ကလည်း လက်ပြသွား၏။

ဒါပေမယ့် လက်ဖွဲ့တွေကိုတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ပို့ပေးကြဖို့ ရှိသည်။ မင်္ဂလာညစာခံပွဲက ညကျမှ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလက်စွပ်လေးကို စုစုတို့ လင်မယားအတွက် လက်ဆွဲ ပို့ပေးလိုက်မည်။ မိန်းမကွင်းလေးကို ကိုယ့်လက်နဲ့ စွပ်ကြည့် လိုက်လို့ တော်ရင် ရပြီ။

ယောက်ျားကွင်းက မတော်လည်း မတတ်နိုင်။

အရောင်းစာရေးမက လွှာ ပြသည့် လက်ထပ်လက်စွပ် နှစ်ကွင်းပူလေးကို ထုတ်ယူလိုက်၏။

ရွှေးကော့စ်ပေါ်ချပြီး ဖွင့်လိုက်သည့် မှန်ချပ်ကို ပြန် ပိတ်နေဆဲ လွှာ့ရှေ့ မရောက်သေးသော ပစ္စည်းအား လက် တစ်စုံက ဖျတ်ခနဲ ဆွဲယူသွား၏။

"ဒါလေး မဆိုးဘူး၊ ဘယ်လောက်လဲ"

"ဟင်"

လွှာ လက်နဲ့ လိုက်ဖမ်းမိတော့မတတ် ပျာပျာသ ဖြစ်သွား၏။ဒီက ယူမလို့ဟုလည်း ပြောလိုက်မိတော့မည့်ဆဲဆဲ...

"ဟင်... ရှင်..."

သူကလည်း လွှာ့ကို မြင်သည်နှင့် လွှာ့ကိုရော ပစ္စည်းကို တစ်စုံတစ်ယောက်က ကြည့်နှင့်ထားပြီးသည် အဖြစ်နှစ်ရပ်လုံးကိုပါ သတိတရ တအံ့တသြ...

"ဟင်"

တစ်လုံးတည်း နှုတ်မှ ရေရွတ်လိုက်ပြီး လက်စွ နှစ်ကွင်းကိုလည်း ပြန်ကြည့်၏။

"ဒါ... မင်းယူထားတာလား"





"ကြည့်နေတာလေ... မမြင်ဘူးလား၊ သင့်ရင်ယူမလို့ သူများကြည့်နေတဲ့ ပစ္စည်းကို စည်းမရှိ ကမ်းမရှိ လုကောက် တာ အံ့သြစရာပဲ"

"ဟ... အသားလွတ် ကောနေပါလား"

သူ့မျက်နှာကလည်း ဟိုတစ်နေရာမှာလိုပဲ ချက်ချင်း ပြန်တင်သွား၏။ ပစ္စည်းကို ချမလို့လုပ်ပြီးမှ မချဘဲ လွှာ့ကို စေ့စေ့စပ်စပ် ကြည့်သည်။

"ဘာဝယ်ရမှန်းမသိလို့ ဒါကိုမြင်ပြီး ကောက်ယူလိုက် တာတော့ အမှတ်တမဲ့ပဲ၊ ဒါပေမယ့် အခု တကယ်လိုချင် သွားပြီ၊ လုတယ်ထင်ရင် လုတယ်ပဲ၊ ဒီမှာညီမ သူက ယူတယ်လို့ မပြောသေးဘူးမို့လား၊ အဲဒါချိန်ပေး၊ ကျသလောက် ပေးမယ်"

"အို... ဒီလိုလုပ်လို့ရမလား၊ ဒီက အရင်မေးထား တာ၊ အစ်မနော် လွှာ့ကိုပေး"

"ကျွန်တော်က အရင်ချိန်ခိုင်းတာနော်"

စာရေးမက နှစ်ယောက်လုံးကို ကြောင်တောင်တောင် ကြည့်၍ ခေါင်းတစ်ချက် ကုတ်သည်။

နောက်တော့... သူ့ကို အားနာဟန်နှင့် ပြုံးပြ၍...

"ဒီက ညီမလေးက အရင်မေးထားတာ၊ ဟို...ရှင်က မြင်ဟာ တစ်ခုခုပဲ ကြည့်လိုက်ပါနော်"

ယောက်ျားတန်မယ့် အလျှော့မပေးနိုင် ဖြစ်နေသည့် မျက်နှာကို ဘေးကကြည့်ရင်း လွှာ ဒေါသတွေ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူလည်း ကြည့်တာပဲ၊ နောက်တစ်ခုသင့်ရင် ယူမှာ ပေါ့၊ ကျွန်တော်ကတော့ ဒါကိုပဲ ယူဖို့ ဆုံးဖြတ်ထားတာ ချိန်လိုက်ပါ"

"မပေးနိုင်ဘူး"

သူက လှသာ့ကို ခပ်စွေစွေ လှည့်ကြည့်၍...

"ပစ္စည်းကို မင်း ကိုင်တောင် မကိုင်ရသေးဘူး၊ အ တို့လက်ထဲ ရောက်နေပြီ"

"ဒါက ရှင် ညစ်တာကိုး၊ ခု ပြန်ချ"

"ဘာလို့ချရမှာလဲ... သူများအမိန့်ပေးတာ မခံနိုင်ဘ ဘယ်မှာဖြစ်ဖြစ် ကိုယ်က အုပ်ချုပ်သူပဲလုပ်ခဲ့တာ၊ ဟွန်း... ခေနှာရီးပဲ"

လှသာ ရှက်စိတ်တွေ ဝင်လာသည်။ ဆိုင်ခန်းတွေ ကပ်နေ၏။ လူသွားလမ်းကလေးတွေက ခပ်ကျဉ်းကျဉ် လူတချို့က ကွက်ကြည့် ကွက်ကြည့် ဖြစ်လာပြီ။

ရန်ဖြစ်ရတာကို လှသာ မရှက်ပါ။ ပြိုင်ဆိုင်လာပြီး နိုင်ဖို့ပဲလိုတာ၊ အခြေအနေက သူ့ဘက်က သာသွားပြီ။

"ဟွန်း... ရှင်က ဒီလိုလား၊ ယောက်ျားနဲ့ မိန်းမ မနိုင်လို့ ရှုံးသွားလည်း ရှက်ဖို့တော့ မရှိပါဘူး"

ပြောပြောဆိုဆို ရှိုးကေ့စ်ပေါ်မှာ လက်တင်၍ ကိုင်ထာ သည့် သူ့လက်ထဲက ပစ္စည်းကို လှသာ ဖျတ်ခနဲ လှယူ လိုက်သည်။ အသံ မထွက်သော်လည်း သူ ဆတ်ခနဲတော တွန့်သွား၏။





လှသာ လှယူလိုက်ပုံက ကလေးလုသလို ပရမ်းပတာ လုတာမျိုးမဟုတ်ဘဲ တကယ်လို့ သူ အမိအရ ဖိဆုပ်ထား လိုက်လျှင်တောင် မကျန်ခဲ့ရအောင် အသေအချာ စနစ်တကျ ဆွဲပစ်လိုက်တာမျိုး။

ပြီးတော့ သူသည် လှသာထင်ထားသလို အံ့ဩသွားပြီး ဒေါသတကြီး ရှူးရှူးရားရား ဖြစ်သွားတာမျိုး မဟုတ်ခဲ့ဘဲ-

"အင်း... မဆိုးပါဘူး"

သဘောတကျ ချီးကျူးတာတော့ မဟုတ်။

ခပ်ယဲ့ယဲ့ မဲ့ပြုံးနှင့် အတော်ကြီး ချဉ်သွားသော မျက်ဝန်းများနှင့်...

"မင်း နိုင်သွားပြီ"

ဟု ထပ်ပြောပြီး ခပ်အေးအေးပဲ လျှောက်သွား၏။

"ဟွန်း... ရုပ်ကြီးကိုက"

ပွစိ ပွစိပြောပြီး ခပ်ကြိတ်ကြိတ် တက်ခေါက်မိသည်။ ခုကျမှ အရောင်းစာရေးမက ခစ်ခနဲရယ်၏။

"မလွယ်ဘူးနော်... ဖွတ်ပဲ... သူက ကိုင်ထားတော့ ညီမက မေးလိုက်တာပေမယ့် တို့ ပြောရခက်သွားတာပေါ့၊ တဲပါ... ညီမ လုယူလိုက်ရတဲ့အတွက် တို့က လျှော့ယူပါ့မယ်"

သူမသည် ကိုယ့်ဆိုင်ကို ပြန်ထိုင်ပုံရကာ တရင်းတနှီး ဖြစ်နေပြီး လက်စွပ်နှစ်ကွင်းကို ချိန်ခွင်လေးထဲ ထည့်၏။

လှသာ မကျေနပ်နိုင်သေးပါ။



www.burmeseclassic.com

ဘာဖြစ်လို့ ဒီလူနဲ့ပဲ ကြုံကြုံဖန်ဖန်တွေ လာဆုံနေရ
တာလဲ။ ဆုံလိုက်တိုင်လည်း မတည့်ဖို့ချည်းပဲ ဖြစ်နေသည်
စိတ်ထဲတွေ့သမျှ လျှောက်ဝယ်နေပြီး ဆွဲထားသည့်
အိတ်တွေကြောင့် လက်ထဲမှာ လေးလံ နာကျင်လာမှ
ခြေထောက်တို့က စားသောက်ဆိုင်သို့ ဦးတည်လိုက်မိ၏။

"ကြက်ဆီထမင်း တစ်ပွဲ"

မှာလိုက်ပြီး ကောင်တာရှေ့မှာပဲ စားပွဲလွတ်ရှိနေတာမို
ထိုင်ချလိုက်မိ၏။ သိပ်မကြာလိုက်မီ နီရဲကြွပ်ရွနေသည်
ကြက်သားတုံးများနှင့် ကြက်ဆီထမင်းပန်းကန် ရောက်လာ
သည်။ ပြီးတော့ စပ်တူဟင်းချိုနှင့် တို့စရာပါ အစုံချပေး၏

စားစရာကိုမြင်လိုက်မှ ဗိုက်က ပိုဆာလာသည်။

ပေါင်ပေါ် တင်ထားသည့် ဆလင်းဘက် အိတ်ကိုပင်
အိတ်တွေ စုတင်ထားသည့်ပေါ် ထပ်တင်လိုက်၏။

ဖွန်းခက်ရင်းကို ကောက်ကိုင်လိုက်မှ အိတ်ထဲကဖုန်း
မြည်လာတော့ ဒေါသထွက်သွားသည်။

ဒေါသက အပြင်သို့ အလိုလို ထွက်နေမှန်းမသိ။

ခလုတ်လေး တိုက်မိတာတောင် ကိုယ့်ခြေထောက်
ပြန်ခေါင့်ပစ်မိသည်။

အိတ်တွေ ဆွဲရလို့ လက်ကနာတော့လည်း နာ
ကောင်းလားမှာ ဖြစ်ကာ ကိုယ့်လက်ကို ဒေါသဖြစ်သည်

ဖုန်းကို စိတ်မရှည်စွာ ထုတ်ယူ၍ နားထောင်လိုက်မိ



"အထက်လွှာ"

ခေါ်သံက ခပ်ဆောင့်ဆောင့်...

ဖုန်းထဲကနေမတူဘဲ ကိုယ့်နားမှာ ကပ်ခေါ်သလိုကြီး။

"မင်း ကိုယ်ပြောတဲ့ကိစ္စ ဘာဖြစ်လို့ လူကြီးတွေကို
ပြန်မပြောတာလဲ"

ဟင်... လွှာ ဘာမှပြန်မပြောနိုင်တော့ပါ။

အသံဟာ ဖုန်းထဲကမဟုတ်ဘဲ ကြည်လင် ကျယ်လောင်
နေရသည့် အဖြစ်ကို သံသယနှင့် နောက်ကို လှည့်ကြည့်
လိုက်မိစဉ်...

ဟိုလူ... လွှာ့ကို ဘေးတိုက် ထိုင်လျက် ဟိုဘက်
စားပွဲထောင့် နေရာမှာ ဖုန်းပြောနေသည်။

"အထက်လွှာ... မင်း ကိုယ်ပြောတာ ကြားလား"

ပြောနေရင်း သူ ဒီဘက်ကို ဖျတ်ခနဲ လှည့်လိုက်၏။

မျက်လုံးချင်း ဆုံလိုက်စဉ် မြင်နေကျအတိုင်း မလိုလား
သော မျက်ဝန်းများနှင့် မျက်မှောင်ကုတ်သလို ဖြစ်သွားသည်။

သို့သော်... ထူးခြားစွာ စူးလက်နေသော လွှာ့မျက်လုံး
များနှင့် ကိုင်ထားသည့် ဖုန်းကို မြင်လိုက်ရာ...

"ဟာ..."

ဖုန်းကို နားကခွာသည်။

နှုတ်ခမ်းအစုံ ပွင့်သွားကာ ဖျတ်ခနဲ ထရပ်လိုက်၏။

သူသည် အံ့ဩသော... လွှာက ရန်လို မှန်းတီးစွာ...

www.burmeseclassic.com



ချက်ဝန်းနှစ်စုံတို့သည် ကြာရှည်စွာ စူးနစ်သွားကြပြီး သူ ဒီဘက်ကူးလာ၏။ လွှာက ဆံပင်တွေ ဝဲခါသွားသည်အထိ မျက်နှာကို လှည့်ပစ်လိုက်သည်။

ဖုန်းကို လွှာ ဆောင့်ပိတ်၍ ထိုးသိပ် ထည့်ပစ်လိုက်တော့ သူ ပိုသေချာသွားကာ...

"အထက်လွှာ... မင်း... မင်းက အထက်လွှာလား"

"ဘာတွေ လာပြောနေတာလဲ"

လွှာ ချက်ချင်းထရပ်ကာ ဘာမှလည်း မစားတော့ဘဲ ပိုက်ဆံရှင်းထားခဲ့ပြီး ထွက်လာခဲ့သည်။

သူက လွှာ ဖြစ်သလိုဆွဲချ ယူသွားသော ပစ္စည်းအိတ်များထဲမှ ကျန်နေခဲ့သည့် အိတ်လေးတစ်လုံးကို ကောက်ယူလိုက်သည်။ ပြီးလျှင် သူ့စားပွဲမှာပါ ပိုက်ဆံရှင်းထားခဲ့ပြီး လွှာ့နောက်ကို မီအောင်လိုက်၏။

"ဟေ့... ခဏနေဦး"

အပေါ်စီးကနေ လှမ်းအော်ပြီး စက်လှေကားကို စိတ်မရှည်နိုင်သလို တစ်ဝက်သာသာလောက်ကနေ လွှားခနဲ ခုန်ဆင်း၏။

"ဒီမှာ... မင်း ကိုယ်မေးတာကို ဖြေစမ်းပါ၊ မင်းက အထက်လွှာလား"

လွှာ ဘာတစ်ခွန်းမှမဖြေဘဲ သူ့ကို စားမတတ်၊ ဝါးမတတ် တစ်ချက်ပြန်ကြည့်ပြီး ခြေလှမ်းကို အကျဲခဲ့လှမ်းသည်။





ဘောက်ဆတ်ဆတ်လေး ဖွတ်လျှောက်နေသည့် လွှာ့ဘေးမှာ သူလိုက်နေရတာ လူမြင်မကောင်းတော့။

"တောက်... လူကို ဂရုမစိုက်ကွာ"

သူ ဒေါသဖြစ်ဖြစ်နှင့် ဘယ်လိုမှ သည်းခံလို့မရတော့ဘဲ လွှာ့လက်ကလေးကို ဖမ်းဆွဲပစ်လိုက်သည်။

ကားနား ရောက်နေပြီ။ ကားဆီကို လက်လှမ်းလိုက်သည့် လွှာ့လက်တစ်ဖက် ရိုပ်ခနဲ ပတ်ဝင်လာ၏။

"ဟိတ်"

"ဖတ်"

သူ့လက်ထဲမှာ ဖတ်ခနဲ ထိသွားသည်။

လွှာ မေ့သွားခဲ့သည်။ သူက ဒုရဲအုပ်ပဲ။

နောက်တစ်ကျက် ညို့သကျည်းကို ပတ်ကန်ပစ်လိုက်ပြန်သည်။ သူက ခြေတစ်ဖက် ဆုတ်ရှောင်ပစ်လိုက်ပြီး လွှာ့လက်ကလေးကိုပါ တွန်းလွှတ်ပစ်လိုက်၏။

"မင်းကို ကိုယ် မေးရုံပဲမေးနေတာ၊ ရောချင်လွန်းလို့မထင်နဲ့၊ မင်းနဲ့မှ ဒီလောက် တိုင်ဆိုင်နေတာကို ယုံကိုမယုံနိုင်တာ"

လွှာက ရန်လိုစွာကြည့်၍ နောက်ထပ် ပစ်သွင်းချင်သေးသည့် လက်သီးတွေ၊ ခြေထောက်တွေကို တားဆီးချုပ်ထိန်းလိုက်သည်။ လူတွေ ဝိုင်းကြည့်နေပြီ...

အခိုးဆုံးက သူမ၏ဘေးကွဲ ဂျင်းစကတ်က တစ်ထွာသာသာခန့် ပိုကွဲသွားပြီမို့...



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း... ခွေးချေးလို့ ကျိုးမထိုးတဲ့ရုပ်နဲ့"

ပစ်ပစ်နစ်နစ် ပြောပြီး ကားပေါ် ဝုန်းခနဲဝင်ထိုင်သည်။ တံခါးကို ဂျိမ်းခနဲ ဆောင့်ပိတ်၏။

အလင်းဘွဲ့တဲ့... ရှင်ကြီးလား... ဟွန်း...

စတီယာရင်ကို ကိုင်ရင်း ဒေါသကြောင့် လက်က တုန်ချင်နေသည်။ စိတ်ရှိလက်ရှိ ဖိုက်ပစ်လိုက်ချင်တာ၊ မအောင်မြင်တော့ အစိုင်အခဲကမပြေ၊ ဘယ်တော့မှ မယူဘူး။

တစ်ထိုင်တည်း ဆုံးဖြတ်လိုက်သည်။ ရှိုးမဲ့ စိတ်ကောင်း ဝင်ထားတာလေးတွေ အားလုံး ပျောက်ကုန်၏။

"ဒီလူကြီးကို လုံးဝ မယူဘူး"

ပါးစပ်ကပါ ထုတ်ပြောမိသည်အထိ။

တစ်ယောက်တည်း ကားမောင်းရင်း လွှာ အရူးနဲ့ တူနေသည်။ ကားကို ပေါ်တီကိုအောက်မှာ ထိုးရပ်ပစ် လိုက်တော့လည်း ညင်ညင်သာသာ မရှိ။

"အေးပုံ"

"ရှင်... မမလေး... လာပြီ"

အေးပုံက နားပါးသည်။ လျင်သည်။

ဘယ်ကနေပဲခေါ်ခေါ် အမောတကော ခေါ်လိုက်ရ သည် မရှိ။ ခေါ်သံ အနိမ့်အမြင့် ဒီဂရီအတိုင်း လိုအပ်သလို ရောက်လာတတ်သူ။

"မမလေး"





လွှာ့ရှေ့ကို ချက်ချင်း ရောက်လာ၏။

"မာမီကော"

"ခေါင်းမူးတယ် ဆိုပြီး ခုနကပဲ တက်သွားတယ်"

"ဒက်ဒီကော"

"အန်ကယ် ဦးအောင်နိုင်တို့ကို ပြန်ပို့ဖို့ ပါသွားကတည်း က ပြန်မရောက်သေးဘူး မမလေး"

လွှာ နှုတ်ခမ်းလေးကိုက်၍ စဉ်းစားလိုက်သည်။

သူမ မပြတ်သားလို့ မဖြစ်၊ ဒီလောက် မုန်းစရာကောင်း သည့် လူမျိုးကို မချစ်ပေမယ့် အောင့်နမ်းလို့လည်း ရမှာမဟုတ်။

လူချင်းမြင်တာနဲ့ကို ထိုးခုတ် တိုက်ခိုက်ပစ်ချင်တာ ဘယ့်နှယ်လုပ်မလဲ။

"ရောချင်လွန်းလို့ မထင်နဲ့တဲ့"

ဒီက ပိုသေးတယ်။ လေတင်နဲ့ လေအောက်တောင် မထိုင်ချင်ဘူး။

"မာမီ ဆေးသောက်အိပ်တာလား"

"ဟုတ်ကဲ့... အေးပုံကိုယ်တိုင် ယူပေးလိုက်တာပါ"

အေးပုံက လွှာ့ရှေ့မှာပဲ စိတ်ရှည်လက်ရှည် ရပ်နေရှာသည်။

"အေးပုံ"

"ရှင်"

"ငါ့ကို သုံးဆယ့်နှစ်လမ်းထိပ်က စာအုပ်ဆိုင်မှာ ကဗျာ ဆရာ မောင်ပြည့်လှိုင် (သံတွဲ)ရဲ့ ကဗျာပေါင်းချုပ်စာအုပ် သွားဝယ်ပေးစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်... သုံး... သုံးဆယ့်နှစ်လမ်းကို"

"ဟုတ်တယ်"

သွားရမည့်ခရီးက နီးနီးလေးမဟုတ်။

သို့သော် အေးပုံ မပြောရဲရှာပဲ လွှာ ပေးလိုက်သည့် ပိုက်ဆံကို ဆုပ်၍ ခပ်သွက်သွက်လေး ပြေးဆင်းသွား၏။

လွှာလည်း အပေါ်ထပ်ကို ပြေးတက်ခဲ့သည်။

မာမီ ဆေးသောက်ပြီး အိပ်ပြီဆို ဘယ်တော့မှ ခဏ လေးနဲ့ မနိုးတတ်တာ လွှာ သိသည်။

မအိပ်မနေ အပင်ပန်းခံ၍ အလုပ်ထဲမှာ နှစ်ထားတတ် တာရှိသလို အနားယူပြီဆို မာမီက ဘာမှပြန်မကြည့်တတ်ဘဲ စားသောက်ပြီးတာနဲ့ ဆေးပါသောက် အိပ်၏။

အခွင့်အရေးက လွှာ့ဘက်မှာ လုံးလုံးလျားလျား ရှိနေ သည်။ ငွေကော အဝတ်အစား နှစ်စုံ သုံးစုံလောက် ပါအောင် ထည့်ပြီး ကျောပိုးအိတ်ကို ပခုံးနှစ်ဖက်မှာ ချိတ်လွယ်လိုက်သည်။

ကြက်သွေးရောင်ရင့်ရင့် ဘောင်းဘီရှည်ကို ခါးပတ်မှ နေ၍ ပိတင်းအောင် ဆွဲကျုပ်ပစ်လိုက်ပြီးမှ အခန်းထဲက ထွက်ခဲ့၏။

မာမီ့အခန်းရှေ့ကို တမင်သွားရပ်မိရင်း မတ်တတ်ကနေ ပဲ လက်အုပ်ချီ၍ တောင်းပန်လိုက်မိသည်။

"လွှာ့ကို ခွင့်လွှတ်ပါ မာမီ၊ အလင်းဘွဲ့ ဆိုတဲ့လူကို လွှာ မယူနိုင်ဘူး၊ ဒက်ဒီကတော့ ပင့်သက်ချ၍ ခွင့်လွှတ် နိုင်မှာပါ"





လွှာ အခန်းထဲကနေ တောက်လျှောက် ပြေးဆင်းခဲ့ သည်။ အလွယ်တကူရှိနေသည့် ဝေါကင်းရှူးကိုပဲ ကပျာ ကယာ စီးပြီး အပြေးတစ်ပိုင်း ထွက်ခဲ့မိ၏။

ဒက်ဒီ ပြန်လာမှာနဲ့ တိုးသွားမှာစိုး၍ ဖြစ်သည်။

ပလက်ဖောင်းပေါ်မှာ လျှောက်နေရင်း ကိုယ့်အန္တရာယ် ကို သိကာ အငှားကားတွေ တားလို့ရတဲ့နေရာ သွက်သွက် လျှောက်၏။

ကားကို ဦးတည်းနေသည့် လမ်းဆီမှ နောက်ပြန် ကွေ့ဖို့ အရှိန်ယူ၍ မျက်လုံးကိုလည်း ပလက်ဖောင်းဆီမှ မခွာရဲ။ အထက်လွှာ ပျောက်သွားမှာစိုး၍ ဖြစ်သည်။

ပုစွန်ဆီရောင် တီရှပ်လက်ပြတ် ခပ်တိုတိုလေးနှင့် ဘောင်းဘီရှည်နီညို ဝတ်ထားသည့် လွှာ့ပုံစံက ဖြူဝင်းနုစွတ် နေသော အသားရောင်ကြောင့် ဘယ်ကကြည့်ကြည့် ထင်းနေ သည်၊ ဘောင်းဘီက ပွပေမယ့် မြန်မြန်လေးလျှောက်နေသည့် အရှိန်နှင့် လေအဝှေ့မှာ အနားစတွေ ခါနေသည်။

အသားမှာ ကပ်သွားတာလည်း ရှိ၏။

ထို့ကြောင့် တီရှပ်ကပ်ကပ်လေးနှင့် လွှာ့ကိုယ်လုံးက ပန်းပုထုဆစ်ထားသလို ပေါ်လွင်နေသည်။

အရပ်က မြင့်ပြီး ခြေလှမ်းကျဲကျဲ ဘောက်ဆတ်ဆတ် လျှောက်နေတော့ ပခုံးကို မထိတထိ ဆံပင်ပျော့ပျော့လေး တွေက ဝဲခါနေသေးသည်။ လှလည်း လှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစိမ့်စိမ့်ကြည့်... အဝေးကကြည့်... ရှေ့နောက်ဘယ်ကကြည့်ကြည့် မလှပါဘူးလို့ ဝေဖန်စရာ ဘာတစ်ခုမှ မရှိ။ မလှတာက စိတ်ဓာတ်။

တော်တော် အကျင့်မကောင်းတဲ့ မိန်းကလေး။

သူ့ကို လျှပ်တစ်ပြက် ထိုးချလိုက်တာများ ခပ်ပါးပါး ကောင်မျိုးဆို မေးကွဲမလား၊ နှာရိုးကျိုးမလားဘဲ။

ဒီမိန်းကလေး ကိုယ်ခံပညာလည်း တတ်ပုံပေါ်သည်။ တော်တော်မလွယ်သည့် ကိစ္စပါလား။

ကားကို သူမ၏နောက်နားမှာ ရပ်ပစ်လိုက်သည်။

သူ ကားပေါ်ကဆင်းတော့ သူမက အတော်ဝေးဝေးကို ရောက်သွားပြီဖြစ်၏။

အမိုးရိပ်မရှိသော မှတ်တိုင်တစ်ခုမှာ သူမ ရပ်လိုက်သည်မို့ သူ့ခြေလှမ်းကိုပါ လျှော့ချလိုက်မိသည်။

ပြီးတော့... နေရိပ်ရှိသည့် သစ်ပင် တစ်ပင်အောက်ကို သူမ လျှောက်သွားတော့ သူ အနားရောက်သွားပြီး...

"မင်း... ဘယ်သွားမလို့လဲ"

သူ စကားပြောလိုက်မှ ဖျတ်ခနဲ မော့ကြည့်၏။

မျက်နှာပေါ်မှာ ကောက်ကြောင်းတွေ ချက်ချင်း ရှုပ်ထွေးသွားခဲ့ပြီး...

"ဘယ်သွားသွား ရှင့်အပူမပါဘူး။ ရှင်က ဘာလိုက်လုပ်တာလဲ"





"မင်းကို ပူလွန်းလို့ လိုက်လာတာမဟုတ်ဘူး၊ မေးတာကို ဘာမှမဖြေလို့၊ မင်းနဲ့ ဒေါ်ရုပ်လွှာကို ဆက်စပ်သိချင်လို့၊ ပြီးတော့ မနေ့က ဖုန်းဆက်တာကို မင်း မပြောတဲ့အတွက်"

"ပိုကောင်းသွားပြီလေ... ဘာဖြစ်လဲ... လူကြီးတွေ အထင်လွဲတော့ ရှင်က ကြီးကျယ်ရိုင်းစိုင်းတဲ့လူ ဖြစ်မယ်၊ သဘောမတူတော့ရင် စေ့စပ်ပွဲဖျက်မယ်၊ ဒါပဲ"

"အခု စေ့စပ်ပွဲက မဖျက်ဘူး။ ငါပဲ အပြစ်တင်ခံရတာ၊ မေမေ ဆူနေတာ မပြီးတော့ဘူး"

"ခံလိုက်ပေါ့... ဒီမှာ..."

လွှာက သူ့ဘက်ကို သေချာ လှည့်ရပ် သိုက်ပြီး ပခုံးက ကျောပိုးအိတ်ကြီးမှာ လက်မနှင့် နောက်ပြန်ချိတ်၏။

"ရှင်ကြီးက လွှာ့ကို မရ မနေနိုင်၊ အသည်းအသန် လိုချင်နေသလား"

"ဘာ"

"မေးတာကိုပဲ ဖြေစမ်းပါ၊ ကိုယ့်အစွမ်းအစနဲ့ ကိုယ် ဆို မျှော်လင့်ချက် မရှိတော့တာနဲ့ မိဘကိုပဲ ခြေကန်အားကိုးပြီး လွှာနဲ့ စေ့စပ်ထားတာကို ပျက်သွားမှာ သိပ်ကြောက်နေတယ် ထင်တယ်"

သူ့မေးကြော နှစ်ဖက်လုံး ထောင်ကားသွားတာကို ကြည့်၍ လွှာ ကျေနပ်သွားသည်။

ဒါပေမယ့် မပြုံးမိအောင် ထိန်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အထက်လွှာဟာ ကျွန်မပဲ ဆိုတာ သိလိုက်တာနဲ့ ရှင် အရူးအမူး လိုက်နေတာဒါပဲမို့လား၊ ဟွန်း. . . ရှင်းနေတာပဲ"

သူ အောက်မေးဖျား လှုပ်သွားသည်အထိ အံကြိတ်ပြန်သည်။

"ရှင် အကြောင်းတွေ ပြနေတာ ရယ်စရာကြီး၊ ဒီမှာ ရှင်းရှင်းပဲပြောမယ်၊ လွှာက ရှင့်ကို လုံးဝဆောရီး"

သူက ပခုံးတစ်ဖက်ပါ တွန့်သွားအောင် မဲ့၏။

"မင်း မဆိုးပါဘူး၊ ကိုယ်မခံချင်အောင်ပြောပြီး နောက်ဆုတ်သွားစေချင်တာ၊ ဒါပေမယ့် မင်းထောင်ချောက်ထဲ ကိုယ်ဝင်သွား. . ဘယ်လိုပဲ မှတ်လိုက်ပါ၊ မင်းကိုလည်း ဘယ်တော့မှ လက်ထပ်ဖို့ မကြိုးစားဘူး၊ ခုပြောတဲ့စကား မဟုတ်ဘူးနော်၊ မင်းနဲ့ပတ်သက်တိုင်း မဖြစ်မနေ ယူရတော့မယ့် အခြေအနေ ဖြစ်လာရင်တောင် မင်းလိုပဲ ကိုယ်ကလည်း ဆောရီး"

သူ ချာခနဲ လှည့်ထွက်သွားသည်။

"တောက်"

ဘယ်တော့မှ အရှုံးမပေးတတ်တဲ့လူ။

အလင်းဘွဲ့. . . ရှင်ကြီးကိုလည်း တစ်သက်လုံး ဆောရီး။





## အခန်း (၁၀)

BURMESE CLASSIC

အထက်လွှာ. . .

ဒီနာမည်ပဲ တစ်နေ့လုံး ကြားနေရသည်။

ခြံထဲဆင်းနေလိုက်သည်။

ပြန်တက်လာတော့ ဒီနာမည် ဒီအကြောင်းပဲ ။

အခန်းထဲ ဝင်နေလိုက်တော့လည်း ကြားနေရသည်။

ကြာလျှင် သူ့ဆီ ပြန်ရောက်လာမှာပဲ ဆိုတာလည်း တွက်ထားပြီးသား။

"သားရေ"

"လာပြီ"

သူ ဒရင်းဘက်ပေါ်မှာ ထိုင်နေရင်း အမေ ဝင်လာတာကို မော့ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သိပြီးသားတွေ မေမေ မပြောနဲ့တော့" ဟု ပြောလိုက်ချင်တာ မျိုသိပ်နေရတော့ နှုတ်ခမ်းက ငြိမ်ငြိမ်မနေ ခပ်လွန့်လွန့်။

မျက်ခုံးနှစ်ဖက်က တွန့်ချိုးနေ၏။

"သားရယ်... မင်းကြားတယ်မို့လား၊ ကိုယ်နဲ့စေ့စပ်ထားတာ ဒီတိုင်းနေလို့ မဖြစ်ဘူးနော်"

"ဘာဆိုင်လို့လဲ မေမေ"

"အို... မဆိုင်ဘဲနေမလား။ အဲဒါ မေမေ သိတယ်သား မေမေ့စကား နားမထောင်လို့ ဖြစ်ရတာ"

မေမေ ဒါကိုပဲ စွပ်စွဲလို့မပြီးနိုင်။

သူ့မှာ ဖြေရှင်းစရာ လွှာပဲ ရှိသည်။

ဒါပေမယ့် လွှာနဲ့ ဖြေရှင်းလို့က မဖြစ်နိုင်တော့။ သူ့မှာ ပြောသမျှ ဒီတိုင်းပဲ ခံနေရသည်။

ဖုန်းဆက်ပါတယ် ပြောလည်း မေမေက ဘယ်လိုမှ မယုံ။ သူ့မှာလည်း ဒီစကားပဲ ပြောစရာရှိ၏။

"စေ့စပ်ပွဲမှာကတည်းက မိန်းကလေး ရှက်မှာပေါ့ မပြီးသေးခင် အပြင်ထွက်သွားတာ အားလုံး သိလိုက်ကြတယ် မေမေ မွေးထားတာ သားဆိုးသားမိုက်လားဟင်"

"မေမေရာ"

"သားကို မေမေက ရုပ်ဆိုး အကျည်းတန်ကြီးနဲ့ ပေးစားတာ မဟုတ်ဘူး။ ဖွတ်တရွတ် ကြိုးတုပ်ခဲ့တာလည်း





မရှိဘူး။ စေ့စပ်ဖို့ လက်ထပ်ဖို့ ပြောတော့ သားပဲ လက်ခံခဲ့တာ၊ ခတ်ပုံပြမယ် ဆိုတော့လည်း စေ့စပ်ကြမှာပဲ တွေ့ရမှာပဲနဲ့၊ မေမေကတော့ ငါ့သားလေးက အမေ့ကို ယုံကြည်တာ၊ လိမ္မာတာဆိုပြီး ပီတိတွေဖြစ်လို့၊ ဟိုဘက်ကို အာမတွေခံလို့"

ဘွဲ့ ခေါင်းတစ်ချက်သပ်၍ နေရာမှ ထ ရပ်လိုက်မိသည်။

"တကယ့် လူစုံတက်စုံကျမှ သား ရှောင်ထွက်သွားတာ"

"ဟာ... မဟုတ်ဘူး၊ တာဝန်က တကယ်ရောက်လာတာ မေမေ၊ ကျွန်တော် အချိန်မီပြန်ဖို့ ကြိုးစားတာလည်း တကယ်ပဲ၊ မမီတော့ဘူးထင်လို့ အဲဒီကို တန်းလိုက်မလာတော့တာ"

"ဟုတ်မှာပေါ့... ပြောတုန်းက မေမေ ယုံခဲ့တယ်လေ၊ ဒါပေမယ့် ခု မယုံဘူး၊ ဖုန်းဆက်ပါဆိုတာ မဆက်ဘဲနေတယ်၊ ပြန်ရောက်လာသားနဲ့ တမင် မလာဘဲနေတယ်"

"ခက်တော့တာပဲ မေမေရာ"

ဒေါ်နိုင်နိုင်လင်းက သားကို ဒေါသမကင်းစွာ ကြည့်နေဆဲ။ ထိုစဉ် ဖေဖေ ဝင်လာပြန်သည်။

"သားကို ဖေဖေလည်း သံသယတော့ ဝင်နေပြီကွ၊ အံ့လည်း အံ့ဩတယ်၊ ဒီကိုပြန်ရောက်နေသားနဲ့ ဘာဖြစ်လို့ လိုက်မလာတာလဲ၊ စေ့စပ်တာကို ကာယကံရှင် မပါဘဲ သင်္ဂြိုဟ်နေရတဲ့ ဖေဖေတို့မှာ မျက်စိမမြင် နားမကြားဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်လုပ်ပါတယ်၊ ဒီသီချင်းကောင်းပါတယ်လို့ ချီးမွမ်းနေရသလိုပဲ၊ လက်ခံပေးနေရတဲ့ တစ်ဖက်သားကို ကြည့်... သမီးရှင်အနေနဲ့ ဘယ်လောက် မျက်နှာငယ်သလဲ"

ဒါကို သူသိသည်။

မိဘစကားကို အမြဲတမ်း နာခံခဲ့သည်ချည်းသာ၊ မိဘ စိုးရိမ်နေသလို သူလည်း စိုးရိမ်ခဲ့သည်။

ဒါကြောင့် ဒီပြဿနာကို ရှင်းဖို့ကြိုးစားတာ သူ့မှာပဲ တဏှာရှူးလို့လို့၊ ငပေါ်လိုလို...။

ဖြစ်ခဲ့ကြသည့် အကြောင်းတွေကို ပြောမပြဘဲနေလျှင် ဒီ့ထက် ပိုဆိုးတော့မည်လားဟု တွေးလိုက်မိကာ နောက်ထပ် ထွက်ကျလာမည့် ဒဏ်ဒီပါးစပ်က စကားတွေကို မကြားရဲ တော့သလို ဖြစ်လာ၏။

"အခု ကောင်မလေး ထွက်သွားတာ ရှက်သွားလို့ မှားတဲ့ကိစ္စ"

"မဟုတ်ဘူး ဖေဖေ၊ အဲဒါ သူ... သူ... ကျွန်တော့်ကို လက်မထပ်ချင်လို့ ထွက်..."

ဖေဖေက သူ့ကို စကားအောင် အပြောမခံ။

"လက်ထပ်ဖို့ စေ့စပ်တာကို ခေါင်းညိတ်ခဲ့တာပေါ့ကွ"

"ဒါလည်း ဟုတ်မှာပါ၊ ဒါပေမယ့်... နောက်ကျမှ သူ..."

"အလင်းဘွဲ့"





ဖေဖေကော မေမေကော ဒေါသ ဖြစ်လာတိုင်း တစ်ဆုံးတစ်စ ထွက်လာတတ်သည့် ဒီနာမည်။

"မင်းမှာ ဒီစိတ်မျိုးတွေရှိခဲ့လို့ သူများကို ပြောရဲတာလား"

"ဖေဖေ"

"ငါ သိသွားပြီ၊ မဖြေရှင်းနဲ့တော့၊ မင်း တမင်ရှောင် ခဲ့တာ"

"မဟုတ်ဘူး ဖေဖေ၊ ကျွန်တော် ဟိုမှာ..."

ပြောမည် ပြင်လိုက်ပြီးမှ ပြန်ရပ်လိုက်မိသည်။

ပြောရမှာပဲ ဆိုတာကိုလည်း သိကာ စိတ်ရှုပ်ထွေးစွာ မျက်နှာကို လက်ဖဝါးနဲ့ ပွတ်ပစ်လိုက်မိသည်။

သူမကိုယ်တိုင် သူ့ကို မလိုလားတဲ့အဖြစ်ဟာ ဒီ့ပြင် နည်းနဲ့ ယုံအောင် ပြောဖို့ မရှိနိုင်တော့"

"သူနဲ့ ကျွန်တော်က မြဝတီမှာကတည်းက ဆုံခဲ့ကြတာ"

"ဘာ... ဘယ်လို"

သူ စိတ်ညစ်ညစ်နှင့် ထိုင်ချပစ်လိုက်ချင်သော်လည်း ဖေဖေနဲ့ မေမေက ရပ်နေလျက်မို့ သူလည်း ဒီတိုင်းပဲ ရပ်နေ လိုက်ရသည်။

ပြတင်းပေါက်ဆီ ခပ်ဖြည်းဖြည်း လျှောက်သွားရင်း ဆုံတွေ့ခဲ့ပုံတွေကို ပြောပြလိုက်မိ၏။

အံ့ဩသော မျက်နှာများနှင့် ဖေဖေတို့ထံမှ ဘာသံမှ ထွက်မလာခဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ပထမ တစ်ခေါက်လည်း သူ လုပ်ပစ်လိုက်လို့ ကျွန်တော့် အရေးတကြီး ဆက်သွယ်ချက်တွေ ပြတ်တောက်ကုန်တယ်၊ အဲဒီမှာလည်း တော်တော့်ကို ဒုက္ခရောက်သွားတာ၊ တစ်ဖွဲ့လုံးပဲ ဖေဖေ"

ဖုန်းကို အတင်းဆွဲလုပြီး ရိုင်းစိုင်း ပိုင်နင်း လုပ်သွားတဲ့ ပုံကိုပါ မျက်စိထဲမြင်လာကာ ပြောပြရင်း လေသံက မာလာခဲ့သည်။

"နောက်ပြီးတော့လည်း ဒီတိုင်းပဲ၊ တစ်ခါ မှတ်မှတ်ရရ ဖြစ်ခဲ့လို့ သွားရှောင်နေကာမှ အဲဒီထိ လိုက်လာပြီး နှောင့်ယှက်တာ"

မိန်းကလေးတွေ ရေနစ်နေတာကို သူ မြင်လိုက်သည်။

အနီးအပါးမှာ လူသိပ်မရှိ။

သူ ဆင်းရတော့မည်ကို သိသည်။ ဒါပေမယ့် ကိုယ်ပေါ်မှာ ရေစို ပျောက်ရှလို့မဖြစ်သည့် ပစ္စည်းတချို့ ရှိနေ၏။

သူ့မှာ ကိုယ်ပေါ်ကပစ္စည်းတွေကို ထုတ်နုတ် ဖယ်ချခဲ့ဖို့ ကြိုးစားနေတုန်း ရေထဲတွန်းချပစ်လိုက်၍ ဘာဆို ဘာမှ လုပ်ချိန်မရလိုက်။

နောက်ဆုံး ပလာဇာမှာ ပြန်ဆုံကြသည်အထိ ပြောပြီး နှစ်ဦးသဘောတူ ကျော်နိုင်းခဲ့တာကိုတော့ ချန်ထားခဲ့၏။

"အဲဒီလို ဆိုးလွန်းတာကို ကျွန်တော် သည်းမခံနိုင်ဘူး။ အဲဒါ ကျွန်တော့်အပြစ် ကြီးသွားသလား၊ ဟိုမှာဖြစ်ခဲ့တာ



BURMESE CLASSIC



သပ်သပ်၊ ဒီမှာ စေ့စပ်ဖြစ်ကြတာကို လက်ခံခဲ့ကြတာက သပ်သပ်မဟုတ်ဘူးလား"

ထိုစကားကို သဘာဝကျ မကျ လက်ခံဖို့ သင့် မသင့်ကို ဖေဖေက လေးနက်စွာ နားထောင်နေသည်။

မေမေက ဘာမှမပြောသေးဘဲ နေ၏။

"သူ ကျွန်တော်မှန်း သိသွားပြီး မကျေနပ်လို့ ထွက်သွားတာပါ၊ စေ့စပ်ပွဲကို ရောက်မလာလို့ ဆိုတာ မဟုတ်ဘူး"

"မင်းက ယောကျ်ားပဲ၊ ပလာဇာမှာ တစ်ယောက်နဲ့တစ်ယောက် စေ့စပ်ထားကြတဲ့ သူတွေမှန်း သိကြတော့ ကိုယ့်ဘက်က ကျေအေးကြောင်း ပြောရဲရမှာပေါ့၊ စေ့စပ်ပွဲကို မလာနိုင်တဲ့အပြစ်က ရှိသေးတယ်၊ မင်း သူ့ကို တောင်းပန်ဖို့ တာဝန် လုံးဝရှိတယ်"

ဘယ်လိုပြောပြော သူ့အပြစ်ပဲလား။

ဘွဲ့... မေမေ့ကို လှမ်းကြည့်မိသည်။

"ကျွန်တော်က ဆွေးနွေးဖို့ ကြိုးစားပါတယ်၊ သူ့ကိုက စကားပြော မခံတာ၊ အဲဒါ တကယ်ပါ မေမေ၊ ထွက်သွားပြီလိုက်တာက ရှင်းနေတာပဲဟာ၊ ကျွန်တော်က အဲဒီလောက်ထိ တကောက်ကောက် လိုက်ရဦးမှာလား"

လုံးဝ မလိုက်နိုင်ဘူးဟုပင် ပြောလိုက်ချင်တော့သည်။

သူ တကယ် နောက်က လိုက်သွားခဲ့တာလည်း သိချင်တာတွေ မေးချင်တာတွေ များနေလို့ ပဟေဠိများစွာနဲ့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စကားများ စိန်ခေါ်ပြီး လှည့်ထွက်လာဖို့ထိ ရည်ရွယ်ချက် မပါခဲ့။ ဟိုတစ်နေရာမှာ စိတ်တိုခဲ့ဖူးပေမယ့် သိလိုက်ရတဲ့ အချိန်မှာ ဒီမိန်းမကိုတော့ လုံးဝ လက်မထပ်ဘူးဆိုတဲ့ စိတ်ကူးလည်း မဖြစ်ခဲ့တာ အမှန်ပင်။

စိန်ခေါ်နေတာကိုတော့ ကိုယ့်ဘက်က ခယတောင်းပန်ဖို့ မရှိ။ သို့သော် ဖေဖေက ဆတ်ခနဲ ခေါင်းညိတ်လိုက်ပြီး–

"လိုက်ရမှာပဲ... မင်း လိုက်ရမယ် သား၊ မိန်းမနဲ့ ယောကျ်ား မင်း သူနဲ့ပြိုင်ဖို့ မလိုဘူး"

"ဗျာ... ဖေဖေ... ဘယ်လို..."

ဖေဖေကိုယ်တိုင် မာနကြီးတဲ့သူ...

ငယ်ငယ်ကတည်းက ဘယ်သူနဲ့ဆော့ဆော့ ဘာအရေးပဲဖြစ်ဖြစ် "ယောကျ်ားကွ... အသည်းမငယ်နဲ့"

"ယောကျ်ားလည်း မာနကြီးရတာပဲ"

"အလျှော့ပေးတဲ့အကျင့် မပါစေနဲ့၊ အဲဒါ ကိုယ့်ကိုယ်ကို မယုံရဲတဲ့သူ"

ဖေဖေပဲ အမျိုးမျိုး ဆုံးမခဲ့တာ...

သင်ပေးခဲ့တာ မဟုတ်ဘူးလား။

မေမေနဲ့ စကားများထားတဲ့အခါ အိမ်မှာ တိတ်တိတ်ဆိတ်ဆိတ်ကြီး ဖြစ်နေတော့ သူ မနေတတ်လို့ ပြောဖူးသည်။

"ဖေဖေကလည်း မေမေ့ကို ချော့လိုက်ပါ၊ မေမေက စိတ်ကောက်နေတာ အိပ်မှာ ပျင်းစရာကြီး" ဟုပြောရာ





"ချော့တိုင်း မကောင်းဘူးကွ၊ နေရာတကာ အလျှော့ပေးရင် ဘယ်တော့မှ သံပတ်ပေးလို့ ရတော့မှာ မဟုတ်ဘူး" တဲ့...။

ခုကျမှ အလျှော့ပေးရမည်ဆိုတာက ဖေဖေ ကိုယ်ချင်းမစာတာလား။ ဘွဲ့မျက်နှာ မှုန်ကုတ်ကုတ် ဖြစ်သွားတာကို ဖေဖေက စိုက်ကြည့်ရင်း...

"မင်းနဲ့ သူ့ရဲ့ အရေးအခင်းကို ဖေဖေတို့ ဝင်မပါချင်ပါဘူး၊ ဒါပေမယ့် အခု မိန်းကလေး ထွက်သွားတာက တရားခံ မင်းပဲဖြစ်နေတယ်"

"သူတို့က ဒီလိုပဲပြောနေသလား"

"ဟ... လူပဲကွ ပြောမှသိရမှာလား"

ဖေဖေ့အသံကြီး ဟိန်းသွား၏။

"ဒီလိုတွေရှိခဲ့လို့ သူကိုယ်တိုင် ဒီလိုမှန်းခဲ့လို့ဆိုတာ ဒီဘက်ကလူကြီးမိဘတွေ သိမှဖြစ်မယ်၊ ပြောတာကို နားထောင်သား၊ မင်း သူ့ကိုရှာရမယ်"

"ဖေဖေရာ..."

"အားလုံးရှေ့မှာ ဒီမိန်းကလေးကိုယ်တိုင် ငြင်းပါစေ"

"ကျွတ်"

ဘွဲ့ မျက်နှာတစ်ပြင်လုံး နီရဲသွားလေသည်။

နေရာတကာမှာ သူဟာ လိမ္မာဖို့ ကြိုးစားခဲ့သည်။

'ရာထူးရာခံနဲ့ ဘဝကို ရပ်တည်နိုင်ပြီမို့လို့ မိဘကို လေးစားစရာလို့ မမြင်တော့ဘူးလား' ဆိုသည့် မေမေ့သံမှ

www.burmeseclassic.com



ကြေကွဲသံတစ်ရပ်ကို တစ်ကြိမ်သာ ကြားဖူးခဲ့ပြီး တစ်ဘဝစာ သူ မှတ်ခဲ့သည်။

ဘာမဆို မိဘကို ဖီဆန်သလို မလုပ်မိဖို့လည်း ဆုံးဖြတ်ခဲ့၏။

ခုတော့... မာနစိတ်များက ဖေဖေ့စကားကို ဘယ်လိုမှ လက်မခံနိုင်ဘဲ ဖြစ်နေခဲ့ပြီ။

ဖေဖေ့ကို သူ ထည့်မပြောခဲ့ပေမယ့် ဘွာမခတ်ဖို့လည်း စိန်ခေါ်ခဲ့ပြီးပြီ။

မိန်းမနဲ့ ယောက်ျား အရှုံးမပေးနိုင်ဘူး ဆိုတာကို ဖေဖေ ဘယ်လိုကဲ့ရဲ့ကျင်သလဲ...

ဝမ်းနည်းစွာနဲ့ သူ ကျောခိုင်းနေဖို့ ဆုံးဖြတ်လိုက်၏။

ခွင့်လွှတ်ပါ ဖေဖေ...

ကျွန်တော့်ရင်ထဲမှာ သူ့လိုပဲ အချိုးတူ မာနတွေ ရှိတယ်။





## အခန်း (၁၁)

ရထား ထွက်ချိန်နီးမှ ကပ်ရောက်လာတာမို့ ကားပေါ်က ဆင်းသည်နှင့် လွှာ တအားပြေးသည်။

ကားကို ကပျာကယာ သော့ခတ်ပြီး သုန္ဒယ် ပြေးလိုက်တာတောင် မမီ။

"လွှာ... လွှာ... ခဏနေဦး"

လွှာ လှည့်မကြည့်... ရထားဟာ ဘီးလိမ့်နေပြီ။

ခြေလှမ်းကို ဘယ်လိုပဲ အလှမ်းကျယ်ကျယ် ပြေးသော်လည်း အရှိန်ရစ ပြုနေပြီဖြစ်သော ရထားပေါ်ကို အသက်နှင့်ရင်း၍ တက်လိုက်ရ၏။

"ဟယ်... လွှာရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး"

လွှာ တစ်ချက်မှ မအော်လိုက်ရဘဲ သုနွယ်ထံမှ အလန့်တကြားသံကား ထွက်ပေါ်လာကာ ရထားပေါ်က အမျိုးသမီးတချို့၏ အော်သံ ထွက်လာ၏။

တစ်ကိုယ်လုံး ရထားပေါ်ရောက်မှ သုနွယ်ကို လက်ပြရ၏။

သွားပြီ... သုနွယ်ရေ...

မတတ်နိုင်တော့ပါ... ရထားမမီမှာစိုးသည်က သူငယ်ချင်းကိုပင် ကောင်းကောင်း နှုတ်မဆက်နိုင်ခဲ့။

သုနွယ်မှာ အဒေါ်တစ်ယောက်နှင့် အစ်မဝမ်းကွဲတစ်ယောက်ပဲရှိသည်။ အားလုံး သဘောကောင်းကြသည်။

လွှာ အိမ်ကထွက်လာခဲ့ပြီး သုနွယ်ဆီမှာပဲ အောင်းနေခဲ့တာ ဆယ်ရက်။

"နင့်ဒက်ဒီ လိုက်ရှာနေတယ်၊ ရထားဘူတာတွေကော ကားဂိတ်တွေကော စုံနေတာပဲ လွှာ၊ ဘူတာရုံမှာ ငါ့အစ်ကိုဝမ်းကွဲတစ်ယောက် ရှိတယ်၊ နင့်ဒက်ဒီ လာသွားတာကို သူပြောပြတာ၊ အထက်လွှာ ဆိုတဲ့နာမည်နဲ့ လက်မှတ်ယူထားတဲ့ ထဲမှာ ရှိသလား လာရှာတာတဲ့၊ နင် စဉ်းစားကြည့်လေ လေဆိပ်ကိုကော မသွားဘဲနေမလား"

"ဟုတ်တယ်... ဒက်ဒီက မိတ်ဆွေအပေါင်းအသင်း သိပ်မျှားတာ၊ သူ့မှာ သတင်းဂျာနယ်သမားတွေ တစ်ပုံကြီး





ဆိုတော့ ဘယ်မှာဖြစ်ဖြစ် လက်တံရှည်တာပေါ့၊ စိတ်ညစ်တယ်၊ ဒက်ဒီတို့ ဘယ်လိုမှမထင်တဲ့လမ်းဆို လေယာဉ်နဲ့ သွားဖို့ပဲ ရှိတော့တယ်၊ မန္တလေးက ကိုကြီးထွန်းတို့ဆီပဲ သွားလိုက်တာ ကောင်းမယ်ထင်တယ်"

သုနွယ်နဲ့ သူ ခေါင်းချင်းဆိုင်၍ တိုင်ပင်ကြသည်။

သုနွယ်က သဘောမတူ။

"ဆွေမျိုးနီးစပ်လောက်ပဲ တော်တာများ အားမကိုးစမ်းပါနဲ့ လွှာရယ်၊ ကိုကြီးထွန်းတို့ ဆိုတာ ဒီကိုလာတုန်းက ငါမြင်ဖူးပါတယ်၊ သူ့မိန်းမက ယောကျ်ားကို အဝတ်နဲ့ထုပ်ပိုးပြီး သိမ်းထားတော့မတတ် အူတိုနေတာ ခဏလေးမြင်တာနဲ့ သိသာတယ်၊ သူ့ကျတော့ သိပ်မလှဘဲနဲ့ နင့်ကိုတောင့်ကြည့်တဲ့မျက်လုံးက မလိုလားသလိုလို၊ မောင်နှမ တော်နေမှန်း သိလျက်နဲ့ သူ့ယောကျ်ားနဲ့ နင် စကားပြော ရယ်မောနေကြရင် သူက မကြည်ဘူး"

"မဟုတ်ပါဘူးဟာ နင်ကလည်း"

ကိုကြီးထွန်းတို့ လင်မယား အလည်လာကြတည်းက ရုံတို့ကအစ ဒီစကားတွေပဲ ပြောနေကြသည်။

"ကိုကြီးထွန်းက နင့်ကို ခေါင်းပုတ် ထိပ်ပုတ်နဲ့ အလိုလိုက် ရယ်မောနေရင် သူ့မိန်းမက မျက်နှာကြီးက အပေါ်ကဘန်ဆောင်၊ ရင်ထဲက ပုပ်ပွကြီး၊ ရည်စားရှေ့မှာ အိမ်သာသွားချင်တာကို ကြိတ်မှိတ် ထိန်းနေရတဲ့ မျက်နှာကြီးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



စုစုက မျက်နှာကို ရှုံ့မဲ့၍ ခါးကို မသိမသာတွန့်လိမ်ပြပြီး ပုံစံလုပ်ပြသဖြင့် သူတို့ ရယ်မိကြသေးသည်။

"သူ့ဘိုမှာပေါ့ မောင်နှမက ဆွေမျိုးဝေးတယ်လေ ပြီးတော့ သူက လှမှ မလှတာ၊ လွှာကို ဘယ်နာလိုမလဲ"

ဟိုတုန်းကတည်းက ကိုကြီးထွန်းတို့ လင်မယား အကြောင်းက ရာဇဝင်ကလေး ဖြစ်ကျန်ခဲ့တာ။

ခုလည်း သုန္ဒယ်က ကိုကြီးထွန်းနာမည် ပါလာသည်နှင့် တားပြီးသား။

"နင် အခုသွားမှာက အိမ်ပြေးနော်၊ ကိုယ့်အိမ်ကို လာတာတောင် မကြည့်မလင်နဲ့၊ သူ့ဆီသွားနေရင် နင် စဉ်းစားကြည့်၊ နင့်အဒေါ်တော်တဲ့သူက ကျန်းမာတာမှ မဟုတ်ဘဲ၊ ကိုကြီးထွန်းကိုပဲ နင် တိုက်ရိုက်မှီခိုရမှာ၊ ရင်လေးစရာကြီးဟာ"

"ဒါဆို ငါ ဘယ်လိုလုပ်ထွက်မလဲ"

"ဒီမှာပဲနေဦး... ဘယ်သူမှ မသိဘူး၊ နင့်ဒက်ဒီ လာမေးတုန်းက ငါ ခပ်တည်တည်နဲ့ အက်တင်လုပ်ပြလိုက်တာ ယုံသွားပြီ၊ ထပ်လာမှာ မဟုတ်တော့ဘူး"

"ပြီးတော့ကော..."

"ပြီးတော့... သွားချင်ရာသွားပေါ့၊ အနီးမှာရှာလို့ မတွေ့ရင် သူတို့ အဝေးကိုလှမ်းမှာပဲ"

"အဲဒီကျမှ ငါကထွက်တော့ ကွိခနဲမိမှာပေါ့"





"ဆယ်ရက်လောက် အောင်းနေလိုက်ရင် ပြီးရောဟာ၊ အဓိက,က နင် ဟိုကိုမရောက်ခင် ပြန်မိမသွားဖို့ပဲ၊ လူကြီးတွေက နင် ထွက်ပြီဆိုကတည်းက မဲဆောက်နဲ့ မြဝတီ နစ်နေရာကိုပဲ ဦးတည်မှာ၊ ဆယ်ရက်လောက်ဆိုရင် ဟိုကို ရောက်မလာဘူးဆိုတာလည်း သူတို့ သိသွားပြီ၊ နည်းနည်း တော့လည်နင်နေပြီး ဒီဘက်မှာ ပြန်ရှာချင်ရှာမယ်၊ အဲဒီ ကျတော့ နင် လွတ်ပြီလေ၊ နင့်ဒေါ်လေးဆီ ရောက်ရင် ပူစရာမလိုတော့ဘူး၊ 'သမီး လုံးဝမပြန်ချင်ဘူး၊ ယောက်ျား မလိုချင်ဘူး' လို့ ငိုပြလိုက်... နင့်ဒေါ်လေးက အားလုံး နင့်သဘောပဲ"

သုန္ဒယ်က ဆရာကြီးလုပ်၍ ဒီခရီးကို စီစဉ်ပေးသည်။

အိမ်သားတွေကတော့ ကိုယ့်ကိုယ်ကို ဂရုစိုက်ဖို့ မှာကြ၏။

"ဒီမှာပဲ တိတ်တိတ်လေး နေဦးမယ်ဆိုလည်း ရတယ်နော် သမီး၊ ပြဿနာ မရှိဘူး၊ ခရီးထွက်ပြီးတော့မှ တစ်ယောက်တည်း ဒုက္ခရောက်ရင် ကယ်မယ့်သူ ဝေးလိမ့်မယ်"

သတိလည်း ပေးကြသည်။

ကျေးဇူးတော့ တင်ပါသည်။

ဒါပေမယ့် စုစု မိဘတွေလို စကားသံထွက်မလာမီ သူမ သွားမှဖြစ်မည်။ လိုလားနေတဲ့သူတွေ မလိုလားတဲ့အထိ မဖြစ်စေချင်။



www.burmeseclassic.com

www.burmeseclassic.com



အစ,က ဆုံးဖြတ်ခဲ့တာလည်း လွှာ လမ်းပေါ်မှာ သွားလာနေတာတွေကို အထင်မြင်သေးတဲ့သူတွေ မပြောမဆိုနိုင်အောင်လို့ပါ။

ခုတော့... ထိုလူတစ်ယောက်ကို ဘယ်လိုမှ လက်မခံနိုင်သည့် အဖြစ်ကြောင့် မိဘကိုလည်း အတိုက်အခံလုပ်ခဲ့မိပြီ။

အရင်တစ်ခါထက် ဆိုးသော ဘဝနှင့် လမ်းပေါ်ရောက်ခဲ့ရ၏။

ဟိုတုန်းက သတင်းထောက်မလေး အဖြစ်။

မိဘလုပ်ငန်းကို ကူညီနေသူ...

ခုကျမှ တကယ့် အိမ်ပြေး ကလေကချေမလေး...

အားလုံးဟာ သူ့ကြောင့်...

ဘာပဲလုပ်လုပ် စိတ်အခန့်မသင့်ဖြစ်တိုင်း ဒီလူ့မျက်နှာကြီးပဲ ပေါ်ပေါ်လာသည်။

မကျေနပ်စိတ်က အမြဲရင်သန်နေချင်၏။

သုနွယ်ကို သေချာ နှုတ်မဆက်ခဲ့ရသဖြင့် တွဲတွင်းသို့ ပြန်လှည့်ခဲ့ရသည့်တိုင် စိတ်မကောင်း ဖြစ်နေမိဆဲ။

လက်မှတ်ယူထားသည့် Upper ခန်းထဲသို့ ရောက်လာတော့ ပိုစိတ်ညစ်သွားသည်။ အမျိုးသမီးတစ်ယောက်နှင့် အတူစွာနေရမည့်ကိစ္စမှာ ပြဿနာ မဟုတ်ပေမယ့် ကိုယ့်မှာ ကျောပိုးအိတ်လေး တစ်လုံးတည်းနှင့်။





"စောင်တစ်ထည်တော့ ယူမှပေါ့ဟာ၊ ခဏလေးပဲစီးစီး တစ်ညတည်းပဲစီးစီး ဒီတိုင်း တောင့်တောင့်ကြီး ထိုင်နေမှာလား"

ဆွဲချကြည့်မှ အိတ်ထဲမှာ သုနွယ် ထည့်ပေးလိုက်သည့် ကတ္တီပါစောင်ပါးလေး တစ်ထည်တည်း ပါသည်။

နှစ်ဦးအတူရှိနေသည့် အခန်းထဲတွင် လွှာက ကျောပိုးအိတ်ကို အနားမှာချ၍ ကုလားထိုင်မှာ ထိုင်နေတာ ငြိမ်ငြိမ်လေး။ ဘာမှလည်း စားစရာမပါ။ တစ်ခုခုကို အပျင်းပြေကောက်ဖတ်နေဖို့ စာအုပ်ဆိုလို့ ဖုန်သုပ်သည့် စက္ကူတောင် မရှိ။

တစ်ဖက်က အမျိုးသမီးမှာတော့ တစ်ယောက်တည်းနှင့် ဆွဲခြင်းက နှစ်လုံး။

ဆွဲခြင်းနှလုံး ဆိုတာလည်း လက်တစ်ဆွဲ သေးသေးကွေးကွေးမဟုတ်။

အလွန်မြင့်မား ထွားကျိုင်းသော ကြိမ်ဆွဲခြင်းကြီး တစ်လုံးနှင့် အစိမ်းရောင် ပလတ်စတစ်ခြင်းကြီး တစ်လုံး။

ကြိမ်ခြင်းကြီးထဲမှာ ငါးဆင့် စတီးချိုင့်ကြီးနှစ်လုံး။ ဘတ်ဘူး ပန်းကန်ပြား၊ အချိုရည်ပန်းကန်၊ ကိတ်မုန့်၊ မုန့်ဘူး၊ အချဉ်ထုပ်တွေ ဆိုတာ စားပွဲပေါ်မှာ နည်းနည်းနောနော မဟုတ်။

ခြင်းတွေထဲကိုလည်း မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ချထားသမျှကလည်း နည်းတာမဟုတ်။

ဒီကြားထဲမှာ ဖြန့်မချသေး အိပ်ရာလိပ်ကြီးက အိပ်စင်ပေါ်မှာ တစ်ယောက်စာ အိပ်ခန်းမှ ဟုတ်ရဲ့လားဟု ထင်ရလောက်သည်။

ဘယ်ကနေ ဘယ်အထိ သွားမှာမို့လို့ ဒီလောက် သယ်ချလာပါလိမ့်...

ဖြစ်ရလေ... အစားနဲ့ ပါးစပ်ကလည်း အပြတ်ခံချင်ပုံ မပေါ်။

ရထား ထွက်လာတာဖြင့် မကြာသေး...

လက်တစ်ဖက်က မုန့်ဘူးထဲမှာ၊ မျက်လုံးနှစ်လုံးက စာအုပ်ဆီမှ မခွာ။ စားနေလိုက်တာလည်း ညင်ညင်သာသာ မဟုတ်ဘဲ တပြတ်ပြတ် ဝါးသံကြီးက အဆက်မပြတ်။

အစကတော့ ကြောင်တောင်တောင် ငုတ်တုတ်ထိုင်နေ ရသည့် ကိုယ့်အဖြစ်နှင့် ယှဉ်၍ စိတ်ကသိကအောင့် ဖြစ်ရ ရယ်...။

ကြာလာတော့ ဒေါသပါ ထွက်လာမိသည်။

ဘုတာတစ်ခုရောက်လျှင် တစ်ခါ မုန့်တွေဝယ်၊ ဖွင့်စား...

"ဟွန်း... ဆီထမင်းကလည်း ညံ့လိုက်တာ"

"ရေခဲရေဆိုပြီး အေးမှမအေးဘဲ"

"ချိုးကြော် ရောင်းစားပြီး ဆီနဲ့မကြော်ဘူး ထင်တယ် ပြုတ်စားတဲ့ အတိုင်းပဲ တကယ်"





ပါးစပ်က ပေါက်ပေါက်ဖောက်သလို တစ်ချက်မှ မနား။

ဟိုအစားကို တွန်းဖယ်၊ ဒီအစားကို ရွှေ့ပစ်နှင့် စားပွဲပေါ်မှာ စားစရာတွေ ပိုးလိုးပက်လက် ဖြစ်လာသည်။

စာအုပ်ကိုကြည့်၍ ရေ့ထည့်တော့ ရေခွက်ထဲကနေ ရေတွေလျှံကာ စားပွဲပေါ်မှာ ရေနဲ့ စားစရာ ပက်လက်တွေ မိတ်ဖြစ် ဆွေဖြစ် လက်ဆွဲနှုတ်ဆက်ကုန်ကြ၏။

နီးနီးလေးမှာ ထိုင်နေသည့် လွှာ ဘယ်လိုမှ နေလို့ မရတော့။

ပါးနီတွေလည်း ဆိုးထားသည်။ နှုတ်ခမ်းနီရဲရဲကိုလည်း ဆိုး၏။ မျက်လုံးတွေကိုလည်း မည်းအောင် ခြယ်သထားသော ထိုမျက်နှာ မလှမပကြီးကို မကြည့်သလို ကြည့်ပစ်လိုက်မိ၏။

သူမက လွှာ့ မျက်ဝန်းတို့ကို ဂရုမစိုက်သလို ပြန်ကြည့်တာ...

"စားချင်တာရှိရင် ယူစားနော်၊ အားမနာနဲ့... တို့က ကိုယ်ချင်းစာလို့" တဲ့။

လွှာ့မှာ ပိုက်ဆံမရှိလို့ မစားနိုင်၊ မသောက်နိုင် ငုတ်တုတ် ထိုင်နေရသည်ဟုများ မှတ်လေသလား။

လွှာ့နှုတ်ခမ်းလေးတွေ တင်းခနဲ လွန့်ခနဲ လှုပ်ခတ်ကုန်၏။

"စားစရာက စားစရာနဲ့မှ မတူတော့တာ၊ ရှင့်ပစ္စည်းတွေ နည်းနည်းပါးပါး သိမ်းပါဦး၊ တစ်ယောက်ယောက်



www.burmeseclassic.com

www.burmeseclassic.com



မြင်သွားရင် ဘယ်သူ့စားထားမှန်း မသိဘဲ စည်းမရှိ ကမ်းမဲ့ ပရမ်းပတာ နေတတ်လိုက်တာလို့ သိမ်းကျုံး ပြောသွား လိမ့်မယ်"

"ဟင်"

အနီရောင်သမ်း၍ ဖြောင့်စင်းနေသော်လည်း ဒီဖိုင်းဆံ ပုံစံ ခပ်မြင့်မြင့် သိမ်းတင်ထားသော ဆံပင်တောင့်တောင့် ထိုးထိုးထောင်ထောင်တွေက သူမ လှုပ်လိုက်တိုင်း ခေါင်း ပေါ်မှာ စုပရင်တပ်ထားသည့် မြင်းမြီးတွေလို တုန်ခါ လှုပ်ခတ် နေကြသည်။

ထိုခေါင်းကိုပဲ တမင်လှုပ်အောင် ဘာလုပ်လုပ် သူမက မျှပ်ခနဲ ချာခနဲ လှုပ်ရှားပစ်တတ်ပြန်သည်။

လှိုက်ကို မလိုအပ်ဘဲ မေးဆတ် မော့ကြည့်ပြီး...

"မင်းမှာ စားစရာမရှိလို့ ငုတ်တုတ်ထိုင်နေတာ အခ ခတ်ဖို့ လွယ်ပါတယ်ကွာ၊ ဒါတွေ မင်းစားထားတယ် ထင်စရာမရှိပါဘူး... ဟွန်း"

လှိုက တွတ်ခမ်းလေး မဲ့လိုက်ပြီးမှ ရယ်သည်။

"စားချင်ရင် ဝယ်စားလို့ရနေတာပဲ၊ တစ်ချိုက် တစ်ပိုက်စာ သယ်လာပြီး မချိုမဆန့် တစ်ယောက်တည် မရမက မျိုချ နင်းသိပ်နေဖို့ မလိုပါဘူး။ အဟွန်း... မန မြိန်စာ မနက်ဖြန်မှ စားမှာပေါ့၊ ညစာက ညကျမှ စားမ တစ်အောင့်လောက်ကြာရင် သေရတော့မယ့်လူလို တစ်





တ တစ်သက်စာကို တစ်ထိုင်တည်း ဘယ်လိုလုပ် မျိုချမလဲ၊ တော်ကြာ လူစား မစားဘူးလို့ ကဲ့ရဲ့သွားရင် ဒုက္ခ"

"ဟင်... မိုက်ရိုင်းလှချေလား"

"ရှင်ပြောတဲ့ စကားကို လိပ်ပတ်လည်အောင် ရှင်းပြ တာပါ၊ ဒီလမ်း ဒီခရီးမှာ ငွေရှိရင် ဝယ်စားလို့ရတယ်၊ စားစရာမရှိဘူးလို့ ရှင်ပြောတဲ့စကား ရှင် နားလည်စေချင်တာ"

"တောက်"

သူမက ဒေါသ ထွက်နေသည်။ လှိုက ပြုံးနေ၏။

"မင်းနဲ့ငါ မတွေ့ဘူးနော်၊ တန်းတူ လာမပြောနဲ့"

"မှန်တာပေါ့... ရှင်နဲ့ လှို မတွေ့ဘူးဆိုတာ အကဲခတ် ရ လွယ်သားပဲဟာ"

လှိုက မျက်လုံးကို အထင်မြင်သေးခြင်းတွေ တမင် ပေါ်လွင်အောင် ထည့်၍ ပြန်ကျဲနေသော စားစရာတွေဆီ ကြည့်ပြုံလိုက်၏။

ထိုစဉ် နောက်ထပ် ဘူတာတစ်ခုကို ရောက်လာသည်။

အခန်း၀,ထိ ရောက်လာသည့် ဈေးသည်ကို ခေါ်၍ လှိုက မုန့်ဝယ်၏။

"တစ်ယောက်စာပဲ ပေးနော်၊ မဆန့်မပြ မျိုချလို့ရမှာ မဟုတ်ဘူး"

တမင် ကျယ်ကျယ်ပြောပစ်လိုက်၏။ သူမ၏ မျက်လုံး တွေက စကားမဆိုဘဲ စူးရဲပြင်းထန်စွာ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏနေနှင့် ပြန်ရုပ်သိမ်းသွားကာ အိပ်စင်ဘက်ကို ထ,ကာ ထွက်သွား၏။ သူမကိုယ်လုံးကလည်း အတော့်ကို လှပါသည်။

အရပ်အတော်ကြီးမြင့်ကာ စွင့်ကားသော တင်သားများနှင့် စည်းချက်ညီနေသည်။

ဒေါ်သတကြီး တုံ့ပြန်ချက်တွေ ရောက်မလာသဖြင့် လှိုင်ာ နည်းနည်းတော့ အံ့သြသွားမိသည်။

ပခုံးတစ်ဖက် တွန်ပစ်ရင်း ဝယ်ထားသည့် မုန့်ကိုပဲ ထိုင်စားနေလိုက်သည်။ ထိုစဉ် တံခါးခေါက်သံ ထွက်ပေါ်လာ၏။

လှိုင်ာ ထ,မလို့ ပြင်လိုက်တုန်း သူမ ခပ်သုတ်သုတ် လျှောက်ကာ တံခါးသွားဖွင့်၏။

ယောကျ်ားတစ်ဦး၏ မျက်နှာကို သူမ ပခုံးကြားမှ မြင်လိုက်ရသည်။

နှုတ်ခမ်းမွေးကားကား အသည်းမည်းကာ အထဲကို မျက်လုံးဝေ့ကြည့်ရင်း လှိုင်ာကိုတွေ့တော့ ဘာတွေမေးနေသည် မသိ။ တအောင့်ကြာတော့ တီးတိုးပြောနေရာကနေ အမျိုးသမီး အပြေးတစ်ပိုင်း လှည့်ဝင်လာသည်။

ပစ္စည်းတွေကြားထဲမှာ တစ်စုံတစ်ခုကို ကသောကမျော ရှာဖွေနေ၏။ လက်ထဲမှာ အနက်ရောင် ရှူးအိတ်လေးတစ်ခု ကိုင်မိလိုက်ပြီး ဒီဘက်ကို ပြန်လှည့်ပေးလာသည်။

တံခါးဝ,က လူက အထဲကို ဆတ်ခနဲဝင်လိုက်ပြီး အမျိုးသမီးဆီက ပစ္စည်းကို ပြေးယူ၏။





လှိုင်ာ သူတို့ပုံစံ သေပြေးရှင်ပြေးကို တစ်စိုက်မတ်မတ် လိုက်ကြည့်နေမိ၏။ ထို့နောက် ဝင်လာသူက...

"ပြန်ထွက်လို့ မဖြစ်လောက်ဘူး၊ ငါ ဒီကထွက်မယ်"

အသေပိတ်ထားသည့် ဘေးတံခါးဆီ ပြေးကပ်လိုက်၏။

"ဒုန်း"

ပိတ်ထားသည့် ရှေ့တံခါးက ဒုန်းခနဲ ဆောင့်ပွင့်သွားသည်။ အနက်ရောင် ဝတ်စုံနှင့် လူတစ်ယောက် ရိပ်ခနဲ ခုန်ဝင်လာ၏။

"ဟင်"

ထိုသူကို မြင်လိုက်သည်နှင့် လှိုင်ာ တအံ့တသြဖြစ်ကာ နေရာမှ ထ,ရပ်လိုက်မိ၏။

"အလင်းဘွဲ့"

"ပာ... ဟိတ်"

"ခွပ်"

ကန်ချက်က တစ်ဖက်လူ၏ မေးဖျားသို့ လှလှပပ ဆိုသည်။ ထိုသူ ယိုင်ထွက်သွားလျှင် အမျိုးသမီးက အရှိန်ဖြင့် ဝင်တိုးသည်။ သူမကိုယ်ပေါ်က ခပ်ကျပ်ကျပ် စကတ်ထဘီက ဘယ်ရောက်သွားမှန်း ရုတ်တရက် မတွေ့လိုက်၏။

ကြည့်လိုက်မှ ရထားကြမ်းခင်းပေါ်မှာ အပုံလိုက်။

ဒါ လူဆိုးတွေပဲ... ပုံတွေဖျက်ပြီး သွားလာ လုပ်ရှား နေကြတာ။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးနှင့် ရောထွေးသွားစဉ် ဟိုလူ ဖျပ်ခနဲ ကုန်းထ,ကာ တံခါးမဆီ ပြေး၏။ ဘွဲ့က အမျိုးသမီး နောက်ဆုတ်သွားအောင် ရင်ဘတ်ကို တစ်ချက် ပင့်ရိုက်ပစ်လိုက်၏။

အမျိုးသမီးက အထိမခံဘဲ နောက်ဆုတ်လိုက်သည်နှင့် ကိုယ်ကို ချာခနဲ လှည့်လိုက်ပြီး တံခါးဆီ ပြေးသူကို ခုန်ကန် ပစ်လိုက်သည်။

"အွန့်"

ဘွဲ့က လုစ်ခနဲ လုစ်ခနဲ လှုပ်ရှားသွားသည်။

ယောက်ျားထံမှ အဝတ်နက်ထုပ်ကလေး သူ့လက်ထဲ ရောက်သွား၏။ ထိုလူ ကိုယ်လွတ်ရုန်းပြေးဖို့ ကြိုးစား၏။

အမျိုးသမီးက သစ်သီးနွှာသော ဓားပါးလေးနှင့် သူ့ကို ပြေးထိုး၏။

ဘွဲ့ ခြေတစ်လှမ်းဆုတ်ရှောင်၍ လက်ကို ပင့်ရိုက်ပစ်လိုက်လျှင် ဓားက လွတ်ထွက်သွားသည်။

သူမလည်း အရှိန်နှင့် ဟတ်ထိုးလဲ၏။

အဖြစ်အပျက်တို့ ရှုပ်ထွေးသွားကာ ပြန်ကျလာသော ဓားသည် ဟိုလူလဲကျသွားသည့် အောက်မှာ ခံထားသလို ဖြစ်သွားပြီး...

"အား"

လွှာ လန့်ဖျပ်ကာ ကိုယ့်ပါးစပ်ကို ပြန်အုပ်လိုက်မိသည်။ လူသတ်ခြင်းကို တစ်သက်နဲ့ တစ်ကိုယ် မမြင်ဘူး—





မကြောက်တတ်သည့်စိတ်က သွေးကို မြင်လိုက်တော့ ဘယ်ဆီ ထွက်ပြေး လွင့်စင်သွားမှန်း မသိ။

အသိတရားတို့က ဘယ်ကဘယ်လို တွန်းပို့လိုက်မှန်း မသိဘဲ လွှာ အခန်းဝ,ဆီ ပြေးကပ်လိုက်မိသည်။

ဒီခန်းထဲမှာ လူဆိုးတွေ ရှိနေသည်ပဲ။ သူမပါ ဒီထဲမှာ ပါသည်ဟု သိမ်းကျုံး အထင်မခံနိုင်။

"ဟိတ်... မထွက်နဲ့"

ဘွဲ့ လွှာ့နားကို ဖျတ်ခနဲရောက်လာကာ တံခါးကို ကိုင်လိုက်သည့် လွှာ့လက်ကိုပါ ပုတ်ချပစ်လိုက်၏။

သူက မြန်လွန်းသဖြင့် လွှာ ရှောင်ချိန်မရလိုက်ဘဲ ပုတ်အချ ခံလိုက်ရသည့်လက်က ထုံကျင် အောင့်တက်သွားသည်။

"အ"

ညည်းသံသဲ့သဲ့ ထွက်သွားမိပြီး လွှာ ဒေါသ ထွက်သွားမိ၏။ တံခါးကို နောက်တစ်ခါ ပြန်ဖွင့်ဖို့အလုပ်မှာ အမျိုးသမီး ခုန်ထ,လာသည်။

ဘွဲ့က လွှာ့ကို တံခါးနဲ့ဝေးသွားအောင် ပခုံးတစ်ဖက်မှ ဆောင့်တွန်းပစ်လိုက်ပြီး အမျိုးသမီးကို ဖျန်းခနဲ ရိုက်ချပစ်လိုက်သည်။ အမျိုးသမီး လွင့်ထွက်သွားသည်။

"မင်း... ဘယ်လိုဖြစ်နေတာလဲ၊ ငြိမ်ငြိမ်နေ"

"ဘာလို့နေရမှာလဲ၊ ဒီမှာ ရောကော သောကော အထင်ခံရရင် ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



လွှာက ပြန်အော်သည်။

"မင်းထွက်သွားမှ ဒီကထွက်ပြေးလာတဲ့ တစ်ယောက် ထင်ပြီး အပြင်ကနေ ဆွဲစေ့လိုက်မှာ၊ အပြင်မှာ ရဲတွေရှိနေတာ မင်း သိလား"

"လွှာနဲ့ ဘာမှမဆိုင်ဘူး"

"ငါ သိတယ်... အဲဒီမှာပဲနေလိုက်"

လွှာ့အသံလေးတွေ တုန်နေတော့ သူ့လေသံ ပျော့ကျသွား၏။

နှစ်ယောက်လုံးကို လက်ထိပ်ခတ်လိုက်အပြီးမှာ အပြင်ကနေ ပြေးလွှား ဝင်လာကြသည့် ခြေသံတချို့နှင့် ရဲနှစ်ယောက်။

သေနတ်တွေ အသီးသီးပါသော်လည်း ယူနီဖောင်းနဲ့တော့မဟုတ်။ အခန်းထဲဝင်လိုက်သည်နှင့် လွှာ့ဆီ မျက်လုံးအရင် ရောက်လာကြသည်။

ဘောင်းဘီရှည်အနက်၊ စပို့ရှပ်ပွပွ အဝါရောင်နှင့် လွှာ့ကို စူးစူးရဲရဲ ကြည့်ပြီးမှ ဘွဲ့ဘက်ကို လှည့်၏။

"ဆရာ... ဖွက်ကြီး ဆိုတဲ့ကောင် လွတ်သွားတယ်"

"ခုန်ချသွားတာလား"

"ဟုတ်တယ်... တော်တော်နဲ့တော့ ထ,နိုင်မှာမဟုတ်ပါဘူး၊ အောက်မှာ မိမှာပဲ"

"ရော..."

ဘွဲ့က ပစ္စည်းကို တစ်ယောက်ထံ လှမ်းပေးလိုက်၏။





"တော်တော်လည်တဲ့ ကောင်တွေ၊ တစ်ဖက်က အခွက်ပြပြီး ဒီဘက်ကနေ လှည့်ထုတ်တာ"

ပစ္စည်းယူလိုက်သူက အိတ်ကို ဖွင့်ကြည့်ပြီး ပခုံးတွန့်လိုက်၏။

"နည်းတာတွေ မဟုတ်ဘူး ဆရာ"

ထိုစဉ် နောက်ထပ် ဝတ်စုံပြည့်နှင့် ရဲနှစ်ယောက် ထပ်ရောက်လာ၏။

"ဆရာ... သူကကော"

တောင့်တောင့်လေး ရပ်နေသည့် လွှာ့ကို မေး၏။

ဘွဲ့က လှမ်းကြည့်ပြီး ခေါင်းခါလိုက်သည်။

"ခရီးသွားပါ... ဘာမှမဆိုင်ဘူး၊ မင်းတို့ ဒါတွေ မြန်မြန်ရှင်း"

"သူသေပြီ ဆရာ"

ဆီးခုံမှာ ဓားစိုက်လျက် ယောက်ျားက သေဆုံးနေပြီဖြစ်၏။ အမျိုးသမီးမျက်နှာမှာ ခြောက်ခြားဟန်များနှင့် ရဲများလက်ထဲမှာ ဂျစ်ကန်ကန် ပါသွား၏။

သူမနှင့်ပတ်သက်သော ပစ္စည်းအားလုံးကို သိမ်းဆည်းလိုက်ကြပြီး လွှာ့ကို ကြည့်ပြန်သည်။ တစ်ယောက်က...

"ဆရာ... သူ့အိတ်ကို စစ်လိုက်ရမလား"

"မစစ်နဲ့"

သူ့စကားတစ်ခွန်းကြောင့်ပဲ လွှာ့ဘက်ကို ဘယ်သူမှ လှည့်တော့ဘဲ အခန်းထဲမှာ အားလုံးရှင်းသွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့က နောက်ဆုံးမှ ထွက်ပြီး တံခါးနားရောက်မှ ပြန်လှည့်လာသည်။

"အထက်လွှာ... မင်း ထွက်လာတဲ့အကြောင်း အိမ်မှာ ဘာစာမှ မရေးခဲ့ဘူးလား"

"မရေးခဲ့ဘူး"

ဒါကိုပဲ ဘွဲ့မျက်နှာက အလွန်အမင်း မကျေနပ်ဖြစ်သွားသလို နှုတ်ခမ်းတစ်ချက် စေ့သွားသေးသည်။

ဒါကို ပြောချင်သည်။ ပြောဖို့က အချိန်မရ။

တာဝန်ချိန်ဖြစ်နေသဖြင့် ကိုယ်ရေးကိုယ်တာ ဖြေရှင်းဖို့ အချိန်မပေးနိုင်။ သို့သော် မထင်မှတ်ဘဲ တွေ့လိုက်ရသည်ကို လက်လွှတ်ခံလို့မဖြစ်။

သူမကို တကူးတက ရှာဖို့တောင် ဖေဖေက အမိန့်ချထားခဲ့သေးသည်။

လက်စသတ်တော့ မယ်မင်းကြီးမက မြို့ထဲမှာပဲ အောင်းနေခဲ့တာကိုး။

"မင်းလုပ်သွားပုံက အကုန်လုံး အရှုံးဖြစ်ကျန်ခဲ့တာ"

"ရှင်နဲ့ လက်မထပ်ချင်လို့ ထွက်သွားတာလေ၊ ရှင်းနေတာပဲ"

"ထပ်ရှင်းဖို့ လိုတယ်၊ အဲဒါကို မင်း စာတစ်စောင်လောက် ရေးခဲ့ရင်ပြီးပြီ၊ အခုဖြစ်နေတာက စေ့စပ်ပွဲကို ငါ မတက်ဖို့ မင်းထွက်သွားသလိုမျိုး"





"ဘာမှမဆိုင်ဘူး"

"ဆိုင်လို့ ပြောနေတာ... ဖေဖေတို့ဆန္ဒက ယောကျ်ားလေးရှင်ဘက်က ဝတ္တရား ပျက်ကွက် ချို့ယွင်းတာမျိုး လုံးဝ မဖြစ်စေချင်ကြဘူး၊ အဲဒီတော့ မင်းဘက်က လုံးဝဖျက်သိမ်းတဲ့အကြောင်း ဆောရီး ဆိုရင်လည်း လက်ပြသွားပေါ့ကွ၊ ဟိုလိုလို ဒီလိုလို မထားခဲ့နဲ့လေ"

"အို... မလိုဘူးထင်လို့ မလုပ်ခဲ့တာ၊ ရှင်တို့ကိုက သက်သက်အကျယ်ချဲ့ပြီး ပြောနေတဲ့ကိစ္စ၊ ထားလိုက်တော့ အားလုံးပြီးပြီ"

ဘွဲ့မျက်နှာ နီမြန်းသွား၏။

လွှာ့ကို စိုက်ခနဲကြည့်ပြီး လှည့်ထွက်သွား၏။

"ရတယ်... မင်း ပြောတဲ့စကားတွေကို မင်း ပြန်ပြောရဲရင် ပြီးပြီ"

ဟု ပြောသွားတော့သဖြင့်...

"ရှင်ကြီးလည်း ပြောတာပဲ၊ အဲဒါလည်း မမေ့နဲ့"

လွှာက သူကြားအောင် အသံကိုမြှင့်လို့ ပြောလိုက်၏။

သူ ထွက်သွားသောအခါ လွှာ တစ်ယောက်တည်း ကျန်နေခဲ့၏။

သိပ်မကြာလိုက်မီ ရုံးထားက အလုပ်သမားတွေ ဝင်လာကာ ပေကျံခဲ့သည့် သွေးကွက်တွေကို သေချာ ဆေးကြောကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သွေးနှင့်ရေ ထိတွေ့လိုက်မှုကြောင့် ထွက်ပေါ်လာသည့် အနံ့အသက်က ဘယ်လိုမှ သည်းခံလို့မရ။ ညှီစို့စို့ စိမ်းရွှေရွှေ...

လှော်မျက်နှာလေး ရှုံ့တွသွားကာ ကျောပိုးအိတ်ကို ကောက်လွယ်သည်။

လူသေထားတဲ့ အခန်းကြီးထဲမှာလည်း ဆက်မနေရဲ တော့တာမို့ အပြင်ကိုပဲ ထွက်ခဲ့လိုက်၏။

ဒီရထားနဲ့ ခရီးမဆုံးခင်တော့ ခံလိုက်ဦးတော့ ဒုက္ခ။

အပြင်မှာ အတော်လေး ဆူညံ ပွထ,ကျန်ခဲ့တာလည်း မြင်လိုက်ရသည်။ တရားခံ ဖမ်းမိသွားသည့်အကြောင်းတွေပဲ ခရီးသည်တွေ ပြောလို့မဆုံး။

"ရဲလို့ မထင်ရဘူးနော်"

"ခရီးသည်တွေထဲမှာ အရပ်ဝတ်နဲ့ ကိုယ်ယောင်ဖျောက် နေကြတာပေါ့"

"စပို့ရှပ်အနက် ဘောင်းဘီအနက်နဲ့လူက လူကြီး ဖြစ်တယ်၊ ငယ်ငယ်လေး ရှိသေးတာပဲ၊ ချောလည်း ချောတယ်"

"စိန်တွေ မနည်းဘူးတဲ့"

အထဲကနေ လှော ထွက်လာတော့ လှည့်ကြည့်ကြကာ တီးတိုး ပြောကြပြန်သည်။

စိတ်ညစ်လိုက်သည့် ဖြစ်ခြင်း။





အခန်း (၁၂)

"ကျွန်တော်တို့ ရထားစီးလာတာ ဆရာ"

"ကလေးကလားကွာ"

"ဘယ်ကလာ ကလေးကလားရမလဲ၊ လူကြီးတွေ တောင် လူတိုင်းစီးရဲတာ မဟုတ်ဘူး၊ ဟိုမှာတွေ့လား... တော်တော်မြင့်တာ ဆရာရဲ့"

သန်းစိုးက ရထားပတ်လမ်းတွေကို မေးဆတ်ပြရင်း...

"နားချိန်ရတုန်းလေး လွတ်လွတ်လပ်လပ် နေလိုက် စမ်းပါ ဆရာရယ်၊ ကစားပွဲတွေ ဝါသနာမပါဘူးမို့လား၊ ဆရာပဲ ဒီမှာစီး၊ လူတွေကို အပေါ်စီးက ကြည့်ရတာပေါ့၊ ဟဲ ဟဲ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းက သွားကစားမယ်ပေါ့"

"ဆရာကလည်း တစ်ခါတလေပါ"

နယ်စပ်မြို့လေးမို့ လူတွေလည်း စုံသည်။

ပွဲလမ်းသဘင်တစ်ခု ရှိပြီဆို ကစားဝိုင်းတွေကလည်း စုံ၏။ စိုးသန်းကို တစ်ခါတလေမို့ လွှတ်လပ် ပျော်ပါးခွင့် ပြုပေးလိုက်ပြီး သူကိုယ်တိုင်ကတော့ သေနတ်ပစ်၊ ဓားပေါက် ပစ်ကွင်းဘက်ကို လျှောက်လာခဲ့မိ၏။

ပွဲခင်းဟု သတ်မှတ်ထားသည့် ကွင်းကြီးထဲမှာ လူတွေလည်း ပြည့်ကျပ်နေသည်။ စားသောက်စရာ ဈေးတန်းနှင့် လောင်းကစားဝိုင်းတွေကသာ ပိုများနေ၏။

"ဒိုင်း"

သေနတ် ပစ်ကွင်းလေးဆီ သူ လျှောက်လာတော့ နှစ်ချက်ပစ်တာ တစ်ချက်မှ အလယ်ပွိုင့်ကိုး မထိသည့် လူငယ်တစ်ယောက်က သေနတ်ပြန်ချပြီး ထွက်သွားခဲ့သည်။

"သမီးရယ်... မိန်းကလေးပဲ သေနတ်ပစ်စရာလား"

"ဘာဖြစ်လဲ ဒေါ်လေးရဲ့... မိန်းကလေး သေနတ် မပစ်ရတော့ဘူးလား။ လာပါ..."

အသံကို ရင်းနှီးနေသလိုရှိကာ ဘွဲ့ အသံလာရာကို ဖျတ်ခနဲလှည့်ကြည့်မိ၏။ ကံကြမ္မာဟာ တိုက်ဆိုင်စွာ တွေ့ဆုံ စေတာလား။ တကယ့်ကို ထူးဆန်းစွာ ဆုံနေကြတာလား။

အံ့ဩလောက်ပါသည်။





လွှာနှင့်သူ ဒီလောက်တောင် ဆုံစည်းနေကြတာ ထူးတော့ ထူးဆန်းနေပြီ။ ပြီးတော့ စိတ်ပျက်ဖို့လည်း ကောင်း၏။

သေနတ်ကို ကောက်ချိန်လိုက်ကတည်းက ဗဟိုကို ဘယ်လိုမှ ထိမှာမဟုတ်ဘူးဆိုတာ သူ သိသည်။

"ဒိုင်း"

ဗဟိုမှ ဘေးနှစ်ကွက်ခြားမှာ ထိသွားသည်။

သူ ပြုံးလိုက်မိ၏။

နောက်ထပ် ချိန်နေတာ အတော်ကြာသွားသည်။

"ဒိုင်း"

ဗဟိုနှင့် သုံးကွက်ခြားသွားသည်။ လွှာ့မျက်နှာလေးမှာ ခေါ်ကျေနပ်ခြင်းတွေ ယှက်သမ်းလာ၏။

သေနတ်ကို သေချာဆုပ်ကိုင်ရင်း ဘယ်လက်နှင့် ထပ်ဆုပ်သည်။ သို့သော် ဒီတစ်ခါ ပို၍ကြာမြင့်စွာ ချိန်နေ၏။

ဘေးလူတချို့က သူမနှင့် သေနတ်ကိုပဲ စူးစိုက်ကြည့် နေကြသည်။ ဘွဲ့က လွှာ့နောက်မှာ ခဏရပ်ကာ ခလုတ်ပေါ်မှာ ကွေးတင်ထားသည့် လက်ညှိုးကလေး လှုပ်ရှားလာတော့မှ သေနတ်ကိုင်ထားသည့် လက်အထက်ကနေ အသာလေး ပင့်တင်ပေးလိုက်၏။

"ဒိုင်း"

သူ လှမ်းထိလိုက်ချိန်တွင် ကျည်ဆန် ထွက်သွားသည် က တစ်ချိန်တည်း ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



လွှာ ဟင်ခနဲ ဖြစ်သွားချိန်မှာ သု လှည့်ထွက်လာ
သည်။ ပစ်မှတ်သည် ဗဟိုတည့်တည့်မှာ တိကျစွာ...

"ဘယ်ရောက်သွားလဲ"

လွှာ ချက်ချင်း နောက်လှည့်ရှာသည်။

ကျာကင်အနက်နဲ့ အရပ်မြင့်မြင့်ကြီးကို မှတ်မိလိုက်

ဟုတ်တယ်... ဘွဲ့ပဲ.... သူမှ သူအစစ်။

ဘယ်ရောက်သွားလဲ။

သွားအဖြီးသားနှင့် လက်ခုပ်သံတချို့ ထွက်လာသည်

လွှာ ပီတိမဖြစ်ဘဲ ဒေါသတွေ ဖိတ်လျှံလာ၏။

သက်သက် လူစွာ ဝင်လုပ်သွားတာ။

ရိပ်ခနဲမြင်လိုက်ရပြီး ဘယ်ရောက်သွားမှန်း မသိ။

"ဘာရှာနေတာလဲသမီးရဲ့၊ ဟိုမှာ ဆုကြေးသွားယူလေ"

ဒေါ်လေးကလည်း လွှာ ပစ်နိုင်တာကို ပြုံးနေသည်

ဒီလူ နောက်ကနေ ဆရာကြီး ဝင်လုပ်သွားတာ
မမြင်လိုက်တဲ့အတိုင်း။ ဒီပြင် လူတွေကလည်း သူမကို
အထင်တကြီးကြည့်၍ ပြုံးနေကြသည်။

"တောက်"

သူကတော့ ငါမှန်းသိမှာ... စိတ်တို့သည် ပြန်လာ
သည်အထိ သူ့ထံသို့သာ တကောက်ကောက် လိုက်နေခဲ့
သည်။ လက်ကိုဝင်တည့်ပေးပြီး ထွက်သွားလိုက်တာ ဒီလော
တော် မြန်ရသလား။





အလင်းဘွဲ့ ဆိုသူသည် လွှာ့အပေါ် အမျိုးမျိုး
ကပ်ဖဲ့၍ အနိုင်ယူနေသည့်သူ။ စကားပြော၍လည်း အရှုံးမပေး။

အမူအရာအားဖြင့်လည်း ခပ်ကြောကြောပဲ နေပြသည်။

ထိုသူ့ကို လွှာ ကြည့်မရရုံမက မုန်းကို မုန်းပါသည်။

ဘာမှမဟုတ်ခဲ့သော အသေးအဖွဲလေးကအစ မှတ်မှတ်
ရရ မုန်းနေခဲ့၏။

"ဒေါ်လေးကလည်း ဒါလေးတောင် မမြင်လိုက်ဘူးပေါ့"

"မြင်လိုက်သားပဲ... ဒါပေမယ့် ဖျတ်ခနဲ လှုပ်လိုက်တာ
မှန်းပဲ သိတာ၊ ဘာလုပ်လိုက်မှန်းကို မသိလိုက်ဘူး၊ ဒေါ်လေး
က သေနတ်ပြောင်းဝ,ကိုပဲ အာရုံရောက်နေတာကိုး။ ကျည်ဆန်
ဘယ်လို ထွက်မလဲဆိုတာပဲ သတိထားနေတာ"

ကောင်းသားပဲ...လွှာ အိပ်ရာဝင်သည်အထိ မကျေနပ်။

ငါ မြဝတီမှာရှိနေတာ ဒက်ဒီတို့ကိုများ သူ အကြောင်း
ကြားလိုက်မလား။ စိုးရိမ်စိတ်ကလည်း ဖြစ်သည်။

ရထားပေါ်မှာ ဆုံတုန်းကတော့ လွှာ ဘယ်သွားမှာမှန်း
သူ မသိလို့ ဖြစ်မည်။

ခု သိသွားတော့ သူ ဒီတိုင်းနေပါ့မလား။

နေနေ မနေနေ လွှာကတော့ ဒီမှာပဲ နေရတော့မှာပါ။

မိန်းကလေးဖြစ်နေသည့်အတွက် ဟိုအိမ်ကပ်နေ ဒီအိမ်
သိုက်နေ နေလို့ မသင့်တော်။ ဒေါ်လေးကလည်း လွှာ့သဘော
လွှာ့ကို အလိုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သားနဲ့သမီး နှစ်ယောက်ရှိတာ နှစ်ယောက်လုံး နိုင်ငံခြားမှာ ပညာတော်သင်နဲ့ သွားနေကြသည်မို့ ယယ်ငယ်နှောင်းနှောင်းချစ်စရာ ဒေါ်လေးမှာ လွှာပဲရှိသည်။

"သမီးအစ်ကိုနဲ့ အစ်မလည်း ရှိကြတာမဟုတ်ဘူး။ ဒေါ်လေးဆီမှာပဲနေ သမီး။ ကိုကြီးကို ဒေါ်လေး ပိုင်တယ်၊ သူ ပြန်မပေါ်ပါဘူး"

ဟိုတုန်းကတည်းက အလည်လာပြီဆို ပြန်သွားမှာ စိုးသည့်သူ။ ခုလည်း လွှာ့ကိုတောင် ချော့နေသေးသည်။

"ဒီမှာ စိတ်ချလက်ချနေ... သမီး ဘယ်မှထွက်မသွားနဲ့တော့၊ မလိုချင်တဲ့ယောကျ်ားကိုလည်း ယူစရာမလိုပါဘူး။ ယောကျ်ားပေးစားဖို့ ကိုကြီးလိုက်ခေါ်ရင် ဒေါ်လေး ပြောပေးမယ်"

ဟု အာမခံခဲ့သေးသည်။ ဒါပေမယ့် ပူနေရသည်က ဖက်ဒီမဟုတ်။ မာမီ့စိတ်ကို လွှာ သိသည်။

ဒေါ်လေးလည်း ဖက်ဒီကို ဆိုးနွဲ့ အနိုင်ယူလို့ရချင်ရမည်။ မာမီ့ကိုတော့ သိပ်ပြောရဲ ဆိုရဲ ရှိမှာမဟုတ်။

မာမီက အကြီး... ဒေါ်လေးက အငယ်။

ပြီးတော့ လွှာကိုယ်တိုင် စေ့စပ်ဖို့ကို သဘောတူခဲ့တာ စိတ်တွေ လေးလံကာ လွှာ တော်တော်နှင့် အိပ်မပျော်နိုင်





# အခန်း (၁၃)

ရဲမှူးကြီးရုံးခန်းထဲက အထွက်မှာ ဖုန်း မြည်လာသဖြင့် သူ ထုတ်ကိုင်လိုက်သည်။

"သား"

"ဗျာ... ဖေဖေ"

"၂/ရပ်ကွက်ထဲက (......) ခြံကို အခုလာခဲ့"

"ဖေဖေ... ဖေဖေ ဒီကို ရောက်နေတယ်"

"အေးလေ... အရေးကြီးတယ်၊ မင်းအချိန်ရတာ၊ မရတာ အခုပြော"

"အချိန်ရပါတယ်... ဖေဖေ ဘာလုပ်မလို့လဲ"

"လုပ်စရာရှိလို့ပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ဖုန်းချသွားပြီ ဖြစ်၏။

ပြောမသွားသော်လည်း တစ်စုံတစ်ခုဆိုတာကို မျက်ခနဲ မြင်လိုက်မိ၏။ လွှာ... မြဝတီမှာရှိနေတာကို သူ သတင်းပို့ပေးလိုက်မိသည်။ ပို့သင့်သည်ဟုလည်း ထင်၍ဖြစ်သည်။

"ဖေဖေ... လွှာ မြဝတီမှာရှိတယ်၊ သူ့အဒေါ်နဲ့ နေတာထင်တယ်၊ ဘယ်မှာမှန်းတော့မသိဘူး၊ အဲဒါ သူ့မိဘတွေကို ဖေဖေ ပြောပေးလိုက်ပါ၊ သူတို့ချင်းတော့ သိမှာပေါ့"

ဖေဖေ့ကို ကမန်းကတန်း ပြောရသလိုမျိုး ဘာမှ ထပ်မမေးခင် သူ ဖုန်းပိတ်ပစ်လိုက်သည်။

သူ ဖေဖေ ရောက်လာတာ ဘာအတွက်ဖြစ်နိုင်မလဲ။

ခေါင်းတော့ ကြီးသွားပြီ...

သူ ဆိုင်ကယ်ကို ဒေါက်ဖြုတ်၍ ခွထိုင်လိုက်သည်။

ထင်သလို ဖြစ်မလာဖို့သာ ဆုတောင်းရတော့မည်။

ဆိုင်ကယ်ကို ခြံနံပါတ်အတိုင်း အသာလေး လှမ်းဝင်လိုက်၏။ အထဲမှာ အိမ်ကကားကို လှမ်းမြင်လိုက်သည်။

အလွန်လှသော ပန်းရောင်စုံအိုးတွေ စနစ်တကျ ရှိနေသည့် အလယ်မှာ မိတ်ကပ်ရောင် တိုက်ပြားလေးတစ်လုံး။

ပေါ်တီကိုနိမ့်နိမ့်အောက်မှာ ကားနှစ်စီး ရှိနေ၏။

နောက်ကား၏ရှေ့ ကားနှစ်စီးကြားလောက်မှာ သူ့ဆိုင်ကယ်ကို ရပ်သည်။ မဆင်းသေးမီကတည်းက အထဲကို လှမ်းကြည့်မိ၏။



သွားပြီ...။

မြင်လိုက်ရသည့် ဧည့်ခန်းလေးထဲမှာ လူကြီးတွေစုံနေတာကို ဝေ့ကြည့်လိုက်မိသော်လည်း ဖေဖေ့မျက်နှာကြီးနှင့် စူးရဲသော မျက်ဝန်း တစ်စုံကသာ မျက်လုံးထဲကို ဝင်းခနဲ ဝင်လာသည်။

ဖေဖေ ဘာအတွက်ခေါ်မှန်း သူ လုံးဝနားလည်သွား၏။

အထက်လွှာ ဆိုသော မိန်းမ၏ နောက်ထပ် အထင်မြင်သေးစွာ ကြည့်လာမည့် မျက်လုံးများကို ဘယ်လိုရှင်းမလဲ။

ရှုပ်ထွေးခြင်းက မျက်နှာကို အရောင်ရင့်သွားစေသည်။

မျက်မှောင် ကုပ်ထားတတ်သည့် အကျင့်က ပို၍ အကြည့်ရဆိုးသွားသလား မသိ။

"လာ... သား"

ဖေဖေ့ဘေးမှာ ဝင်ထိုင်လိုက်မိသည်အထိ လွှာ့မျက်နှာကို သူ မကြည့်တော့။

"သမီး ဒီမှာရှိနေတာကို သား ပြောလို့ပေါ့၊ မဟုတ်ရင် ဟိုမှာ ဘယ်လောက်စိတ်ပူနေရမလဲ မသိဘူး၊ သိပ်မိုက်တဲ့ မိန်းကလေး၊ မာမီ ခွင့်မလွှတ်ဘူးလို့ အတန်တန် ပြောထားလျက်နဲ့"

ဘွဲ့ မျက်လုံးတွေ လွှာ့ထံ ရောက်သွား၏။

"ဟွန်း"

လွှာ နာနာကျင်ကျင် မဲ့ပစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး"

ရင်ထဲမှာပဲ ကျယ်လောင်စွာ မြည်ဟီးသွား၏။

မှားပြန်ပြီ... ငါပဲမှားတာ။

သွားအကြောင်းကြားမိတာကိုက မှားသွားတာ။

ဒေါသ ဖြစ်ရမည်လား... ဖြေရှင်းဖို့ ကြိုးစားရမှာလာ

ဘာမှန်းမသိဘဲ ရင်ထဲမှာ လုံးထွေးသွားသည်။

နှစ်ဖက်မိဘကတော့ အတူရောက်လာကြကတည်းက

စိတ်တူ သဘောတူ ဆုံးဖြတ်ခဲ့ကြပြီးသား။

ဒေါ်ရုပ်လွှာ စကားကို ဒေါ်နိုင်နိုင်လင်းက ရှေ့ဆက်

"ဩော်... လူငယ်တွေက ဒီလိုပါပဲ၊ သူတို့ချင်

မရင်းနှီးကြတော့ မလိုလားစိတ်တွေ ရှိနေကြမှာပေါ့၊ အခ

ကလည်း တောင်းပန်ချင်တာ၊ အဲဒါပဲ... သားနဲ့ သမီး

ရင်းနှီးဖို့ အခွင့်အရေးမပေးနိုင်ဘဲ ခုလို စီစဉ်ကြရတာ စိတ

တော့ မကောင်းပါဘူးကွယ်၊ သားရဲ့အလုပ်ကလည်း အ

လောက် အချိန်မရဘူး။ ပြီးတော့... အရွယ်တွေ ရောက်

ကြပြီဆိုတော့ မိဘက သင့်သလိုစီမံပေးသင့်ပြီလို့ လူကြ

တွေက တွက်ကြတာပေါ့"

"အန်တီတို့ဘက်ကတော့ ကလေးတွေ ဘယ်လို

စိတ်အတွေးမှားမှား ခွင့်လွှတ်ပြီးသားပဲ၊ ရှေ့ဆက် သင့်မြ

ချင်တာပဲ ရှိတယ်၊ ဒီတော့ ဒီမှာ မိဘတွေလည်း စုံနေပြ

သား တာဝန်ကျနေတဲ့ အရပ်ဆိုတော့ သားလည်းရှိနေပြ





သမီးလေး ဒီကို ရောက်လာတာကိုက ဖူးစာလို့ပဲ မှတ်ရ

တော့မှာပဲ"

ပြောပြီး ဒေါ်နိုင်နိုင်လင်းက ပြုံးလိုက်သည်။

ဒေါ်ရုပ်လွှာကလည်း ပြုံးရယ်နေလို့ပါ။

ဘာမှ မပြောသာတော့သော အခြေအနေမှာ လွှာ

ပါးစပ်ပိတ်နေလိုက်၏။

ဒေါ်လေးကတော့ အထပ်ထပ်ချော့ရှာသည်။

မာမီတို့ ရောက်လာတော့ သူမ သတင်းပို့တာမဟုတ်

ကြောင်း။ အဲဒီကတည်းက လွှာ ထင်လိုက်သည်။

ရောက်လာတော့ ပိုရှင်းသွား၏။

ပြောတော့လည်း အောက်စည်းက တစ်ချက်မှမနေ။

လုပ်လိုက်တော့ ဒီလမ်းကြောင်းကပဲ...။

"သမီး ဒီမှာပဲပျော်ရင် ဒီမှာနေပါ၊ မာမီတို့ကတော့

လက်ထပ်ပေးပြီးရင် ပြန်ကြမှာ၊ ဘာပဲဖြစ်ဖြစ် အိမ်ထောင်

ရက်သား ချပေးပြီးရင် မာမီတို့ ရင်အေးသွားရပြီ"

မာမီက အဆုံးသတ် ပြော၏။

လွှာ့ကို အမြဲတမ်း အလိုလိုက်ခဲ့သော ဒက်ဒီကလည်း

ဒါကို ထပ်၍ အတည်ပြုလိုက်သေးသည်။

"ဟုတ်တယ် သမီး... သမီး အခုလို စိတ်နောက်

ကိုယ်ပါ ဖြတ်ခနဲ ဖျပ်ခနဲ ဆုံးဖြတ်လွယ်ပြီး သွားတတ် လာ

တတ်တာကို ဒက်ဒီလည်း မကြိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သမီးပုံစံနှင့် မြို့လယ်ခေါင်က သူဌေးမလေး ဆိုတာနှင့်လည်း ဖြစ်မှာမဟုတ်။ သမီးလေးက လှသည်။ လှ၍ချစ်ခင်ယုယပြီး အလိုလိုက်နေတဲ့ ယောက်ျားဖြစ်သွားလျှင် ရေရှည်ဒီလိုပဲ အလိုလိုက်နိုင်ပါ့မလား ဟု တွေးကာ သူတို့ပဲ ရင်ပူနေရမည်။

မိဘက အလိုလိုက်ထားခဲ့ပေမယ့် ထပ်၍ အလိုလိုက်နေဦးမည့် အိမ်ထောင်ဘက်နှင့်တော့ မဖြစ်စေချင်။

ထိုအချက်ကို ဖနီးသည် ဒေါ်ရုပ်လွှာကပဲ ရှာဖွေထောက်ပြခဲ့တာဖြစ်သည်။

"မောင်ဘွဲ့ဟာ တည်ကြည်တယ်၊ ရည်မွန်တယ်၊ သမီး လက်ခံနိုင်လောက်တဲ့ ရုပ်မျိုးလည်းရှိတယ်၊ သမီးနဲ့ အလိုက်ဖက်ဆုံးပဲ အစ်ကို၊ ရှင့်သမီးကို ဒီတိုင်း လွှတ်ထားမယ့် ယောက်ျားမျိုးမဟုတ်တာ သေချာတယ်"

ထိုအဖြစ်ကိုပါ ဦးသက်လွင် ယုံကြည်ခဲ့တာဖြစ်၏။

စေ့စပ်ပြီးမှ သမီး ထွက်သွားခဲ့သည့်အဖြစ်ဟာ နောက်ထပ် အလိုမလိုက်သင့်တော့ဘူး ဆိုတာကို ထောက်ပြလိုက်သလို ဖြစ်ခဲ့သည်၊ ထို့ကြောင့် အလိုမလိုက်တော့ဖို့ ဆုံးဖြတ်ခဲ့၏။

မင်္ဂလာကိစ္စကို အကျဉ်းရုံး စီစဉ်ဖို့ လူကြီးတွေက စီစဉ်ကြသည်။

ဘွဲ့လည်း ဘာမှဝင်မပြော။

လွှာက ပါးစပ်ပိတ်နေ၏။





မြန်မြန်ဆန်ဆန်ကြီး ရောက်ချလာကာ ပြောင်းလဲသွားခဲ့သည့် အဖြစ်တို့က မယုံနိုင်စရာတွေ ဖြစ်ကုန်သည်။

ထူးဆန်းစွာပဲ သူနဲ့ လွှာ လက်မှတ်ထိုးပြီးကြသည်အထိ စကားတစ်လုံးမှ မပြောဖြစ်ခဲ့ကြ။

လက်မှတ်ထိုးကြတော့ ရဲအရာရှိတွေပါ ပါကြသည်။

မင်္ဂလာပွဲ မလုပ်ဖြစ်သည့်မို့ ကျွေးမွေး ညှိခံပွဲလေးမှာပဲ လက်ဖွဲ့တွေပေးကြ၊ ဆုမွန်းကောင်တွေ တောင်းကြ။ နှိုကြေနေကြသည်။

"ကွန်ဂရက်ကျူးလေးရှင်း"

"ရာသက်ပန် ပေါင်းရပါစေ"

ဆုတောင်းသံများကြောင့် လွှာ ဟွန့်ခနဲ မဲ့သည်။

"မနက်ဖြန်ပဲ ချက်ချင်း ကွဲရပါစေ"

လွှာ့နှုတ်ခမ်းတွေ လှုပ်နေတာကို ဘွဲ့က ဖျပ်ခနဲသုမ်း ကြည့်သည်။ မျက်စောင်းတစ်ချက် ပစ်ဝင်သွား၏။

မသိမသာမဟုတ်ဘဲ ဆတ်ခနဲ မျက်နှာပါ ပါအောင်စပ်ပစ်နစ်နစ် ထိုးပစ်လိုက်တာ ဖြစ်သည်။

အနားမှာ အရာရှိတွေ ရှိနေကြ၏။

"မင်းဖနီး တကယ်လှတယ် ဘွဲ့"

တိတ်တိတ် ကပ်ပြောကြ၊ ရယ်ကျဲကျဲ စ,ကြနှင့်မိတ်ဆွေတွေ ထိုမျက်စောင်းကို မြင်သလား မမြင်ဘူးလား သိ။



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့မျက်နှာ ရဲခနဲ ဖြစ်သွားသည်။

ကလေးမဟုတ် ဘာမဟုတ်... ဒီမိန်းမ လွန်ပြီ...။

ထူပိတ် မည်းနက်နေသော မျက်တောင်ရှည်တွေ ဖျပ်ခနဲ ပိတ်ကျသွားကာ နှုတ်ခမ်း ပြည့်ပြည့်လေးတွေပါ ဟိုဘက် ဒီဘက် ရွဲ့စောင်းသွားအောင် ထိုးပစ်လိုက်တဲ့ မျက်စောင်း။

လှသည့်မျက်နှာမှာ ဘယ်လိုပဲ တွန့်လိမ် မဲ့ရွဲ့သွားလည်း လှနေသည်သာ။ ဘွဲ့မှာတော့ လှတာကိုမမြင်နိုင်။

ရှက်ရှက်နှင့် မေးကွဲသွားအောင်သာ ပိတ်ထိုးပစ်လိုက်ချင်သည်။ လူတွေ မပြန်ကြသေးမချင်းဘဲ ဒီမျက်နှာဆီ မကြည့်မိအောင် နေလိုက်၏။

"ဒီညတော့ သူ့နောက် မလိုက်ချင်ပါဘူး" ဟု လွှာက ပြောလာသဖြင့် လူကြီးတွေက အလိုလိုက်ကာ

"သားလည်း ဒီည ဒီမှာပဲနေလိုက်တော့"

ဟု သတ်မှတ်သွားကြ၏။

ဒီမှာဆိုတာက ဒေါ်ယုယုခိုင်၏ နေအိမ်ပဲဖြစ်သည်။

မိတ်ဆွေ အပေါင်းအသင်းများနှင့် သွားလာရင်း အိမ်ပြန်ဝင်တော့ ည ကိုးနာရီ ကျော်သွားသည်။

သူ ရောက်လာတာမြင်သည်နှင့် လွှာက ဧည့်ခန်းထဲမှ ရပ်ကာ ဗီစီဒီချပ်တွေ ရွေးနေရာကနေ ဖျတ်ခနဲ လှည့်ထွက်သွား၏။





ဘွဲ့က ခြေလှမ်းကျဲများနှင့် အမီလိုက်၍ လက်မေတ္တူပဲ၊ ကို ဆောင့်ဆွဲပစ်လိုက်သည်။

"မယ်မင်းကြီးမ" လို့

"ဘာလဲ"

လက်ကို ပြန်ဆောင့်ရုန်းကာ လေသံက လူကို ပစ်မှန်သွားလောက်အောင် ဆောင့်ထူး၏။

ထိုအခါ ဒေါ်ယုယုခိုင်ကို သတိရသွားမိသည်။

ဒါပေမယ့် သူတောင် ကိုယ့်လူတွေထဲမှာ မျက်စောင်းထိုးသေးတာ၊ ဘယ်သူ့ကိုမှ ခေါင်းထဲမထည့်ဘဲ လွှာ့ကို စေ့စေ့ကြည့်၍...

"မင်းမိဘတွေ ဒီကို ရောက်လာတဲ့ကိစ္စမှာ ငါ့အပြစ်လွတ်အောင် ငါလုပ်ခဲ့တာပဲရှိတယ်၊ ဒီမင်္ဂလာပွဲဖြစ်ဖို့ မဟုတ်ဘူး"

"ရှင့်ကို ဘယ်သူက မေးနေလို့လဲ၊ ဟွန်း... အပိုတွေ"

လွှာက ဆံပင်တွေ ခါထွက်သွားအောင် လှည့်ထွက်လိုက်သည်။

"အပိုတွေ မဟုတ်ဘူး... ပြောတာကို နားထောင်"

သူ လွှာ့လက်ကို ထပ်ဆွဲသည်။

သို့သော်... လက်ကိုမဲမိတော့ဘဲ ရိပ်ခနဲ လှည့်ဝင်သာသည့် လက်သီးချက်ကို ကမန်းကတန်း ရှောင်လိုက်ရ၏။

"မင်း... ငါ့ကို ရန်မစ,နဲ့နော်"

"စတော့ ဘာဖြစ်လဲ၊ ရှင်ကြီး သူများအသားကို ထိရဲ ရင် ထိကြည့်"



www.burmeseclassic.com

နောက်ထပ် လက်သီးတစ်ချက် ဝင်လာပြန်သည်။

ဘွဲ့ ဖတ်ခနဲ ပုတ်ချပစ်ကာ ကိုယ် နောက်ပြန်လှည့်၍ ဖက်ပိုးကို လက်ပြန်ရိုက်ပစ်လိုက်၏။

ဘယ်လိုမှမထင်အောင် မြန်လွန်းသဖြင့် လွှာ သေလုမျောပါး ရှောင်လိုက်ရသည်။ ဒါတောင် ခံပင်တွေ သူ့လက်ဖျားနှင့် ခတ်မိကာ လည်တိုင်မှာ စပ်ဖျင်းဖျင်း ဖြစ်သွား၏။

ကိုယ်ကို မတ်မတ်ပြန်မရပ်နိုင်သေးမီ ပတ်ကန်ပစ်လိုက်သည့် ခြေဖျားက ခါးစောင်းကို ရောက်လာသည်။

ရှောင်လိုက်သော်လည်း အဖျားခတ်မိသွားပြန်သည်။

"အ..."

လွှာ မခံမရနိုင်အောင် နာကျင်ကာ ဘယ်လိုမှ မထိန်းလိုက်နိုင်ဘဲ ယိုင်ထွက်သွားလေသည်။

မြန်လွန်းသော ဘွဲ့၏လှုပ်ရှားမှုများ၏ အပြီးသတ်မှာ လက်ကလေးနှစ်ဖက်မှ သိမ်းချုပ်ခြင်း ခံလိုက်ရကာ လွှာ ကိုယ်လေး သူ့ရင်ခွင်ထဲ ရောက်သွား၏။

"လွှတ်နော်"

လွှာ အံကလေးကြိတ်၍ အတင်းပြန်ရုန်းသည်။

သို့သော် လက်တွေ အဆမတန် နာကျင်ကာ လှုပ်ပင် မလှုပ်နိုင်တော့။

"မှတ်ထား... မတူရင် မတုရဘူး၊ ရှေ့လျှောက် ဒါ ဘယ်လိုဖြစ်လာမလဲဆိုတာ မင်းသိဖို့တွေ ရှိသေးတယ်၊ မင်းရော





ငါရော မိဘကို မလွန်ဆန်နိုင်ကြတာချည်း အတူတူပဲ၊ ဒီမင်္ဂလာကိစ္စမှာ ဘယ်သူ့ကြောင့်ဆိုတာ မရှိဘူး"

"ရှိတယ်... ရှင့်ကြောင့်... ရှင် လွှာ့ကို လိုချင်လို့ လိုက်ကပ်ပြီး ညာဏ်တွေဆင်နေတာ"

"ကဲ... ဟုတ်တယ်ဆိုတော့ အခု မင်း ဘာတတ်နိုင်သေးလဲ"

အရှုံးတိုက်ပစ်ချင်သည့် စိတ်က ချက်ချင်းဝင်လာသည်။

နောက်ကနေ သိမ်းချုပ်ထားတာကြောင့် မြင်နေရသည့် မျက်တောင်ကော့ကော့ နားသယ်စပ် ရှိန်းမြမြသည့် ပန်းနုရောင် ပွင့်ချပ်လွှာပေါ်မှာ လှချင်တိုင်း လှနေ၏။

"ရှင်... ရှင်နော်... အား"

မျက်နှာတစ်ခြမ်းမှာ နွေးခနဲ ဖြစ်သွားလျက် ရှက်ရှက်နှင့် လွှာ တအားဆောင့်ရုန်းပစ်လိုက်၏။

လက်တို့က အဆမတန် နာကျင်သွားပြီး မျက်ရည်များပင် ဝဲသည်။

"လူယုတ်မာ... သက်သက်အနိုင်ကျင့်တာ"

ဘယ်လိုရှောင်လို့မှ မရ...

လွှာ အရှုံးပေးလိုက်ရသောအခါ အနမ်းတို့သည် အားနာရမှန်း မသိတတ်သော ညည်သည်လို...။

"အလင်းဘွဲ့... ရှင့်ကို သိပ်မုန်းတယ်... သိလား"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"ရှင်... အထဲမှာအိပ်၊ လှသာ အပြင်မှာပဲအိပ်မယ်"

ဟု ပြောတော့ ဘွဲ့က အခန်းထဲဝင်လာပြီး ခေါင်းအုံး ကောက်ယူကာ...

"လုပ်မနေနဲ့... မင်းကိုလည်း စိတ်မဝင်စားဘူး။ လင်မယားတော်နေရပြီး ခဏခဏ သတ်ပုတ်နေရမှာစိုးလို့ နောက် မစ,ရဲအောင် ပညာပေးလိုက်တာ၊ ဒီထဲမှာ မင်းပဲအိပ်"

သူ ထွက်သွားတော့ လှသာ တံခါးကို သော့ခတ်ပစ် လိုက်သည်။ နှစ်ယောက်အိပ်မွေ့ရာ မဟုတ်သော်လည်း ဒီတစ်ညအတွက် ချက်ချင်းပေးလိုက်ကြသည့် ခုတင်က ကျယ်ကျယ်ဝန်းဝန်းပါပဲ။





တစ်ယောက်တည်း ထိုင်နေ၍ ပါးပြင်နှစ်ဖက်ကို အုပ်ဖမ်း လိုက်မိကာ ရင်တွေ တဒိန်းဒိန်း ခေါင့်ခုန်လာ၏။

နွေးထွေး ရှိန်းမြနေဆဲရှိသည့် နှုတ်ခမ်းသားလေးကို ဖိကိုက်ထားရင်း မုန်းတီးစိတ်က တရစ်ရစ်တက်၏။

ဒီလိုလူနဲ့ တစ်သက်လုံး ပေါင်းရမည်ဆိုလျှင်...

မိုးစင်စင်လင်းမှ သူနိုးတော့ ဘွဲ့ မရှိတော့ပေ။

"လာ... သမီး... ဘွဲ့ကတော့ အစောကြီး ထ,ထွက် သွားတယ်"

ဟု ဒေါ်လေး ပြောတော့ ဝမ်းသာလိုက်သည့် ဖြစ်ခြင်း။

"သမီး"

"ရှင်"

"ညက မောင်ဘွဲ့ အပြင်မှာအိပ်နေတာ ဒေါ်လေး တွေ့တယ်"

လက်ဖက်ရည်ပွဲမှာ ထိုင်မိကြသည်နှင့် ဒေါ်ယုယုနိုင်က စ,မေးသည်။

"ဟုတ်တယ်"

လှသာကလည်း အမှန်အတိုင်းပဲ ပြောလိုက်၏။

ဒေါ်လေးကို ကြောက်၍ လွှဲပြောစရာမှ မလိုတာ။

ဒါပေမယ့်... ဒေါ်လေး မျက်နှာပျက်သွားခဲ့၏။

လှသာ့အတွက် လက်ဖက်ရည်ငှဲ့ထည့်ပေးရင်း...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုအိပ်ဖို့ ဘယ်သူက စ,တာလဲ သမီးရယ်၊ လက်ထပ်ပြီးတာနဲ့ မိန်းမသားဘဝဟာ အရာရာကို စဉ်းစား ချင့်ချိန်ဖို့တွေချည်းပဲ၊ မဆိုးပါနဲ့"

"ဘာကို ချင့်ချိန်ရမှာလဲ ဒေါ်လေး၊ လွှာလည်း မချစ်နိုင်ဘူး၊ သူကလည်း မချစ်ဘူး၊ ဒီကြားထဲ ဟိုအရင်ကတည်းက မတည့်ကြတဲ့ဥစ္စာ၊ မင်္ဂလာဦးညကျမှ အားလုံးကို မေ့ပစ်လိုက်လို့ ရမလား။ ကြင်နာ ယုယတယ်ဆိုတာ တစ်ယောက်နဲ့ တစ်ယောက် ချစ်မှ ဖြစ်တဲ့ကိစ္စတစ်ခု"

"ချစ်သွားကြဖို့ လက်ထပ်ပေးလိုက်တာပဲကွယ်၊ တစ်ဦးနဲ့ တစ်ဦး ရင်းနှီး ဆက်ဆံကြရင်း ချစ်လာကြမှာပေါ့၊ ဒီလိုသာ ခပ်စိမ်းစိမ်းနေသွားကြရင် ရှေ့ဆက် အိမ်ထောင်ရေး သာယာဖို့က လွယ်မလား"

ပိုကောင်းတာပေါ့ဟု စိတ်ထဲက ပြောမိရင်း လွှာ လက်ဖက်ရည် ငုံသောက်လိုက်သည်။

အသံမထွက်သော်လည်း လွှာ မျက်ခုံးလေးပင့် နှုတ်ခမ်းလေး ရွဲ့နှင့် လုပ်သွားတာကို ဒေါ်ယုယုခိုင်က နားလည်သည်။

"ခက်ပါလား"

ဟု ခပ်တိုးတိုးညည်း၏။ သဘာဝကိုလွန်ဆန်ဖို့ ကြိုးစားတာဟာ အန္တရာယ်ကြီးမှန်း ဒီကလေးတွေ မသိကြပါကလား။





## အခန်း (၁၅)

လှည့်ပတ်ကြည့်တော့ တိုက်ခန်းလည်း မဟုတ်။

သံမံတလင်း ခင်းထားသည်။ ပျဉ်ထောင် သွပ်မိုး။

ဧည့်ခန်း၊ အိပ်ခန်း၊ ရေချိုးခန်း၊ ရေအိမ် အားလုံး အပြည့်အစုံနှင့်ပေမယ့် အပေါ်ထပ် အောက်ထပ် မရှိ။

တကယ့်ကျဉ်းကျဉ်းလေးပဲ ဖြစ်သည်။

နှစ်ထပ်တိုက်ကြီးနှင့် ခြံဝန်းကျယ်ကြီးမှ နေလာခဲ့သည့် လွှာ့မျက်နှာလေး ရှုံ့မဲ့နေသည်။

"ဒါက လူပျိုဆောင်ပေါ့၊ လက်ထပ်ခွင့် မကျသေးဘဲ ကိုယ့်ဆရာတွေနဲ့ ညှိနှိုင်းပြီး မင်းကို လက်ထပ်လိုက်ရတာ၊ လောလောဆယ်တော့ ဒီမှာပဲနေရမှာပဲ"

www.burmeseclassic.com



ပစ္စည်းတွေသူ့ပဲနေရာချ၊ ပါးစပ်ကလည်း ပြောနေသည်။

"လွှာ ဒေါ်လေးတိုက်မှာပဲ နေမယ်"

ဖုန်စုပ်စက်ကို ဒိုင်းခနဲ ပစ်ချလိုက်ပြီး သူက လှည့်ကြည့်သည်။

"ဘာလို့နေရမှာလဲ... မင်းက ကိုယ့်မိန်းမပဲ၊ ကိုယ်နေတဲ့ နေရာမှာပဲ နေပေါ့"

"ဘာမိန်းမလဲ... ရှင်နဲ့လွှာ ချစ်ကြတာလည်းမဟုတ်ဘူး၊ ဘာသာယာမှုမှုလည်း ရှိမှာမဟုတ်ဘူး၊ ရှင်လည်း လက်ခံခဲ့တာပဲဟာ"

"ဘာလက်ခံတာလဲ... ဘာကိုပြောတာလဲ၊ အိမ်ထောင်ပြုကြတာ ပျင်းလို့ အိမ်လည်ကြတာမှ မဟုတ်တာ၊ မင်းသာယာအောင် ကိုယ်က သီချင်းဆိုပြရဦးမှာလား"

"အချစ်ကိုပြောတာ... ရှင့်ကို လွှာ မချစ်ဘူး"

လွှာ ရှင်းရှင်းပဲ ပြောပစ်လိုက်သည်။

သူက မျက်နှာ တစ်ချက်မှ မပျက်။

"မင်းကိုလည်း ဘယ်သူကမှ မချစ်နိုင်းဘူး၊ ချစ်တာတွေ မေတ္တာတွေ ဒီမှာ ကဗျာစာတစ်ဖွဲ့ စာတစ်ဖွဲ့ လာမလုပ်နဲ့ ကိုယ်က ကဗျာသမား မဟုတ်ဘူး၊ ပြောထားမယ်နော်၊ မင်းကိုယ့်ကို ဆိုးချင်လို့မရဘူး၊ လုံးဝ အလိုမလိုက်ဘူး"

အိမ်ပေါ်ရောက်တာ ဖင်ပူအောင် မထိုင်ရသေးခင် သူက ကြေညာပြီ။ နောက်ကျမှ ဓားနဲ့ပဲထ,ခုတ်ကြ ခုတ်ကြဒါ ပြေစရာလား။





သူကတောင် ဘာကိုမှ ဂရုမစိုက်သေးတာ လွှာက ဘာလို့ မပြောရဲရမှာလဲ။

"ဒီကလည်း ရှင်းရှင်းပဲ အလင်းဘွဲ့၊ မချစ်ဘဲနဲ့တော့ လူကို လုံးဝထိဖို့ မကြိုးစားနဲ့၊ အထူအပါးမသိတဲ့ လူပြိန်းတွေကသာ အချစ်ကို ချိုသလား၊ ခါးသလားလို့ မေးကြမှာ၊ လွှာတို့က တန်ဖိုးထားတယ်၊ ရှင်ကြီးကို လုံးဝမချစ်ဘူးလို့ ပြောပြီးသား၊ ဆောရီး..."

"တောက်... တော်ကွာ... ပစ္စည်းတွေ လိုက်သိမ်း၊ မင်းနဲ့ ကိုယ် ကလေးတွေလို ရန်ချည်းပဲဖြစ်မနေချင်ဘူး"

"ဖြစ်တယ်... ရှင်ကြီးနဲ့ ရန်သူပဲ ဖြစ်နေရမှာ"

"လွှာ"

ဘွဲ့ တစ်ချက် အော်လိုက်ပြီး လွှာ့ပခုံးလေး နှစ်ဖက်ကို သူ့ဘက် ဆွဲလှည့်ပစ်လိုက်သည်။

လွှာ သူ့လက်တွေကို တိုက်ခိုက် ရုန်းထွက်ဖို့ စိတ်ကူးလိုက်သေးသည်။ ဒါပေမယ့် သူက အတူး လေ့ကျင့်ထားသည့်သူ။ သူနဲ့ ယှဉ်တိုင်း လွှာ ရှုံးခဲ့တာ သူလည်း နိုင်ဖို့က မသေချာ။

တကယ်လို့ သူ့လက်ထဲမှာ ထပ်မိသွားခဲ့လျှင်...

ဟိုတစ်နေ့က အဖြစ်ကို တွေးမိကာ လွှာ ဒီတိုင်းပဲ ငြိမ်နေလိုက်မိ၏။

သူက လွှာ့မျက်နှာလေးကို သေချာ စိုက်ကြည့်နေပြီး–



www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ ကိုယ့်မိန်းမ ဆိုတဲ့ ပိုင်ဆိုင်မှု ကိုယ့်မှာရှိတယ် အဲဒီအတွက် ချစ်တာ မေတ္တာ မပါဘဲ ဖောက်လွဲဖောက်ပြန် မဖြစ်စေရပါဘူးလို့ ကိုယ် အာမ မခံနိုင်ဘူး"

လွှာ့မျက်နှာလေး ရဲခနဲ ဖြစ်သွားသည်။

"မင်း လိမ်လိမ်မာမာ နေပေါ့"

သူက လွှာ့ကို လွှတ်လိုက်ပြီး နာရီ ကြည့်သည်။

"ကိုယ် သွားစရာရှိတယ်၊ မင်း နိုင်သလောက် သိမ်းထားပေါ့၊ မသိမ်းဆည်းချင်လည်း ဒီတိုင်းထားလိုက်၊ ဘယ်အချိန် ပြန်လာမယ်ဆိုတာ ပြောလို့မရဘူး၊ ချက်ပြုတ်ပြီးရင် စားထားနှင့်"

"ဘာ... ဘာနဲ့ ချက်ရမှာလဲ၊ ခုမှပြောင်းလာတဲ့ဟာ ထမင်းစာချိန်ရောက်ရင် ဒေါ်လေးဆီမှာ သွားစားမယ်"

တစ်ဖက်လှည့်လိုက်ပြီးမှ သူ ချက်ချင်းပြန်လှည့်လာ၏။

"လုံးဝနော်... လုံးဝ မသွားရဘူး၊ တော်ကြာ ရဲဘော် လေး တစ်ယောက် မင်းလိုအပ်မယ့် ပစ္စည်းအားလုံး လာပေး လိမ့်မယ်၊ ထပ်လိုသေးရင် သူ့ကိုခိုင်း၊ မီးဖိုထဲမှာ ခလုတ်ဖွင့် ချက်ရုံပဲ၊ အားလုံး အဆင်သင့် ပြင်ပေးထားတယ်"

"ဒီမှာ"

"ဘာလဲ"

သူ ထပ်၍ ကျောခိုင်းလိုက်ပြီးမှ လွှာ အော်လိုက်တော့ သမင်လည်ပြန် ကြည့်သည်။





သူ့မျက်နှာက လွှာ့ဆီ တည့်တည့်မရောက်လာတော့ လွှာကပဲ သူ့မျက်နှာရှေ့ကို သွားရပ်လိုက်၏။

"ရှင်က ဘာမို့လို့ ဒီလောက် ပါဝါတွေ ပြနေရတာလဲ၊ သွားမယ်... ပြောပြီးပြီနော်... လုံးဝကို သွားပြမယ်"

ဘွဲ့က စူးခနဲကြည့်ပြီးမှ နှုတ်ခမ်းတွန့်၍ ပြုံးသည်။

ထို့နောက် ဘာမှမပြောဘဲ လှည့်ထွက်သွားလေသည်။

အကြီးအကျယ် အတိုက်အခံပြောမလို့ ပါးစပ်ထဲမှာ တစ်လုံးကြီးထည့်ထားသည့် စကားတွေ အလကားဖြစ်သွားသည်။

သူ လက်ပါတတ်တာသိ၍ လိုအပ်လျှင် တုံ့ပြန်ဖို့ အသင့်ပြင်ထားခဲ့သော လက်သီးဆုပ်ကလေးတွေကို ပြန်ဖြေရသည်။

ဆိုင်ကယ်သံ ဝေါခနဲ ပျောက်ကွယ်သွားတော့မှ ရူပုတ်တင်းမာနေသော မျက်နှာက နဂိုအတိုင်း ပြေကျသွားသည်။

သွားချင် သွားလို့ ပြောလိုက်တာလား...

ဒါမှမဟုတ် သူ့မှာ ဘယ်လိုအကြံဉာဏ်တွေ ရှိနေလို့လဲ။

တစ်အိမ်လုံးကို လှည့်ပတ်ကြည့်လိုက်တော့ နေရာမကျသေးသည့် အခင်းတွေ၊ ကန့်လန့်ကာတွေ၊ မီးဖိုချောင်သုံး ပစ္စည်းတွေ။ မှန်တင်ခုံကြီးကအစ ညှိခန်းဘက်မှာ ဒီအတိုင်း။

"မှန်တင်ခုံက ဒီမှာလာကြည့်... တစ်ခုစီ ဖြုတ်ပြီး သွားလို့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ယူလာတုန်းက တစ်ခုစီပဲဖြစ်၏။

အထဲယူသွားပြီး မဆင်ဘဲ ဒီမှာလာဆင်ပြပြီး ဒီတိုင်းထားခဲ့သည်။ နေပစေ... လုံးဝ မရွှေ့ဘူး။

ကြိမ်ကုလားထိုင်တွေကို ဖယ်ကာ ဆိုဖာတွေ ခင်းရမည်။

ဒါတွေလည်း ဘာမှလုပ်မသွား။

အားလုံး ဧည့်ခန်းထဲမှာပဲ စုပုံထပ်နေသည်။

"ဖိနပ်စီးထားလောက်တော့ ရှင်းပေမယ် သံမံတလင်းက အေးတယ်၊ နေနေကျမဟုတ်ရင် မလွယ်ဘူး"

ပါကေးခင်းဖို့ပြောတော့ သူက ခေါင်းခါ၏။

"တာဝန်ကျရာ သွားနေရတာ၊ ဒီမှာပဲနေရမှာမှ မဟုတ်တာ" ဟု ဖြေသည်။ တကယ် အံ့သြပါသည်။

ရန်ကုန်မှာ ဦးအောင်နိုင် ဒေါ်ခိုင်ခိုင်လင်း တို့ဆိုတာ တကယ့် ဒိတ်ဒိတ်ကြဲ သူဌေးတွေပါ။

နေသည့်ခြံဝန်းအပြင် တခြားမှာလည်း တိုက်တာခြံဝန်းတွေလည်း နှစ်လုံး သုံးလုံး ရှိသေးသည်။

ဒက်ဒီစောင် ပြောဖူးသေးသည်။

"ကိုအောင်တို့က ဒက်ဒီတို့ထက် အများကြီးချမ်းသာတယ်" တဲ့။

ဟုတ်မှာပေါ့... မိဘနှစ်ပါးလုံးက မျိုးရိုးစဉ်ဆက် ချမ်းသာကြတဲ့လူတွေ၊ ဒါတောင် ဒီသားလေးတစ်ယောက်ပဲ ရှိတာကို အရပ်တကာလှည့်နေခွင့် ပြုထားကြသည်။





နေရာတကာရောက်၊ ထိုးခုတ် သတ်ပုတ် အဆင်မသင့် လျှင် လက်နက်တွေနဲ့ သေသွားနိုင်သေးသည်။

နေရတာလည်း ကြည့်ပါဦး... သံမံတလင်းပေါ်မှာ ကြိမ်ကုလားထိုင်လေးတွေနဲ့၊ တီဗီတစ်လုံး၊ ရေခဲသေတ္တာ တစ်လုံး၊ ကွန်ပျူတာ ခပ်သေးသေးတစ်လုံးနှင့် ဘယ်လို ဆက်သွယ်ချက်တွေ လုပ်မှန်းမသိသည့် မီးပွင့်လေးတွေ၊ ဝိုင်ယာကြိုးတွေ ရှုပ်ယှက်ခတ်အောင် ဆင်ထားသော စက်ခုံ ကြီး တစ်ခု။

"မလွှာ"

"ဟင်"

လွှာ ဒီတိုင်း စုံရပ်၍ လျှောက်ပတ်စေ့ကြည့်နေဆဲ ကတုံးဆံပင်သာသာ အရပ်မြင့်မြင့်နှင့် လူငယ်လေးတစ်ယောက် က တံခါးဝ,မှာ ရပ်လျက်...

"ပစ္စည်းတွေ ကျွန်တော် နေရာချပေးပါ့မယ်၊ အခု ချက်ပြုတ်စရာတွေ လာပို့တာပါ"

"ဝင်လာခဲ့လေ"

လွှာက ချက်ပြုတ်စရာဆိုတာတွေကို ယူထားပြီး မီးဖိုထဲမှာ သွားထားလိုက်သည်။ ပြီးတော့ အိတ်ထဲမှာ အသင့် ရှိသည့် မှန်ဝိုင်းလေးထုတ်၍ မျက်နှာကို ကရင်မ်ပတ်ဖ်နဲ့ အနည်းငယ် ရိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အကျီလဲ ဖိနပ်စီးပြီး ထွက်လာတော့ ကြိမ်ကုလားထိုင်တွေ မရှိတော့ဘဲ ဆိုဖာတွေနှင့် ပစ္စည်းအားလုံး နေသားတကျ ဖြစ်သွားသည်။

ကောင်လေးတစ်ယောက်တည်း လုပ်ကိုင်သွားတာ မြန်လွန်းနေသေးသည်။

မှန်တင်ခုံ တစ်ခုသာ ကျန်နေခဲ့ပြီး အခန်းထောင့်မှာ တစ်ခုစီ ထပ်ပုံထားပြီးဖြစ်၏။

ဒီလိုရွှေ့တော့လည်း အားလုံးက သပ်ရပ် ခမ်းနားသွားခဲ့၏။

"မလှ... မှန်တင်ခုတော့ မထည့်ခဲ့တော့ဘူး၊ ဘာနိုင်းစရာ ရှိသေးလဲ၊ ကျွန်တော် ပြန်တော့မယ်"

"ရပြီ... ရပြီ... ဒါနဲ့ သူကော"

"ဆရာလား"

"အင်း"

"ဆရာ ရဲမှူးကြီးနဲ့ သွားတွေ့တယ်၊ နိုင်းစရာရှိရင် ကျွန်တော့်ကို ပြောပါ"

"ရပါပြီ"

ကောင်လေး စက်ဘီးနှင့် ပြန်သွား၏။

လှလည်း စက်ဘီးလေးကိုပဲ ထုတ်လိုက်ရသည်။

မာမတို့က ကားထားခဲ့မယ် ဆိုတာတောင် သူက ခါးခါးသီး...





"မထားခဲ့နဲ့ အန်တီ...၊ ကားထားခဲ့ရင် ဘယ်လိုမှ ဖြစ်မှာမဟုတ်ဘူး၊ စက်ဘီးလောက်ဆိုရင် ရပြီ၊ အဲဒါ ကျွန်တော် စီစဉ်ပေးမှာပါ" တဲ့။

လှ ဘယ်မှ မသွားမလာနိုင်အောင် လုပ်ချလိုက်မှန်း သိကာ မာမီတို့ကလည်း ကျေကျေနပ်နပ် ထားသွားသည်။

သူ့မိဘနှစ်ပါးက စက်ဘီးတစ်စီး ထားပေးသွား၏။ အားလုံးကတော့ ချိတ်ဆက်တွေ မိနေသည်။

လှ အိမ်ကို သော့ခတ်ပစ်ခဲ့ပြီး စက်ဘီးလေးနှင့် ဒေါ်လေးဆီကို ထွက်လာခဲ့၏။

အချိန်က ကိုးနာရီခွဲပြီးရုံပဲ ရှိသေးသည်။

ရက်ကောင်းရက်မြတ် ရွေးကာ မနက်ခြောက်နာရီခွဲမှာ အချိန်အတိအကျ ပြောင်းလာခဲ့ကြတာ ဖြစ်သည်။

အားလုံးက မိဘများ၏ အစီအစဉ်ပဲ ဖြစ်၏။

ခုလောက်ဆို ဒေါ်လေးဆီမှာ မာမီတို့လည်း ရှိကြဦးမည်။

မိဘတွေ မပြန်ခင်တောင်မှ မတွေ့ရ မပြောဆိုရတော့ဘူးလား။

လုံးဝ မသွားရဘူးတဲ့... ဟွန်း... သေလိုက်။

စက်ဘီးကို ဒေါ်လေးခြံရှေ့မှာ ရပ်ပစ်လိုက်ရ၏။

ခါတိုင်းလို ကားဖြစ်ဖြစ် စက်ဘီးဖြစ်ဖြစ် ခြံထဲကို အသာလေး လိမ့်ဝင်သွားလို့ မရတော့သဖြင့် စက်ဘီးပေါ်က ဆင်းလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



သချာ သော့ခတ် ပိတ်ထားသည့် ခြံသော့ကြီးကို လည်း တအံ့တဩ ကြည့်လိုက်မိသည်။

ဒေါ်လေးနဲ့ မာမီတို့ ဘယ်ရောက်ကုန်ပြီလဲ။

ဦးအောင်ခိုင်တို့ လင်းမယား ဒီညနေ ပြန်ကြမည်။

မာမီတို့က နှစ်ရက် သုံးရက်နေဦးမည်ဟု ပြောထား သေးသည်။ အခု ဘယ်ရောက်ကုန်ပြီလဲ။

လွှာ ကျောပိုးအိတ်လေးထဲက ဖုန်းကို ကပျာကယာ ထုတ်လိုက်သည်။

"မာမီ... မာမီတို့ ဘယ်သွားကြတာလဲ"

"မဲဆောက်ကိုလေ သမီးရဲ့၊ ဒီမနက် သား ရောက် လာတော့ မဲဆောက်ကို သူ့တပည့်တွေ ထွက်ကြဖို့ ရှိတယ်လို့ ပြောသံကြားတာနဲ့ လိုက်သွားလိုက်တာ၊ သွားရလာရတာ ကိုယ့်ဒေသ မဟုတ်တော့ လူခံပါမှကောင်းတာ သမီးရဲ့၊ ပြီးတော့ ကိုယ့်နောက်မှာ ရဲကားပါတော့ ပိုကောင်းတာပေါ့၊ သမီးကို သား ပြောမှာပဲဆိုပြီး မာမီ ဖုန်းမဆက်တော့တာ၊ မပြောဘူးလား"

"သူမှ အိမ်ပြန်မလာတာ၊ လွှာ အခု ဒေါ်လေးတို့ အိမ်ရှေ့ ရောက်နေပြီ သိလား"

မာမီ့ကိုလည်း နှုတ်မဆက်မိတော့ဘဲ လွှာ ဖုန်းပိတ် ပစ်လိုက်သည်။

ထွက်ခါနီး သူ့အပြုံးကိုလည်း သတိရလိုက်မိ၏။





ဒါ သူ့ တမင်တကာ လုပ်ပစ်တာ...

မာမီတို့ကကော. ညက ဘာမှ အစီအစဉ်မရှိဘဲ, မဲဆောက်ကို သွားလည်ဖို့က သူပြောမှပဲ ချက်ချင်းကြီး ထ,ဖြစ်သွားသလား။

ဟိုမှာ အန်တီမာမာတို့ ရှိနေကြတာ၊ လွှာလည်း လိုက်ချင်တာပေါ့။ ခုတော့... ဘာမှလည်း အစီအစဉ်မရှိဘဲ ကိုလည်း မပြောခဲ့ဘဲနဲ့... မပြန်ဘူး... ကြည့်နေ...

ကျောပိုးအိတ်လေးတစ်လုံး စက်ဘီးတစ်စီးနှင့် လွှာ မြို့ကို ပတ်နေလိုက်သည်။ စားချင်တာ ဝင်စား၊ အရိပ်ကောင်း သည့် နေရာမှာ ဝင်ထိုင်။

လူရှုပ်တော့မည် ထင်တော့ ထ,လစ်ခဲ့သည်။

နေ့လယ်ခင်းကြီးမှာ လွှာ လ,သာနေ၏။

အားလုံးအေးဆေးပဲလို့ သီချင်းမဟုတ်ဘဲ သီချင်းလေး ညည်းနေမိ၏။ ကုန်းဆင်းတစ်ခု ရောက်တော့ ဘရိတ်ကို အသာလေးတင်းပြီး လိမ့်ချလိုက်၏။

လေက ဟူးဟူးရားရား တိုးဝှေ့နေသဖြင့် နေပူပေမယ့် အေးမြနေသည်။ နဖူးနှင့် နားသယ်စပ်က ဆံစ,အားလုံး လေထဲမှာ လွင့်မျော ကူးခတ်နေသည့် အရသာကို သိရှိ ခံစားနေရင်း စိတ်လွတ်ကိုယ်လွတ် ဖြစ်နေသဲ။

"ဝရော"

ဆိုင်ကယ်သံကို ဆူညံစွာ ကြားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



သူလား ဆိုသောအသိနှင့် သတိထားလိုက်မိသော အချိန်တွင် မျက်ကွယ်တစ်ခုကနေ ကွေ့ချလာသည့် ဆိုင်ကယ်က မျက်လုံးထဲ တည့်တည့်ကြီး ဝင်လာ၏။

"ဟင်..."

ဘယ်လိုမှကို မထင်ခဲ့ပါ။

ဆိုင်ကယ်ပေါ်မှာ အလင်းဘွဲ့ပဲ ဖြစ်သည်။

သို့သော် အရှိန်မသတ်... ဘေးကို မရှောင်ဘဲ လွှာ့ စက်ဘီးလေးဆီ ဦးတည်ဝင်လာ၏။

လွှာ ထိတ်ခနဲ ဖြစ်သွားသည်။ ဒါ နောက်ပြောင်တာ မဟုတ်မှန်း သိလိုက်သောအချိန်က လုံးဝ နောက်ကျသွားခဲ့၏။

"အား"

စက်ဘီးကို လမ်းဘေးသို့ ရောက်ချင်ရာ ရောက် ဆွဲကွေ့ချလိုက်မိသည်။ စိမ်းမြ ထူပိတ်နေသော သစ်ပင် ချုံပုတ်ပေါ် လူကော စက်ဘီးကော ထိုးချသွားသည်၊

လူသည် ချုံပုတ်ပေါ် ပစ်ခတ်ပြုတ်ကျလျက် စက်ဘီးက ဟိုဘက်ထဲထိ ထိုးလိမ့်သွားပြီးမှ ရပ်လေသည်။

ဆိုင်ကယ်က ဝေါခနဲ ထောင်တက်သွားပြီးမှ ပြန်ဝိုက် ကွေ့လာသည်။ လမ်းဘေးမှာ ဒေါက်ထောက်ရပ်လိုက်ပြီး ဘွဲ့က အေးဆေးစွာ လျှောက်လာ၏။

"ဘယ့်နှယ်လဲ... ထ,လို့မရတော့ဘူးပေါ့"

"ရှင်... ဘာလုပ်တာလဲ၊ ဘာအရူးထတာလဲ၊ သိမ် သတ္တိရှိရင် တစ်ခါတည်း တိုက်သတ်လိုက်ပါလား"





"သတ်ဖို့တော့ မရည်ရွယ်ပါဘူး။ ဒါပေမယ့် ကျိုးကောင်း ကျိုးနိုင်တယ်ဆိုတာတော့ တွက်မိတယ်"

"တောက်... အဲဒါ ဘာဖြစ်လို့ ကျိုးစေချင်တာလဲ၊ သက်သက်ယုတ်မာတာ"

လွှာ ဒေါသနဲ့ ရင်ဘတ်က မဆံ့နိုင်အောင် ဖြစ်နေသည်။

သူ့ရှေ့မှာ လဲနေရာက မထ,နိုင် ဖြစ်နေရခြင်းကြောင့် လက်သီးဆုပ် အံကြိတ်ရုံပဲ ဖြစ်နေရသည်။ သူကတော့ အောင်နိုင်သူလို။ လူယုတ်မာ...

ဘွဲ့က လွှာ့ရင်ထဲမှာ ဘာတွေဖြစ်နေပြီကို သိသည်။

ခပ်သဲ့သဲ့ပြုံး၍ လွှာ့ဘေးမှာ မုခ်ဆိုးဒူးထောက်ထိုင်လိုက်၏။

"ကိုယ် ယုတ်မာတာ မဟုတ်ဘူး၊ တစ်ယောက် အကြောင်း တစ်ယောက် မသိသေးမှန်းသိလို့ သိရအောင် ဓိတ်ဆက်တာပါ၊ နောက်ဆို မသွားနဲ့ဆိုတဲ့လမ်းကို မသွားနဲ့ တားထားရင် ရှေ့မတိုးနဲ့၊ ဖွတ်တိုးရင် ကိုယ်ကတော့ တာဝန်ရှိသလို စီရင်မှာပဲ"

"ဘာတာဝန်လဲ... လူကို ကျိုးအောင် ကန်းအောင် လုပ်ပစ်ပြီး စီရင်ဖို့တာဝန်လား။ ရှင်ကြီး သိပ်ယုတ်မာတယ်၊ သွား... ခုထွက်သွား"

"မင်း နေခဲ့ရဲတယ်ပေါ့"

"ဘာဖြစ်ဖြစ် ရှင်ထွက်သွားရင် ပြီးရော"

လွှာ မျက်ရည်တွေ လည်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲ ဆို့နင့်နေတာ မဟုတ်ပါ။ ဒေါသဖြစ်တိုင်း ပေါက်ကွဲခွင့် မရသည့် မာနမျက်ရည်များ ဖြစ်၏။ ဒါကို ဘွဲ့က သေသေချာချာ စူးစိုက်ကြည့်ပြီး သက်ပြင်းချသည်။

"မင်း ခုလို ခံနေရတာတောင် မာနက ကြီးနေသေးတယ်၊ ဟိုအိမ်ကိုသွားတာ လူမရှိရင် ကိုယ့်အိမ် ကိုယ်ပြန်ပေါ့။ တစ်နေ့လယ်လုံး ထင်ရာ ထွက်သွားနေတယ်၊ ဒီနေရာကို ဘာမှတ်လို့လဲ၊ မင်းက လူစိမ်း၊ ကွယ်ရာမှာ တစ်ခုခုဖြစ်ရင် ဘယ်သူက ကယ်နိုင်မှာလဲ"

"သေပစေပေါ့... ရှင့်လက်နဲ့ မသေရရင် ပြီးတာပဲ"

လွှာက ပက်ခနဲ ပြန်အော်သည်။

"သေလို့မရဘူး... မင်းကို မွဲတစ်ပေါက်မှ အစွန်းမခံနိုင်ဘူး၊ အဲဒါ ကိုယ့်မိန်းမ ဖြစ်နေလို့လည်းပါတယ်၊ မင်းမိဘက ယုံယုံကြည်ကြည် အပ်ထားခဲ့တာလည်း ပါတယ်၊ ဒီနေ့ မင်းကိုရှာရင်း ကိုယ်ဘက်လောက် ဒုက္ခရောက်သွားလဲ... သိလား... တွေ့ရင်လည်း ပြန်လိုက်ခဲ့ခေါ်တိုင်း မင်းက ထ,လိုက်လာမှာ မဟုတ်ဘူး"

"အဲဒါကြောင့် ရှင်က ကျိုးသွားအောင် တိုက်ချပစ်လိုက်တာပေါ့"

"မင်း မကျိုးနိုင်ပါဘူး၊ မသကာ ချက်ချင်းထ,လို့ မရရုံလောက်ပဲ ဖြစ်မှာ၊ ဒီနေရာမှာ ကျိုးပဲ့လောက်စရာ အမာခံ ဘာမှမရှိဘူး၊ ကဲ... ထ"





"မထ,ဘူး... ရှင် သွားလို့ပြောနေတယ်နော်"

"အဲဒီလို စကားမများနိုင်အောင် နောက်တစ်ခါဆို မေ့ကြောပါ ပိတ်ပစ်မယ်"

ပြော၍ ဘွဲ့က လွှာ့ကိုယ်လေးကို ပွေ့ယူလိုက်သည်။

ဆတ်ခနဲ မျက်နှာ လွှဲဖယ်လိုက်လျှင် မျက်ရည်းမှ မျက်ရည်စက်လေးတစ်စက် လက်ခနဲ စင်ထွက်သွား၏။

မှန်းလွန်းလို့ ရင်ထဲမှာ မုန်းတယ်... မုန်းတယ်နဲ့ အော်နေပြီ။ လွှာနဲ့သူ ဆိုင်ကယ်ပေါ် ထိုင်ကြပြီးသည်နှင့် ဘယ်တုန်းက ခေါ်လိုက်မှန်းမသိသော စက်ဘီးတစ်စီးနှင့် လူရွယ်နှစ်ယောက် ရောက်လာကြသည်။

"ဆရာ... စက်ဘီး တစ်ခုခုဖြစ်သွားရင် ပြင်ပြီးမှ လာပို့မယ်နော်"

သူက ခေါင်းဆတ်ညိတ်ပြီး ဆိုင်ကယ်ကို မောင်းထွက်လိုက်၏။

"ကုန်းမြင့်တက်မှာ... ကိုင်ထား"

ပြောပြီးသည်နှင့် ဆိုင်ကယ်က ဝေါခနဲ ထောင်တက်သွား၏။ လွှာ သူ့ခါးကို ဖက်ထားလိုက်ရသည်။

ကိုယ့်ကိုယ်ကို အသေမခံရဲသမျှတော့ ဒီလူနဲ့ ရန်ဖြစ်မှုတွေ ဆက်ရန်ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၆)

မျက်ရည်မလွယ်ပေမယ့် မာမီတို့ ပြန်တော့မည်ဆို...
လွှာ မျက်ရည်ကျမိသည်။

"မငိုနဲ့သမီး... ကြင်ယာစုံရင် မိဘကို ခွဲကြရ...
မိဘကလည်း ခွဲထွက်ခွင့်ပေးရမယ်၊ ဒါ သဘာဝပါ...
သား ရန်ကုန်တက်လာတဲ့အခါ သမီး လိုက်လာလို့ရ...
ပြီးတော့ ဒီမှာ သမီးဒေါ်လေးလည်း ရှိတယ်"

"သူက လွှာ့ကို အိမ်ထဲမှာပဲ ထည့်ပိတ်ထားမှာ မ...

လွှာ ပြောတော့ မာမီက ပြုံးလိုက်သည်။

ကလေးဆန်လွန်းလို့ ခွင့်လွှတ် နားလည်စွာ ချ...
ပြုံးတာမျိုး လွှာ နားလည်သွားသည်။





လွှာ့ဘဝကို အလင်းဘွဲ့ ဆိုသည့် ယောက်ျား တစ်ယောက် လက်ထဲကို လုံးဝအပ်နှံခဲ့ပါပြီ။

ထိုယောက်ျားမှသာ လွှာ့ကို ပြုပြင်နိုင်မည်၊ စောင့်ရှောက်နိုင်မည် ဆိုသော ယုံကြည်ချက်များနှင့် လွှာ ပြောသမျှ လွှာ့ဘာလုပ်လုပ် 'မိန်းမဆိုလေး' ဟု မြင်ရင်း မာမီတို့ သက်ပြင်းချနေကြတာ။ လွှာ ဘာတွေဆိုးနေလို့လဲ။

အနားမှာ အလင်းဘွဲ့ မရှိ။

ညကတည်းက သူ ရောက်လာသည်တဲ့။

"သား လာတုန်းကလည်း ညက မာမီတို့ သေချာ အပ်ခဲ့ပြီးပြီ၊ သားက သမီးအားကိုးရမယ့် ခင်ပွန်းကောင်းပါကွယ်၊ စကားပြောတာ တည်ကြည်တယ်၊ ရည်မွန်တယ်၊ အရည်အချင်းရှိတယ်၊ သမီးအတွက် ခင်ပွန်းဟာ သူ့ဒွေးမလေး ဖြစ်ဖို့ထက် ဒီလိုလူမျိုးဖြစ်ဖို့ပဲ လိုတာ"

ဘာအရည်အချင်းတွေလဲ...

ထစ်ခနဲရှိ လက်ပါချင်တာလား...

ပြောမရ,ရင် နှိပ်စက်ချင်တာလား...

နောင်ဆိုရင် မသွားနဲ့ဆို သွားကြည့်... ခြေထောက်ကို ချိုးထားနိုင်သည်။ မကိုင်နဲ့ဆို ကိုင်ကြည့် လက်ကို ချိုးထားလိမ့်မည်။

မုန်းတာ စိတ်နာတာက သပ်သပ်၊ သူ့ကို အရှုံးမပေး... ဆိုသည့် မာနတွေ ရှိနေပေမယ့် ဆိုင်ကယ်နဲ့ အဆိုက်ခံ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည့်နောက်မှာ သူ တကယ်လုပ်တတ်တာကိုတော့ လွှာ လန့်သွားခဲ့သည်။

အဲဒီတစ်ညလုံး နောက်ဖေး နောက်ဖီတောင် ကောင်း ကောင်း မသွားနိုင်ခဲ့ပေ။ သူ့ကိုကြည့်လိုက်ရင် ဂရုစိုက်တဲ့ တစ်ချက်မှမရှိ။

"ဟုတ်သားပဲ သမီးရယ်၊ မိဘတွေပြန်ရတာ မဖြောင်... အောင် မငိုပါနဲ့တော့ကွယ်၊ ဒီမှာ ဒေါ်လေးရှိနေသား... အားရင် ပြေးလာခဲ့ပေါ့"

လာတော့လည်း တံခါးပိတ်ထားမှာပဲ မဟုတ်ဘူးလား... အခြေအနေတွေကို သူပဲ ဖန်တီးတတ်တာ။

အားလုံး သူ့ဘက်ကချည်းပဲ။

ခရီးကိုထွက်ခဲ့မိသည်ကိုက လွှာ ယောင်ချော... သလို ဖြစ်ခဲ့တာပါ။ စေ့စပ်ထားရုံဆိုလျှင် လက်ထပ်မှု... ဖြည်းဖြည်းမှ ဖြစ်နိုင်သေးသည်။

ခုတော့... ကိုယ့်ရဲ့မိုက်မဲမှုကြောင့် ယောကျ်ား... ထွက်လာခဲ့သလို ဖြစ်ခဲ့ရသည်။

မာမီတို့ပြန်ကြတာတောင် သူ လိုက်မပို့နိုင်ခဲ့။

ဒါကိုလည်း သူ အလုပ်ရှုပ်နေတာဟု အထင်တ... အမှတ်တွေပေးသွားခဲ့သေးသည်။

"သမီး... ကိုယ့်ယောကျ်ားက အချိန်ပြည့် မအား... တဲ့ သူနော်၊ ကိုယ့်ဘက်က ဘာမှ ချို့ယွင်းချက် မဖြစ်...





ဝတ္တရားမကျေနိုင်ရင်တောင် မနှောင့်ယှက်မိစေနဲ့၊ ပြီးတော့ ညားကာစဆိုတာ စိတ်အခန့်မသင့်တာတွေ ဖြစ်ကြမှာပဲ၊ စိတ်တိုင်းမကျလာရင် စိတ်ဆင်းရဲရမှာ၊ အဲဒီဆင်းတာကို ဒဏ်မခံလို့ မရဘူး၊ ဒါ အိမ်ထောင်ရေး နောက်တော့ အားလုံး အေးချမ်းသွားမှာပါ"

ပြန်သွားကြသည်အထိ ဆုံးမလိုက်ကြတာ လွှာ့ကို ဆိုးရဘူးတဲ့၊ ယောကျ်ားရတော့မှပဲ ဟိုတုန်းက ငါ ဒီလောက် တောင် ဆိုးနေခဲ့သလားလို့ တွေးမိရတော့သည်။

မာမီတို့ ဒီလိုဖြစ်နေလေ ဟိုလူက မာန်တွေတက်လေ။

"မပြန်သေးဘူးလား သမီး၊ မိုးတွေ ညိုလာပြီလေ"

"မိုးရွာလို့ မပြန်ဖြစ်တော့လည်း ကောင်းတာပဲ ဒေါ်လေး ...ယ်၊ အိမ်ပြန်ရင် မျက်နှာချင်းတာထက် ရန်ဖြစ်ရ၊ မရှိတော့ ...ည်း တစ်ယောက်တည်း ငေါင်နေတာ၊ ဘာတစ်ခုမှ ...ဓိပ္ပာယ်မရှိဘူး"

ပြောနေတုန်း ဆိုင်ကယ်သံ ကြားရပြီး ဘွဲ့ ရောက် ...လာ၏။

"ဟော... လာလေ သား"

ဒေါ်လေးကိုပါ လွှာ မျက်မှောင်ကုတ်၍ ကြည့်မိသည်။

လွှာ ရောက်လာစ,ကတော့ 'အစ်ကိုတို့ကလည်း ...ယ့်သမီးလေး တစ်ယောက်တည်း ရှိတာကို ရဲနဲ့ပေးစား ...လား' ဘာညာ...



www.burmeseclassic.com

www.burmeseclassic.com



ခုကျတော့ ပါးစပ်ထဲမှာ 'သား' ဆိုတာက မချ။

"ကျွန်တော် မတက်တော့ဘူး ဒေါ်လေး၊ မိုးမိမှာစိုးလို့ လှိုင်... လာကွာ"

"သွားလေ... သမီး၊ ဟုတ်ပါရဲ့... မိုးတွေညို့နေတာ မှောင်နေတာပဲ"

လှိုင် ပေါ်တီကိုအောက်ကို ဆင်းလာပြီး ကိုယ့်စက်ဘီးလေး ကိုယ်ဆွဲသည်။

ယောက်ျားရမှ ကားပေါ်ကနေဆင်းပြီး စက်ဘီးစီးရတဲ့ ဘဝ ရောက်ရသည်။ ဒီယောက်ျားမျိုးက အဖိုးတန်သတဲ့လား။

"ဟော့... အဲဒါထားခဲ့လေ၊ ဒီကိုလာ... မင်းစက်ဘီးနင်းနေတာကို မိုးက အိမ်ရောက်အောင် စောင့်မှာမဟုတ်ဘူး"

"ဟင့်အင်း"

"ဟဲ့... သမီး၊ အိုကွယ်... ဆိုင်ကယ်ပေါ်သွားလေ၊ မဟုတ်တာ... သားနဲ့ အတိုက်အခံ မလုပ်ရဘူး"

ဒေါ်လေး ဝင်ပါပြန်ပြီ။

လှိုင် သူ့နောက်ကနေ ဆောင့်ခနဲ ထိုင်သည်။

"သွားမယ်နော် ဒေါ်လေး"

"အေး... သား... သွားကြ သွားကြ... မိုးမိဦးမယ်"

ဆိုင်ကယ် စီးတာကတော့ တကယ်ကြမ်းသည်။

ဒါတောင် မိုးသက်လေ ဖြူးခနဲ သုတ်သွားပြီး သိပ်မကြာလိုက်မီ မိုးကမြည်သံပေးပြီး အော်ချလာ၏။





အိမ်ရှေ့ရောက်မှ မိုးမိကြ၏။ ပေါ်တီကို မရှိသည့် ဦထောင်အိမ်လေးရှေ့မှာ မိုးစိုပြီးမှ အိမ်ရောက်တော့သည်။

"သွား... အဝတ်တွေ မြန်မြန်သွားလဲ"

ဘွဲ့က လှိုင့်ကို ပြောသည်။

"ဆရာ... ရော..."

သူ့တပည့် သူ့အတွက် ထုတ်ပြီးသားကို လာပေး၏။ သူ့အတွက် အဖော်ရမယ့် မိန်းကလေး ခေါ်ပေးရမယ် ဟုတ်လား။ ဒီလိုနေရာမျိုးကိုကျတော့ လှိုင့် ဝေယျာဝစ္စကို ဘယ်သူမှ လုပ်ပေးမယ့်သူ မရှိ။ ပြောလို့ ကောင်းတာက ဘာညာ ဘာညာဆို ခင်ဗျာ တိုင်ပင်ဖော် ဘယ်မှာလဲ။ ဒါကို သူ့ပြောတော့...

မိန်းမတွေက သိပ်ဇယားရှုပ်တာကွ၊ ဘစ်ယောက်ငင်း၊ ဘည်းတောင် တစ်ခါတစ်ခါ ကိုယ် အသက်ရှူကျပ်နေရတာ၊ နောက်တစ်ယောက်ဆို ပြာကျဖို့ပဲ ရှိတော့တယ်။ ကိုယ် ဘပည့်က ဘာမှပြဿနာမရှိဘူး...တဲ့။

သူ့အတွက်တော့ ဟုတ်မှာပေါ့... ။

ကိုယ်မှာ အိမ်နေရင်း ပျင်းလို့လည်း မီးဖိုဆင်းပြီး ငိုင်းကူလုပ်ပေးလို့မရ...

မောင်ပိုင်း ဆိုတဲ့လူက အသက်ကြီးပုလေးမို့ လူက ဘုသေးသေးလေးပေမယ့် မျက်နှာကြီးက တည်တင်း ပုပ်သိုးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လိုက်လျှင် ပျာပျာသလဲ ထူး၏။

ဒါလုပ်ပေးပါဆိုလျှင် တာဝန်ကျေသည်။

ကျန်တဲ့အချိန်မှာ ပြုံးတာ၊ ရယ်တာ မရှိ။

"ဟာ... ဟေ့... ဒါ ဘာလုပ်တာလဲ"

လွှာ ရေချိုးဖို့ ထွက်လာတော့ ထမင်းစားခန်းရှေ့က ဖြတ်ရသည်။ အထဲမှာ မတ်တတ်ကနေ ကော်ဖီပူပူ မှုတ်သောက်နေသည့် ဘွဲ့ ပျာပျာသလဲ ဖြစ်သွားသည်။

ကော်ဖီခွက်ကို ချပစ်ခဲ့ပြီး လွှာ့ဆီ ချက်ချင်းရောက်လာ၏။ ရန်ကုန်မှာလို မဟုတ်။ ရေချိုးခန်းက လုံလုံခြုံခြုံ လည်း မရှိ။ ရေကန် မပါ။ ထို့ကြောင့် ထဘီရင်လျားနှင့် ဘဘက်ကို တင်းနေအောင် ဆွဲချုံထားသည့် လွှာ။

မင်း လက်မောင်းကလေးကို သူ နောက်ကနေ ဆွဲထားလိုက်သည်။

"ဘာလုပ်မလို့လဲ... ဒါ..."

"ရေချိုးမလို့ မမြင်ဘူးလား"

"မချိုးရဘူး"

"ဒီမှာ ခေါင်းတွေမှာ စိုရွှဲနေတာ"

"သုတ်ပစ်လိုက်ပေါ့ကွ၊ ဒရိုင်ယာ ရှိတယ်၊ ခြောက်အောင် မှုတ်ပစ်"

"အို...ကိုယ်တွေပါစိုနေတာ မနေတတ်ဘူး၊ ဖယ်ပေး"

လွှာက အတင်းရုန်း၏။





သူက ဖိဆုပ်ကိုင်ထားပြီး တက်ခေါက်သည်။

"လူကို ကလန်ကဆန်လုပ်ဖို့ပဲ သိတယ်၊ ဒေါ်လေး အိမ်မှာ ရေမိုးချိုးပြီး မင်း ထိုင်နေတာမို့လား"

ရေချိုးတိုင်း ခေါင်းလျှော်တတ်သည့် လွှာက ရေချိုးထားလျှင် ဆံပင်တွေ ရေစိုနေတတ်တာမို့ ဖုံးလို့မရ။

သူ လာခေါ်တော့ လွှာ့မျက်နှာက နုသစ်နေသည်။

ဆံပင်တွေမှာ ရေက မခြောက်။

ရေချိုးထားမှန်း သူ သိမည်သာ။

ဒါပေမယ့် ဒီတစ်ခါ လွှာ သူ့ကို ရွဲ့တာမဟုတ်ပါ။ မိုးရေတွေနဲ့ တကယ်ကို မနေတတ်တာ ဖြစ်သည်။

"ချိုးတာ ဘာဖြစ်လဲ... မိုးစိုလို့ ထပ်ချိုးတာပဲ"

"ချက်ချင်းကြီး နှစ်ခါပြန် မချိုးရဘူး၊ ရေပြောင်း၊ မြေပြောင်းဆိုတာ ရှိတယ်၊ သွား... အကျႌပြန်ဝတ်"

"ရှင် နေရာတကာ ဆရာ မလုပ်နဲ့နော်၊ လွှာက ရှင့် တပည့်မဟုတ်ဘူး"

"ငါ့မိန်းမ...ငါ ပိုပြီးဆရာလုပ်လို့ရတယ်၊ မင်း သွား"

ပြောနေရင်း လွှာ့လက်မောင်းကို အခန်းဘက်ဆီ သူက ပြန်တွန်းပို့၏။

အမှတ်တမဲ့မို့ လူက ယိမ်းယိုင်သွားကာ စောင်ကိုင်ထားသည့်လက်က လွတ်သွား၏။

"ရှင်... ကဲ..."



www.burmeseclassic.com

www.burmeseclassic.com



လွှာ ရှက်လွန်းသဖြင့် အတင်းကို ဖရိုဖရဲ ပြန်ဆွဲစုကိုင်ပြီး တစ်ဖက်ကနေ သူ့ရင်ဘတ်ကြီးကို တအားဆောင့်တွန်းပစ်လိုက်မိ၏။

ဒယီးဒယိုင် ကျန်ခဲ့ရင်း ဘွဲ့ ပြုံးလိုက်မိသည်။

အိပ်ရာထ,စပဲဖြစ်ဖြစ်၊ ရေချိုးပြီးစပဲဖြစ်ဖြစ် မပြောင်းမလဲ ရှိနေတတ်သည့် နီမြန်းသော ပါးမို့လေးတွေကို မြင်နေမိ၏။

မသွယ်ပါဘဲ ထူထူနက်နက်ကလေးတွေအတိုင်း လှနေသည့် မျက်ခုံးလေးတွေ။

ပြီးတော့ . . . မျက်တောင်ကော့လေးတွေ။

အားလုံးထဲမှာ ရယ်နေချိန်ဖြစ်စေ တွန့်မဲ့ လှုပ်ခတ်နေသည်ဖြစ်စေ၊ ဘယ်လိုမှ အလှပျက်မသွားတတ်သော နှုတ်ခမ်းလေး နီတျာလေးကို ဒီနေ့ထိ သူ စေ့စေ့မကြည့်ရဲခဲ့။

မင်းထင်နေတဲ့ လူကြမ်းဆိုတဲ့ ကိုယ်လည်း ရင်ခုန်တတ်တာပဲ လွှာ။ စကားအနိုင်လု ပြောနေရပေမယ့် ကြည်ဖြူစွာ အပ်နှင်းလာမည့် ချစ်ခြင်းကိုသာ သူ အလိုရှိနေသည်။

ဒီကြားထဲမှာ သူမအလှကြောင့် ယစ်မူးချင်နေမိသည့် စိတ်ကို ပို၍ဖောက်ပြန်သွားမှာ စိုးသည်။

အချစ်ကိုမရဘဲ ထပ်မုန်းသွားရင် ခက်လိမ့်မည်။



အခန်း (၁၇)

"ကော်ဖီပူပူလေး သောက်လိုက်ပါလား ဆရာ"

"တော်ပြီကွာ . . . အိပ်လို့မရဘဲနေတယ်၊ အချိန်မရှိတော့ဘူး။ လွှာ အိပ်နေပြီလား"

"အိပ်နေပြီ ဆရာ . . . သူ ကြောက်နေမှာစိုးလို့ ကျွန်တော် အခန်းရှေ့မှာ သွားလာ အသံပေးနေတာပါ"

"အေး . . . တံခါးတွေပိတ်လိုက်တော့၊ ငါ အိပ်တော့မယ်"

"ဟုတ်ကဲ့"

မိုးသံလေသံတွေက တဝုန်းဝုန်း မြည်ဟီးနေ၏။

ညနေကတည်းက ရွာတဲ့မိုးက သည်းလည်းမသည်း၊ လည်းမစဲဘဲ တစ်ချက်မှ တိတ်မသွားခဲ့ပေ။

www.burmeseclassic.com



ည ခုနစ်နာရီလောက်ကျမှ မိုးရေ လေရော အကြီး အကျယ် ချတော့သည်။ အားလုံး အိပ်ရာဝင်ပြီးကြမှ အရေး တကြီး ဖုန်းဝင်လာသဖြင့် မိုးရေထဲမှာပဲ သူ ထွက်သွားရသည်။

ခု ပြန်ရောက်တော့ ည တစ်နာရီခွဲ။

မိုးနဲ့လေက အားကောင်းနေဆဲ ရှိသေးသည်။

မိုးကာအင်္ကျီနဲ့ဖို့ သိပ်မစိုပေမယ့် ခြေဖျားလက်ဖျား တွေက အေးနေသည်။ ခေါင်းစွပ် စွယ်တာ အပေါ်ကနေ ဂျာကင် ထပ်ဝတ်လိုက်ပြီးမှ အခန်းထဲဝင်ခဲ့၏။

နားစွင့်ကြည့်လိုက်တော့ လွှာ့အခန်းထဲက ငြိမ်သက် နေသဖြင့် အိပ်ပျော်နေပြီဟု တွက်လိုက်၏။

စောင်ဆွဲခြုံပြီး အိပ်ရာထဲ ဝင်လိုက်သည်နှင့် ပင်ပန်း ထားသည့်ကိုယ်က ခဏအတွင်း အိပ်ပျော်လေသည်။

"ဒေါက်... ဒေါက်"

"ကိုဘွဲ့"

"ဟင်"

အိပ်ပျော်ခြင်းသို့ ချဉ်းနင်း ဝင်ရောက်နေပြီဖြစ်သော မျက်လုံးတို့က တံခါးခေါက်သံ ကြားကတည်းက ဖျပ်ခနဲ ပြန်ပွင့်သွားသည်။ သတိနှင့် အိပ်တတ်နေတတ်သည့် အကျင့် ကြောင့် ခေါ်သံကြားလိုက်တော့ ထ,ထိုင်ပြီးဖြစ်၏။

"လွှာလား"

"ဗျာတ်တယ်... တံခါးဖွင့်စမ်းပါ"





နာရီ ကြည့်လိုက်တော့ နှစ်နာရီကျော်ကျော်။

ရွာသွန်းနေသည့် မိုးသံက ဆူညံနေဆဲ ရှိ၏။

သူ မီးဖွင့်ပြီး တံခါးဖွင့်ပေးလိုက်တော့ လွှာက ညဝတ် ဂါဝန်ရှည် ဖားဖားလေးပေါ်မှာ အဖြူရောင် ဆွယ်တာထပ်ဝတ် ထား၏။ အိပ်ထားပုံလည်း မရသော မျက်ဝန်းလေးများမှာ ဒေါသရောင်တွေ လက်နေသည်။

"ဘာဖြစ်လို့လဲ"

"အခန်းထဲမှာ မိုးတွေယိုနေတာ နေစရာကိုမရှိတော့ဘူး"

"ဟင်... ဟုတ်လား"

သူ ပျာပျာသလဲဖြစ်သွားပြီး လွှာ့အခန်းဘက်ကူးခဲ့သည်။ လွှာက နောက်ကလိုက်ဝင်လာပြီး ပါးစပ်ကလည်း အငြိမ်မနေ။

"ယောက်ျား ယူလိုက်မိမှပဲ မိုးရေထဲမှာ အိပ်ရတာ၊ ဟွန်း.... ခေါ်ပြလိုက်ချင်တယ်"

သူက ဖျတ်ခနဲ လှည့်ကြည့်ကာ...

"ဘယ်သူ့ကိုလဲ"

"မာမီတို့ကိုလေ... သိပ်ကို အကောင်းစား ထင်နေ ကြတာ၊ နေရတော့ ပျဉ်ထောင်သွပ်မိုး၊ နို့ဆီခွက်လောက် တဲလေးနဲ့၊ တစ်ညလုံး မိုးပေါက်တွေ ဟိုကကျ ဒီကကျ၊ ဘယ်မှာမှ ရွှေ့အိပ်လို့မရတော့ဘူး၊ ခုထိလည်း တစ်မှေးမှ မအိပ်ရသေးဘူး၊ ဒီမိုးမျိုးဆက်တိုက်ရွာနေရင် မအိပ်ရပဲ့ ခုသမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မမေ့မလျော့ ယူလာခဲ့သည့် ဓာတ်မီးလေးနဲ့ သွပ်မိုးဆီ ကို လိုက်ထိုးကြည့်နေရင်း တစ်ချက်မှမနားဘဲ ပြောနေသော လွှာ့အသံလေးကလည်း နားထဲဝင်နေသည်။

ဝမ်းနည်းသံရော... မကျေနပ်သံရော... ပြောချင် လွန်းလို့ အကြာကြီး မျှိုသိပ်နေရပုံလည်း ရသော လွှာ့အသံ လေးကို အသည်းယားလာမိသည်။

ပြီးတော့ တစ်ညလုံး သူမ ကြိတ်မှိတ်နေရှာတာပါလား ဟု တွေးမိပြီး ကရုဏာစိတ်လည်း ဖြစ်မိ၏။

အောက်ကို တစ်ခါပြန်ကြည့်လိုက်တော့ ဒရင်းဘုတ် လေးပေါ်မှာ ခေါင်းအုံးတင်လျက် အခန်းထောင့်မှာ ကပ်လျက် သား တွေ့ရသည်။ ခေါင်းအုံးထောင့်စွန်းမှာလည်း မိုးစက်တ တတောက်တောက် ကျလို့။

"ဆောရီးကွာ... အစ,က ဘာမှမဖြစ်ခဲ့တော့ မတွေး မိဘူး။ ခေါင်မိုးကနေ ရေစီးကြောင်းတွေ ဆင်းကျင့်နေတာကွ ခုချက်ချင်း တက်လုပ်ဖို့က မလွယ်ဘူး၊ မင်း ကိုယ့်အခန်း ထဲမှာ အိပ်လေ"

"ဘာ"

"ဖြည်းဖြည်းအော်... ညဥ့်နက်နေပြီ"

"ဟွန်း"

လွှာက မျက်စောင်းထိုး၍ အေးစိမ့်စိမ့် မိုးဒဏ်ကြောင့် လက်ကလေး ပိုက်ထားသည်။





"သွားပါ... ကိုယ် အပြင်မှာအိပ်လိုက်မယ်၊ သွားအိပ်"

"မအိပ်ဘူး"

"မအိပ်ဘဲ တစ်ညလုံး ဒီတိုင်းနေမှာလား"

"နေမယ်... ဒါမှ မအိပ်ရလို့ အအေးပတ်လို့ ဘာ ကြောင့်သေသေ မာမီတို့ ရင်ဘတ်ထုငိုမှာ၊ ရှင့်ရဲ့ ယောက်ျား ကောင်း ဂုဏ်ပုဒ်ကြီးတွေ လူသိရှင်ကြား ဖြစ်သွားတာပေါ့၊ သေပျော်ပါတယ်"

"ဟား..."

သူ ဟန်မဆောင်နိုင်။

ဆံပင်တစ်ချက် သပ်၍ ဟက်ဟက်ပက်ပက် ရယ်သည်။

လွှာက မျက်စောင်းထိုးခြင်းကို တာဝန်ကျ၏။

"ကိုယ့်ကို အဲလောက်တောင် မကျေနပ်ဖြစ်နေသလား"

"ဒီထက်အများကြီးပိုသေးတယ်"

"ရန်ဖြစ်နေရတာ ပျော်လား"

"ရှင်ကြီးနဲ့တော့ မတည့်လေ ကောင်းလေပဲ"

ဘာဖြစ်လို့လဲလို့ သူ မမေးတော့ပါ"

လှစ်ခနဲပြုံးလိုက်ပြီး လွှာ့လက်ဖျားလေးကို ဆုပ်ကိုင် လိုက်၏။ လွှာက ဆောင့်ရုန်း၍ မရသောအခါ တခြားလက်ဖြင့် ဝိုက်ထိုးသည်။ သူမ တုံ့ပြန်လာမည်ကို သိနေသည်မို့ ဘွဲ့က မျက်နှာ အနည်းငယ် လှန်၍ ရှောင်ပေးလိုက်သည်။

ထို့နောက်...

"အား"



www.burmeseclassic.com

www.burmeseclassic.com



လွှာ ဘာမှကာကွယ်ချိန် မရလိုက်ဘဲ တင်းခနဲ မြုပ်ပါသွားအောင် ဆွဲဖက်ပစ်လိုက်သော သူ့ရင်ခွင်ထဲမှာ...

"လွှတ်... လွှတ်နော် မယုတ်မာနဲ့"

သူ့ငယ်ချင်းများထံမှာတော့ လွှာက သိပ်ကိုထက်မြက်နေခဲ့သူ။ သူ့ရှေ့မှာတော့ ဘာမှမဟုတ်ခဲ့ပါလား။

လျှပ်ရောင် ဝင်းခနဲလက်ကာ တဒိန်းဒိန်း လျှပ်တိုက်လိမ့်သွားသော မိုးခြိမ်းသံက တသိမ့်သိမ့် ကြာရှည်လှ၏။

လွှာ သူ့ကိုမုန်းသည်။ ထုနှက် ရိုက်ပုတ်ပစ်ချင်၏။

ဘယ်လိုမှ သည်းမခံနိုင်သော အနမ်းရိုင်းတွေကြောင့် မငိုပါဘဲ မျက်ရည်စက်တွေ စီးကျလာခဲ့သည်။

လွှာ့ကို သူ အနိုင်ကျင့် ဖျက်ဆီးပစ်တော့မည်။

မိုးသံက အနည်းငယ် လျော့ပါးသွား၏။

လေပြင်းတစ်ရိုက်မှာ သူ လွှာ့ကိုယ်လေးကို အသာဖြေလျော့ပေး၏။ပြီးတော့ လွှာ့မျက်ရည်တွေကို သုတ်ပေးက ာ...

"ကိုယ့်အခန်းထဲမှာ သွားအိပ်"

"မအိပ်ဘူး... ရှင် ထွက်သွား၊ ရှင်ကို မယုံဘူး။ လုံးဝမယုံတော့ဘူး... သွား"

လွှာ သူ့ကို တွန်းပစ်လိုက်ပြီး မျက်နှာလေးကိုပါ တစ်ဖက်လှည့်ပစ်၏။ ဆံပင်တွေ ပတ်လည် ဝေ့ဝိုက် ရိုက်ပုတ်ကန့်တဲ့အထိ ခေါင်းခါရင်း အတင်းနှင်လွှတ်မိသည်။

"မင်း ကိုယ့်မာနကို မစော်ကားနဲ့ လွှာ၊ ဒီထက်အများကြီး ပိုသွားလိမ့်မယ်၊ ဘယ်အချိန်ဖြစ်ဖြစ် မင်းက ကိုယ့်မိန်းမ"





"အို... ဖယ်... လွှတ်"

လွှာ့လက်ကလေးကို ဆတ်ခနဲ ဖမ်းဆုပ်ကာ သူ့အခန်းထဲထိ တောက်လျှောက် ဆွဲချသွားခဲ့ပြီး...

"အဲဒီမှာ အထဲက ဂျက်ချပြီး စိတ်ချလက်ချအိပ်"

လွှာ့ကို တွန်းထည့်ပြီး သူကိုယ်တိုင် တံခါးကို ပြန်၍ပိတ်လိုက်သည်။ အခန်းထဲမှာ လွှာ့အသံလေး တိတ်နေကာမှ–

"အိပ်ရုံပဲအိပ်နော်၊ ကိုယ့်ပစ္စည်းတွေ မင်း ဘာမှသွားထိနဲ့၊ မဆိုင်တာတွေ ရှုပ်ကုန်မှာစိုးလို့"

ဟု လှမ်းပြောလိုက်သေးသည်။

လွှာ တံခါးကို သေချာပိတ်ပစ်လိုက်ပြီး နှုတ်ခမ်းမဲ့သည်။

မမြင်ရသည့်အပြင်ဘက်ကို မုန်းဆပြီး မေးဖျားလေးပါမော့တက်သွားသည့်အထိ မျက်စောင်းထိုး၏။

"လုံးဝ စိတ်မဝင်စားဘူး"

ခပ်တိုးတိုးပြောကာ ခုတင်ပေါ် လှဲချလိုက်သည်။

လူမမြင်ပေမယ့် ရှက်စိတ်မပြေဘဲ မျက်နှာလေးကို ခေါင်းအုံးဘက်သို့ တအားဖိစောင်းထားမိသည်။

ပခုံးမှနေ၍ စောင်ကို ဆံပင်တွေပါ လုံအောင် ဆွဲတင်ခြုံလိုက်၏။ သို့သော် ဖွတ်အတင်း ဖွဲ့ခြွေပစ်ခဲ့သော သူ့အနမ်းများကို တွေး၍ မကျေနပ်ဖြစ်ရရင်း တော်တော်နှင့်အိပ်လို့မရ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

ကော်ဖီပဲသောက်ပြီး မုန့်မစားဖြစ်ဘဲ သူ ထ,ရပ်လိုက်သည်။

"ငါ ဒီမနက် ပြန်ရောက်မှာမဟုတ်ဘူး။ လက်သ[illegible]တွေလာရင် ခေါင်မိုးပြင်ဖို့ကိစ္စ မင်း ဝိုင်းကူလိုက်ဦး"

"ဟုတ်ကဲ့ပါ ဆရာ... ညကတည်းက ဆရာ[illegible] ဖြစ်နေကြတာ ကျွန်တော် ကြားပါတယ်"

မလုံမလဲ မျက်နှာ ဖျတ်ခနဲလှည့်လာတော့ စိုးသန်[illegible] သွားအဖြီးသား ဖွင့်၍ရယ်လိုက်၏။

"ကျွန်တော်က ဆရာ့ကို ကူမလို့လာတာပါ၊ အခန်း[illegible] ရောက်မှ ပြန်လှည့်လာတာ"





ဘွဲ့မျက်နှာ နီတီတီနှင့် ပြုံးလိုက်၏။

ဒုရဲအုပ်ရာထူးနှင့် ဖြစ်လာကတည်းက စိုးသန်းနဲ့ တွဲလာ ခဲ့တာမို့ သူငယ်ချင်းလိုလည်း ခင်မင်ခဲ့ကြသည်။

တစ်ခုခု ပြောလာတော့မှာကို သိ၍ အလျင်စလို ကျောခိုင်းလိုက်ပေမယ့်...

"လင်မယား အခန်းခွဲအိပ်ပြီး ဘာလုပ်တာလဲ ဆရာ၊ ဥပုသ်ရက်ရှည် အဓိဋ္ဌာန်ဝင်နေကြတာလား၊ ဟဲ... ဟဲ... ဥပုသ်သည်ဆိုရင်လည်း ကာလေးကိုတောင် မနမ်းရဘူး"

"ဟိတ်ကောင်"

"ပြောပြတာပါ ဆရာရဲ့၊ နေရာတကာ သေရဲသတ်ရဲပြီး ဆရာ့လောက်လျင်တာ ဆရာပဲရှိတယ်၊ မိန်းမရမှပဲ..."

"စိုးသန်း... မင်းပါးစပ်ကြီး ပိတ်စမ်း"

စိုးသန်းက ကော်ဖီပန်းကန်ကို သိမ်း၍ မျက်နှာမှိုသတ်လိုက်ပါ၏။ သို့သော် ပါးစပ်ကတော့ မပိတ်။

"ဆရာ ဆင်းရဲနေတာကို မကြည့်ရက်လို့ပါ၊ သူ့ကို ဆရာချစ်နေတယ်မို့လား"

ဘွဲ့က ကျောခိုင်းပစ်လိုက်ပြီး...

"အဲဒါ မင်းအလုပ်မဟုတ်ဘူး"

"ပြောရက်တယ် ဆရာရယ်၊ ဆရာ့ကိုယ်မှာ ဆူးခြစ်ရာလေး ထင်လာရင်တောင် အဲဒီဆူးကို မီးဖိုထဲပစ်ထည့်လိုက်ရမှ ကျေနပ်တဲ့ တပည့်ကြီးကိုများ"



www.burmeseclassic.com

www.burmeseclassic.com



ကျောခိုင်းနေရင်း ဘွဲ့ ပြီးလိုက်မိသည်။

"ဆရာရယ်... ဆရာက လူပျို၊ ကျွန်တော်က မိန်းမ ရှဖူးတဲ့ တစ်ခုလပ်ပါ၊ အိမ်ထောင်ရေးဆိုတာ ရည်းစားတုန်းကလို စိတ်ကူးယဉ်နေလို့ မရဘူး၊ တစ်ယောက်နဲ့တစ်ယောက် ထိတွေ့ရင်းနှီးမှု ရှိမှလည်း သံယောဇဉ်ဆိုတာ ဖြစ်လာတာ"

"ဘာလုပ်ဖို့လဲ... သူ မကြည်ဖြူတဲ့ကိစ္စကို ငါက ဖက်ဆစ်ကျင့်သလို ကျင့်ရမှာလား"

သူ အပြင်ထွက်လာတဲ့အထိ ကျန်နေသော ကော်ဖီပန်းကန်ကို ကိုင်လျက်နှင့် စိုးသန်းက ကပ်ပါလာသည်။

"မဟုတ်ဘူး... အဲဒါကိုက ဆရာ အတွေးလွဲနေတာ၊ ဆရာနဲ့ သူက လင်မယားလေ၊ ကိုယ့်မိန်းမနဲ့ ကိုယ်... ကျွတ်... ဆရာတော်တော့်ကို တစ်ယူသန်တာပဲ"

"စိုးသန်း... မင်း သွားလိုက်တော့"

ဘွဲ့ ဆိုင်ကယ်ပေါ်ရောက်မှ စိုးသန်း ပါးစပ်ပိတ်လျက် ခြေထောက်တွေပါ ရပ်၏။

"သူ့ကို သွားမနှိုးနဲ့၊ ညက အိပ်ရတာမဟုတ်ဘူး"

"လက်သမားတွေ လာရင်ကော"

"နေ့လယ်မှ လွှတ်လိုက်မယ်"

ဆိုင်ကယ်သံ ဆောင့်ထွက်သွားမှ စိုးသန်း သက်ပြင်းချ၏။ ဘယ်လို တိုက်တွန်းလို့မှလည်း မရပါလား။





## အခန်း (၁၉)

"သမီးလေး... လှာ... သမီး"

"ဟင်... ရှင်... ဒေါ်လေး"

အိမ်ဆီ ဒေါ်လေး ရောက်လာပါလား ဆိုသောအသိနှင့် လူးလဲ ထ,လိုက်ပေမယ့် မျက်လုံးတွေက စပ်နေသေးသည်။

တံခါးဖွင့်လိုက်တော့ ဒေါ်လေးက အခန်းဝ,မှာရပ်လို့။

ရွှေသို့စိမ်းရောင် ပါတိတ်ဝမ်းဆက်နှင့် ခေါက်ထားသည့် ဝေါပါးလေး တစ်ထည်ကို လက်ကိုင်အိတ်နှင့် အတူ လက်မောင်းမှာ ချိတ်ထားသည်။

"ဘယ့်နှယ် ညက မိုးအေးအေးနဲ့ အိပ်ကောင်းသွားတာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်... အဲ... ဟုတ်တယ် ဒေါ်လေး"

အိပ်က မိုးယို့လို့လေ... ဒီလောက် စုတ်တဲ့အိမ် ဒီလို မွဲတဲ့ယောက်ျား။

စသော ညက တစ်ယောက်တည်း ပြောနေမိသမျှအားရပါးရ အပုတ်ချဖို့လည်း စိတ်ကူးတွေ ဖြစ်ထားကဲ့သည်။

တကယ်တမ်းကျတော့ ပြောရမှာ ရှက်သလိုလို၊ မရဲသလိုလိုနှင့် ပြောမထွက်တော့ဘဲ ဖြစ်သွား၏။

သူက ကိုယ့်ယောက်ျား ဖွင့်ပြောလိုက်တော့ရော "ဟုတ်လား... ဒီလောက်စုတ်ပြတ်နေရင် လာ ပြန်လိုက်ခဲ့" လို့ ဘယ်သူက ဆွဲခေါ်မှာလဲ။

မာမီတို့ရော ဒေါ်လေးတို့ရော ဘွဲ့ကို အထင်တကြီး ရှိနေကြတာ စည်းစိမ်ဥစ္စာကို မဟုတ်။

ရာထူး ဂုဏ်ထူးလည်း မဟုတ်ဘဲ လူကိုပဲ အထင်ကြီးလေးစားနေကြတာမျိုး။ မထူးတာကိုပြောပြီး ကိုယ့်ပေါင်ကိုယ်လှန် မထောင်းချင်တော့။

"ဒေါ်လေး စောစောစီးစီး ဘယ်ကိုလာတာလဲ"

စကားမရှိ စကားရှာ၍ အခန်းထဲက ထွက်လိုက်သည်။

ဒီအချိန် သူ မရှိတော့ဘူးဆိုတာတော့ သိပါသည်။

"ဘယ့်နှယ် စောစောစီးစီးရမှာလဲ၊ ရှစ်နာရီပဲခွဲနေပြီ သမီးကို ခေါ်မလို့ဟာလေ၊ ဒေါ်လေးပဲ သမီးဆီ အလည်လာရင်းနဲ့ ဒီကနေ ဘယ်သွားမယ်ဆိုပြီး ထွက်လာလိုက်တာ"





"ဟင်... ဘယ်ကိုသွားမှာလဲ"

ဒေါ်လေးနဲ့အတူ ဧည့်ခန်းဘက် ထွက်လာကြပြီး ဒေါ်လေးက ဆိုဖာမှာ ထိုင်လိုက်သည်။ လွှာက မျက်နှာသစ်ရသေး၍ မတ်တတ်ကနေပဲ မေး၏။

"ဟိုဘက်ရပ်ကွက်ကိုကွယ့်... အဲဒီမှာ ဗေဒင်မေးလာကြတာ၊ အရမ်းမှန်တာပဲတဲ့၊ အိပ်မက်တွေ မကောင်းလို့ အားကြီးအတွက် နည်းနည်းမေးချင်လို့"

"အိမ်ကို ပင့်လိုက်ပေါ့ ဒေါ်လေးရဲ့"

"ဪ... ဘယ်ကိုမှ လိုက်မဟောဘူးတဲ့၊ မရလို့ ပါ သမီးရယ်၊ သမီး မြန်မြန်ရေသွားချိုး... သွားရအောင်"

ဒေါ်လေးအတွက် ကော်ဖီနဲ့ မုန့်ကို စိုးသန်းက လာချ ပေး၏။

"သောက်ပါဦး အန်တီ"

"ဪ... အေးကွယ်"

စိုးသန်းက ပြုံးပြပြီး အိမ်ထဲပြန်ဝင်သွားတော့ ဒေါ်လေး တစ်အိမ်လုံးကို စေ့စေ့စပ်စပ် လိုက်ကြည့်ကျန်ခဲ့၏။

ရေချိုး အဝတ်အစားလဲပြီး လွှာ ပြန်ထွက်လာသည်နှင့်–

"အိမ်လေးက အေးချမ်းလိုက်တာကွယ်၊ ထည်ထည် ဝါကြီး မဟုတ်တာကိုက စိတ်ချမ်းသာစရာပဲ"

တွေ့လား... ဒါပါပဲ။

အလင်းတွဲ့... ဆိုတဲ့လူ ဘာလုပ်လုပ် ဘယ်လိုနေနေ



www.burmeseclassic.com

www.burmeseclassic.com



"အရမ်းတော်တဲ့ ကောင်လေးနော်၊ ကာလသားသမီးတွေထဲမှာ ဒီလိုကလေးမျိုး သိပ်ကိုရှားသွားပြီ"

"ဘာဖြစ်လို့လဲ"

လွှာက မျက်လုံးလေး တမင်ပြူး၍ ခပ်တေ့တေ့မေးသည်။ လွှာ့မျက်လုံးတွေကို ဒေါ်လေး သိမှာပါ၊ သို့သော်...

"ဘာဖြစ်ရမလဲ သမီးရဲ့၊ မိဘက တအားချမ်းသာတယ် တို့တွေ ချမ်းသာတယ်ဆိုတာ ဘာဟုတ်ဦးမှာလဲ၊ မျိုးဆက်နှစ်ယောက် သုံးယောက် အစဉ်အဆက် ချမ်းသာလာကြတာ ဒီကောင်လေးကျမှ တစ်ဦးတည်းသောသား ဖြစ်သွားတာ နှစ်ဖက်မိဘဘိုးဘွား အမွေတွေဆိုတာ နည်းတာမှ မဟုတ်တာ"

"ဒေါ်လေးက ဘယ်လိုလုပ်သိလဲ"

ဒေါ်လေးက ခပ်မိန့်မိန့်ရယ်သည်။

"ဒါမျိုးက ချိန်ခွင်နဲ့ တိုင်းကြည့်နေဖို့ မလိုဘူး သမီးရဲ့ လူ့မမြင်အောင် မြေပေါ်မြေအောက် ဘယ်လိုပဲဝှက်ထားထား ခန့်မှန်းခြေဆိုတာ ထွက်လာတာပဲ၊ လူတစ်ယောက်ရဲ့ အဆင့်အတန်းက သူတို့ရုပ်ရည် လက္ခဏာမှာကိုက ပေါ်နေတာ"

ဖြစ်ပြီ...

လွှာက တီရှပ်အနီရဲရဲ ဘောင်းဘီရှည်အပြူနှင့် ဖိနပ်ငုံစီးရင်း မသိမသာလေး မဲ့သည်။

"ဘွဲ့ကိုကြည့်လေ... ဘယ်လောက်ခန့် ဘယ်လောက်ချောသလဲ၊ ဒါပေမယ့် ပွေပွေရှုပ်ရှုပ် ဘာသံမှမကြားရဘူး





သူဆိုရင် မိဘစည်းစိမ်ကို သုံးစားပြီး မြို့ပေါ်မှာ ကားထည်လဲစီးနေနိုင်တာပဲ၊ သူ ဒီမှာ ဒီလိုနေတတ်တာ ကြည့်စမ်း... မိဘတွေကိုလည်း လေးစားရမှာပဲ၊ သားသမီးရဲ့ စွန့်စိုက်မှုကို နားလည်ပေးကြတာ"

"သူတို့ မသိလို့ပါ"

"ဘာလဲ"

"ဒါ မျိုးကန်းမယ့် အလုပ်ဆိုတာလေ၊ ပစ်ကြ ခတ်ကြ တိုက်ကြ..."

"အို... ဘုရား ဘုရား... လွှာရယ်၊ ဒီလို မဦးမချွတ် မပြောရဘူးလေ"

ဒေါ်လေး ကမန်းကတန်း ထ,ရပ်သည့်လည်းရှိ ရင်ဘတ်ကိုလည်း ဖိလိုက်သေးသည်။

ချက်ချင်းပဲ တစ်ခုခုထ,ဖြစ်တော့မလို စိုးရိမ်တကြီး ထိတ်ထိတ်ပျာပျာ ဖြစ်သွားပုံကြောင့် လွှာ ခစ်ခနဲ ရယ်လိုက်မိ၏။ ရယ်နေတာကိုပဲ ဒေါ်လေးက အပြစ်တင်ချင်သလို ကြည့်ကာ...

"ကိုယ့်ယောက်ျားက တိုင်းပြည်အတွက် အသက်နဲ့ရင်းနေရတာ၊ သမီး နောက်ကို စကားပြော ဆင်ခြင်စမ်း၊ မျိုးမကန်းရအောင် သမီးက ကလေးယူဖို့ ပြင်ရမယ်"

"အယ်"

ကိုယ့်ဘက် လှည့်လာပြီ။



www.burmeseclassic.com

www.burmeseclassic.com



လွှာ့မျက်နှာလေး နီကာ ရယ်နေသည့် နှုတ်ခမ်းလေး ပုံပျက်ပန်းပျက် တိတ်ကျသွားလေသည်။

"ဆေးတွေဘာတွေသုံးပြီး တားမထားရဘူးနော်၊ မနိုင်တို့ ရုပ်လွှာတို့ကော ဒါကိုပဲ ပြောသွားကြတာ၊ နှစ်ယောက်စလုံးက တစ်ဦးတည်းသော သားနဲ့သမီး၊ မြေးရဖို့က မြန်လေကောင်းလေပဲ"

"ဒေါ်လေးကလည်း တော်ပါတော့"

ကားပေါ်လည်း ရောက်လာပြီ၊ လမ်းပေါ်လည်း ရောက်နေပြီ။ ဒေါ်လေး စကားက မဆုံးနိုင်သေး။ ကားမောင်းနေသည့် လွှာ့ကို ဒေါ်လေးက လှည့်ကြည့်၏။

"အမလေး... ရှက်နေပြန်ပါပြီ သူ့မှာ၊ ယောကျ်ားရလို့ ကလေးရတာ ရှက်စရာလား၊ ဖနီးကောင်းဆိုတာ သားသမီး မွေးဖွားနိုင်ခြင်းလည်း ပါတယ်"

"ဒုန်း"

"အမလေးတော့်"

ကားကို ချိုင့်ထဲ တမင်ချပစ်လိုက်တော့ ဆောင့်ခနဲခုန်သွား၏။ ထိုအခါကျမှ ဒေါ်လေး လမ်းပေါ်သို့ အာရုံရောက်သွားခဲ့သည်။

"ဒီနားမှာ လူရှုပ်တယ် လွှာ၊ ဖြည်းဖြည်းမောင်း"

သွားလာစရာ သိပ်များများမရှိတာမို့ ဒေါ်ယုယုနိုင်က အိမ်မှာ ဒရိုင်ဘာ မထားပါ။ တော်ရုံကိစ္စဆို ကားနဲ့လည်း သွားဖြစ်။





ဒီနေ့တော့ လွှာ့ဆီလာမှာမို့ ကားယူလာခြင်းဖြစ်၏။ လွှာပါတော့ လွှာကပဲ မောင်းသည်။

"ဟိုမှာ ကားကြီး ကြည့်ပါဦး... သစ်လုံးတွေတင်လာလိုက်တာ မချိမဆံ့၊ ဆိုင်းထားတဲ့ ကြိုးတွေများ ပြတ်... တယ်... အမလေး... သမီး... သမီး"

"ဟယ်"

ပြောနေသည့်စကား မဆုံးသေး။

သစ်လုံးတွေ တင်လာသည့် ကားကြီးမှ ဆိုင်းကြိုးတစ်ချောင်း ပြတ်တောက်သွားပြီး ထိုဘက်မှ သစ်လုံးတွေ တစဥ့်ကလျှား ပြုတ်ကျလာကြ၏။

နောက်မှာ ကားတန်း ရှိနေသည်။

ဘေးမှာ သွားလာနေကြသူတွေ ရှိ၏။

သစ်လုံးကြီးများသည် ကံကောင်းထောက်မစွာ သစ်ပင်အုပ်ရှိသော တစ်ဖက်ကုန်းနိမ့်ထဲသို့ ထိုးလိမ့်ကုန်ကြသော်လည်း ကံဆိုးသွားသော ကားတစ်စီးမှာ သစ်လုံးနှင့် ပစ်ဆောင့်မိပြီ။

"ဒုန်း... ဝုန်း"

"အမလေး"

နောက်ကားဆီသို့ ဒုန်းခနဲ ထပ်ဆောင့်ပြန်ကာ မီးခိုးလုံးကြီးတစ်ခု မည်းတက်လာပြီး မီးတောက်များအဖြစ် ပြောင်းလဲသွား၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ကားတစ်စီး။

ကားသုံးစီးလုံး နှစ်ပတ် သုံးပတ် လိမ့်ထွက်ကုန်၏။

အော်သံတွေ ငရဲပွက်သလို ဆူညံသွားသည်။

"အင်... သမီး ဆင်းလေ"

မျက်စိရှေ့မှာတင် ဖြစ်ပျက်နေတာတွေကို ငေးကြည့်၍ လွှာ ကြက်သေ သေသွား၏။

ဘာလုပ်ဖို့မှ သတိမရ။

ကိုယ်နဲ့ ဆိုင်သည်ကိုလည်း မေ့သွား၏။

ထိုစဉ် ကစားစရာရုပ် တစ်ရုပ်လို လိမ့်ထွက်လာသော ကားတစ်စီးမှာ မီးတောက်များ ဟုန်းဟုန်းထ,လျက်နှင့် လွှာတို့ ကားဆီသို့...။

"အား"

လွှာ ဘာမှ လှုပ်ရှားချိန်မရတော့ဘဲ မျက်လုံးတွေမှိတ် နားနှစ်ဖက် ပိတ်ပစ်ကာ တအားအော်ဟစ်လိုက်မိ၏။



အခန်း (၂၀)

ဟင်...

အိပ်ရာထဲကနေ ထ,ထိုင်ပြီးသား ဖြစ်နေသည့် ကိုယ့်ကိုယ်ကို လည်တိုင်တွေ၊ လည်ကုတ်တွေထဲ လိုက်စမ်းကြည့်မိသည်။ ချွေးတွေ ရွှဲနစ်နေ၏။ ငါ အော်လိုက်မိသေးသလား။

အိပ်မက်ထဲမှာလို အာခေါင်ခြစ် မအော်မိတာတော့ သေချာသည်။ လည်ချောင်းမှာ ရှတ နာကျင်နေတာမျိုးမရှိ။

ဘာပဲဖြစ်ဖြစ် အော်လိုက်လျှင်တော့ စိုးသန်း ရောက်လာမှာပါ။ မအော်မိတာကိုဘဲ ဝမ်းသာမိရသေးသည်။

ရှစ်နာရီခွဲနေပြီ။ ဒီအချိန်ကြီးကျမှ ပုပ်အောင် သိုးအောင်အိပ်ပြီး ယောင်ရမ်းနေသည်မှာ အထင်မြင်သေးသွားလှချည့်ကွာ။

www.burmeseclassic.com



အိပ်မက်တတ်သည့် အကျင့် လွှာ့မှာ မရှိပါ။

တကယ့်ကို တစ်နေ့တာ လှုပ်ရှားနေရသလိုမျိုး ဒီအိပ်မက်မျိုးမက်တာ နှစ်ခါရှိပါပြီ။ ဟိုတစ်ခါ သူငယ်ချင်းတွေနှင့် ဘားအံမှာတုန်းက မက်ခဲ့တာ တစ်ခါ။

အိပ်ရာထဲမှာ ခြေချထိုင်လိုက်မိသည်အထိ လွှာ စဉ်းစားနေမိသည်။

မက်လိုက်တာလည်း စိတ်ထဲမှာ ငိုထားသည့် အကြောင်း တစ်ခုမှမပါ။ ဘာတွေလဲ...

ဆံပင်တွေကို နဖူးကနေ ဖြစ်သလို ထိုးသိမ်းပစ်လိုက်ပြီး ဆတ်ခနဲ ထ,ရပ်လိုက်မိသည်။ သူကော ငါ့လိုပဲ အိပ်နေလား။ သူက ပိုပြီးအိပ်ရေးပျက်လိမ့်မည်။

လွှာ့အခန်းထဲမှာ အိပ်စရာနေရာမှ မရှိတာ။

အပြင်မှာထွက်အိပ်လျှင် ခြင်ကိုက်မှာမို့ သူ အိပ်နိုင်မှာ မဟုတ်။ တွေးကြည့်ရင်းပဲ သေချာလာတာက အလင်းဘယ်တုန်းကမှ နေထွက်အောင် မအိပ်တတ်ခြင်းဖြစ်၏။

သန်းခေါင် သန်းလွဲ ထ,သွား ပြန်လာရတာတောင် လွှာ အိပ်ရာထ, နေမြင့်လို့ ကြည့်လိုက်လျှင် သူ မရှိတော့

"စစ်တပ်ထဲမှာနေရင် မင်း မလွယ်ဘူး"

ဟု ပြုံး၍ သူပြောဖူးသည်။

လွှာ အိပ်မက်ကို မေ့သွားကာ သူ့အကြောင်းတွေးရင်း တံခါးနားအရောက်...





"သမီး... သမီးရေ"

ဒေါ်လေး အသံ... လွှာ တအံ့တသြ ဖြစ်သွား၏။

တံခါးကို ကပျာကယာ ဆွဲဖွင့်လိုက်လျှင် ရပ်နေသည့် ဒေါ်လေးကိုယ်မှာ အိပ်မက်ထဲမှာ မြင်လိုက်ရသော ထဘီ အင်္ကျီများနှင့် ဖြစ်လျက် လက်ပေါ်မှာ ပဝါတင်ထားပုံကအစ အတူတူ။

"ဒေါ်... ဒေါ်လေး"

"ဟဲ့... အို... ကိုယ့်အဒေါ်ကိုကြည့်နေတာ မမြင်ဘူးသလိုပဲ၊ နေမြင့်အောင်အိပ်ပြီး အတိတ်တွေ ဘာတွေ မေ့ကုန်ပြီထင်တယ်၊ သွား... မျက်နှာသစ်၊ ရေချိုး၊ သားကြီးဆီက လက်ဆောင်ပါလာတယ်တဲ့၊ လူကြုံက မလာနိုင်လို့တဲ့လေ၊ အဲဒါ သွားယူရအောင် သမီးကို လာခေါ်တာ"

"ဘယ်ကိုလဲ ဒေါ်လေး"

"တံတားထိပ်တင်ပဲ... မကြာပါဘူး၊ မောင်ဘွဲ့ မရှိလို့ ဟိုသူငယ်ကိုပဲ ပြောခဲ့တော့မယ်၊ ဒေါ်လေး ရောက်တာကြာပြီ၊ သူ့ဆရာက သမီးအိပ်နေတာမနှိုးရဘူး မှာခဲ့တယ်ဆိုလို့ ဒေါ်လေးလည်း ကော်ဖီနဲ့မုန့်စားရင်း ထိုင်စောင့်နေတာ၊ အခု သိပ်နေမြင့်မှာစိုးတာနဲ့ ထ,နှိုးတာ၊ သမီးနိုးတာနဲ့ အတော်ပဲ"

လွှာ မျက်မှောင်လေးကုတ်၍ ဒေါ်လေး ပြောသမျှကို နားထောင်နေမိ၏။

ထိုစဉ် စိုးသန့်က ဂေါ်ဖီပန်းပွင့်ကြီး နှစ်ပွင့်ကြီးကိုင်၍ အခန်းဝ,မှာ ပေါ်လာပြီးမှ ပြန်ဝင်သွားတာ တွေ့၏။



www.burmeseclassic.com

www.burmeseclassic.com



"သွားလေ... သမီး... ရေချိုး၊ ညက မိုးအေးအေးနဲ့ တစ်ညလုံးကွေးနေတာ တော်ရောပေါ့"

ဒေါ်လေးက လွှာ အိပ်ရေးမဝ,လို့ ငေးနေသည်ဟု ထင်ပုံရကာ ချော့မော့နေသေးသည်။

လွှာ ရေချိုးပြီး တီရှပ်အနီရဲလေးကို ကောက်ကိုင် လိုက်မိသည်။ ပြီးတော့ ချိတ်နဲ့ ဒီတိုင်းရှိနေသော ဘောင်းဘီ ရှည် အဖြူကိုလည်း လှမ်းကြည့်မိသည်။

တီရှပ်ကို ပြန်ချကာ အဝါရောင် ရှပ်လက်တိုလေးနှင့် ဘောင်းဘီရှည် ကော်ဖီရောင်ကိုပဲ ဝတ်ဖြစ်လိုက်၏။

စိတ်ထဲမှာ တိုက်ဆိုင်မှုတွေကြောင့် လေးဖင့်နေတာ တော့ အမှန်ပါ။

ဘယ်တုန်းကမှ စိတ်ညစ်လေးလံစွာ ထုံထိုင်းခြင်း မဖြစ်ခဲ့ဘူးသော စိတ်က ကားပေါ်ရောက်တော့လည်း စိတ်မပါ။

"ခုတလော သားကြီးဆီကပဲ စာတွေလာ၊ လူကြုံတွေ ပေးနဲ့ သမီးမကြီးဆီကတော့ တိတ်နေတာပဲ"

ဒေါ်လေးက တက်ကြွစွာ စကားတွေ ပြောနေသည်။

"သမီးတို့အိမ်လေးက အရမ်းကို အေးချမ်းတာပဲနော် ကြည့်ပြီး ဒေါ်လေး သဘောကျနေတာ၊ မောင်ဘွဲ့ကိုလည်း ပိုလေးစားသွားတယ်၊ မိဘက အရမ်းချမ်းသာပြီး သူ့မှာ ဘာပကာသနမှ မရှိဘူး"

လွှာ ကားမောင်းရင်း ဖျတ်ခနဲ လှည့်ကြည့်သည်။





မျက်တောင်ကော့တို့က မျက်ခုံးအစပ်နားအထိ ပင့် ထောက်သွားလျက် ခြောက်ခြားသွားသော မျက်ဝန်းလေးတွေ တလက်လက် ဖြစ်လာ၏။

"တီး တမ်... တီး တမ်..."

"ဟော"

"တရားခံဖမ်းတဲ့ကား"

လွှာကပြောရင်း ကားကို လမ်းဘေးကပ်ချလိုက်သည်။ နောက်က ကားတွေပါ လိုက်ကပ်ကြ၏။

နယ်စပ်မြို့ ဖြစ်သည်မို့ လူပေါင်းစုံဖြစ်ကာ အရောင်း အဝယ် ကုန်သည်တွေလည်း ခြေချင်းလိမ်နေသည်။

အလုပ်အကိုင်တွေ မျိုးစုံရှိပြီး ရာဇဝတ်မှုတွေလည်း ကြောခဏဖြစ်တတ်သည်။ ဒီလိုနေရာမျိုးမှာ ရဲကားသံတွေ ကြားရတတ်တာလည်း မထူးဆန်းတော့ပါ။

အချိန်က အချိန်ကောင်းကြီးမို့ လူတွေကော၊ ကားတွေ ကော ရှုပ်နေသည်။ လွှာ့မျက်နှာလေး ဟင်ခနဲဖြစ်ကာ ဆီးစေ့ခန့် ငယ်ကျသွားခဲ့၏။

သူမ မျက်လုံးများက ဘေးနားမှ ကပ်ဖြတ်သွားသော သစ်လုံးကားကြီးတစ်စီးဆီမှာ ဖြစ်ကာ။

"ကြည့်ပါဦး... ကားကြီးကလည်း အသည်းယားစရာ ကွယ်၊ ဆိုင်းကြိုးတွေသာ ပြတ်ထွက်ကုန်ရင် ဒီသစ်လုံးတွေ ပြုတ်ကျလာမယ့်အားက မသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေး စကားသံက နားစည်ကို တင်းပုတ်နှင့် ပိတ်ထုပစ်လိုက်သလို မျက်လုံးများထိ ဝိုန်းခနဲ မြည်ဟီးကာက ပြာဝေသွားလေသည်။

သစ်လုံးကားကြီးသည် သူမအိပ်မက်ထဲမှာ မြင်လိုက်ရသည့် မြင်ကွင်းထဲကအတိုင်း အနည်းငယ်မြင့်သော ကုန်းလမ်းသို့ ဦးတည်သွားနေသည်။ လွှာ အံ့ကလေးကြိတ်၍ နောက်ကို လှည့်ကြည့်လိုက် မိသည်။ ရဲကားကို ဖယ်ပေးထားသည့် ကားတွေက သူမ၏ ကားနောက်မှာ။

သူမ ဖယ်မပေးလျှင် ကျော်တက်သွားကြမည်ဖြစ်၏။ ဂီယာသွင်းလိုက်ပြီး စတီယာရင်ကို ဆွဲလှည့်ကာ လမ်းမပေါ်မှာ လွှာ ကန့်လန့် ပိတ်ရပ်ပစ်လိုက်သည်။

"ဟင်… ဟဲ့… သမီး… ဘာလုပ်တာလဲ"

"ဟင့်အင်း"

"ဘာလဲ… ဘာလုပ်တာလဲ၊ လမ်းမလယ်ခေါင်မှာ ကွယ်၊ နောက်ကားတွေ ဆူကုန်မှာပေါ့"

လွှာ ခေါင်းကို တွင်တွင်ခါရင်း မျက်လုံးတွေပါ ပိတ်ချပစ်လိုက်သည်။

"တီ… တီ"

"ဟေး… ဟိုကား ဘာလုပ်တာလဲ"

နောက်က ဟွန်းသံတွေကော ကြိမ်းမောင်းသံတွေပါ ဆူညံလာသည်။ ဒေါ်ယုယုနိုင် ဆိုဗာမှာ ဖင်မကျတော့ဘဲ



စတီယာရင်ပဲ ဝင်လုရတော့မလိုလို လွှာ့ကိုပဲ ဖယ်ခိုင်းရတော့မလိုလို။

"သမီး"

"ဟင့်အင်း… သွားလို့မဖြစ်ဘူး၊ ရှေ့မှာ အန္တရာယ်ရှိတယ်၊ လွှာတို့ ရှေ့ကိုဆက်သွားရင် ဟိုရှေ့နားမှာ အန္တရာယ်ရှိတယ်"

"အို… ဘာတွေ ပြောနေတာလဲ၊ ကဲ… ဟုတ်ပြီ၊ ဒါဆို ဖယ်ပေးလိုက်၊ ကားပြန်ချပေးလိုက်နော်၊ နောက်ကားတွေ သွားကြပစေ"

"ဟင့်အင်း… ဟင့်အင်း… အဲဒီကားတွေရောပဲ၊ သူတို့လည်း သေကုန်လိမ့်မယ်"

"အဓိပ္ပာယ် မရှိလိုက်တာ"

ဒေါ်ယုယုနိုင် ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေဆဲ ပြေးလွှား ရောက်လာသူက ဘွဲ့။

"ဟော့… ဘာလုပ်တာလဲ"

လွှာ့ကို သူ မြင်ထားပြီးပြီ။ ဒေါသက ကိုယ့်မိန်းမရယ် ဘာရယ်လို့ မမြင်နိုင်အောင် ဖြစ်နေခဲ့သည်။

အရေးကြီးသည့် တရားခံဖမ်းဖို့ အားလုံး အကွက်ချစီစဉ်ထားကြသည်။ ရှေ့မှာ တရားခံဖမ်းတဲ့ကား လွှတ်လိုက်သာက အယောင်ပြတာပဲ ဖြစ်၏။ တကယ့်တရားခံကလည်း ကားလွှတ်မှ နောက်က လိုက်လာလိမ့်မည်။

www.burmeseclassic.com



ဒါကို ထက်ချပ်မကွာ ကပ်လိုက်ဖငိ့ဖို့ သူတို့လူတွေလည်း နောက်မှာ အဆင်သင့် ရှိနေကြသည်။

နောက်ကားတွေထဲမှာ တရားခံအစစ် တကယ်ရှိနေသေးသလား။ သစ်လုံးကားနောက်များ ပါသွားပြီလား ခန့်မှန်းလို့မရတာ။ တကယ့် တရားခံကား လာပြီဆိုသည့် massage တော့ မရသေးပါ။

ဒါပေမယ့် တကယ်ဖမ်းဖို့ လိုက်မည့်ကားက နောက်မှာသာ ရှိသေးသည်မို့ လွှာ ပိတ်ရပ်ပစ်လိုက်ခြင်းဟာ အရေးကြီး စစ်ဆင်ရေးတစ်ခုလုံးကို ဆွဲမှောက် လှန်ချပစ်လိုက်သည် အားလုံး ယောက်ယက်ခတ်ကုန်ပြီ။ တရားခံ လွတ်သွားသည် မဖြစ်။ ထိုစဉ် စလွယ်အိတ်ထဲမှ ဆက်သွယ်ချက် ဝင်လာသည်

သူ နားကျပ် ချက်ချင်းတပ်၏။

"မိကျောင်း တက်လာပြီ၊ စီအယ်လ်တူးနိုင်း နောက်မှာ အနီရောင်"

"ကြားတယ်... လိုက်ပြီ"

သူ ပြန်၍ဆက်သွယ်လိုက်ပြီး ကားတံခါးကို ဖျပ်ခနဲ ဆွဲဖွင့်ပစ်လိုက်၏။

"ဟင်... ဘာလုပ်တာလဲလွှာ၊ ဒါ မင်းအရှုံးထ... ရတဲ့နေရာ မဟုတ်ဘူး"

"အရှုံးထ,တာ မဟုတ်ဘူး၊ ဟိုသစ်လုံးကားကြီး ပြည်ကျမှာ၊ အားလုံးသေကုန်မှာစိုးလို့"





"ဟာကွာ... မမောင်းရဲရင် ဆင်းစမ်း"

"ဟင့်အင်း"

ဒေါ်ယုယုနိုင်သည် တစ်ဖက်ကဆင်းဖို့ ကားတံခါးဖွင့်ပြီးမှ ဘာလုပ်ရမှန်းမသိ ဖြစ်နေ၏။

ပတ်ဝန်းကျင်က ဆူညံနေကာ ဘွဲ့က လွှာ့လက်ကလေးကို ခပ်ကြမ်းကြမ်း ဆွဲချလိုက်သည်။

ဒါက တာဝန်... မိန်းမဆိုပြီး ညှာလို့မရ။

"ရှင် ဖွတ်မလုပ်နဲ့၊ ဒီကား မှောက်မှာ သိလား၊ ဒေါ်လေး... ဒေါ်လေး ဆင်း"

လွှာ ကားအောက်ရောက်တော့ လှည့်အော်သည်။

အခြေအနေက ရှုပ်ယှက်ခတ်သွားသည်။

"ဒုန်း"

"ဝုန်း"

"ဟာ"

"ဟယ်"

ထောင်းခနဲ ကြိုးပြတ်သံ။ သစ်လုံးတွေ ပြုတ်ကျသံ...

အတော်ဝေးဝေးမှ ဖြစ်ပျက်ကုန်တာတွေကို အတိုင်းသား မြင်နေရ၏။ ကုန်းမြင့်ကို တက်နေသည့် သစ်လုံးကားကြီးက ဘမင်တကာ အမြင့်မှာ တက်ပြနေသလို ရှင်းနေသည်။

သစ်လုံး တစ်လုံးသည် အချင်းချင်းထိခတ်ပြီး ဒုန်းခနဲ ထောင်ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်က ကားတစ်စီးကို အရှိန်နှင့် ရိုက်ချိုးလိုက်သလို ဖြစ်သွားသည်။

"ဝုန်း"

အနီရောင် မှိုပွင့်ကြီးတစ်ခုလို မီးခိုးတွေပါ ရောစွဲ လိပ်တက်လာ၏။ အဖြစ်အပျက်တို့က ဆက်တိုက်...

မီးလောင်နေသော ကားသည် အရုပ်ကားလေးတစ်ခု လို လူးလိမ့် ထွက်လာရင်း ကားတွင်းမှ နောက်ထပ်ပေါက်ကွဲ မှုတွေက မပြီးနိုင်။

အလန့်တကြား ပရမ်းပတာ နောက်ပြန်ဆုတ်ကြသော ကားတွေ အချင်းချင်း တိုက်မိကာ ကားတစ်စီးက ဒီဘက် သို့ စည်းလွတ်ကမ်းလွတ် ပြေးဆောင့်လေသည်။

ကားအတွင်း ရှေ့မှပိတ်ခံထားသော လွှာတို့ကားနှင့် တည့်တည့်ကြီးဖြစ်ရာ...

"ဒေါ်လေး"

လွှာ အာခေါင်ခြစ် အော်သည်။

ဘွဲ့က လွှာ့ကိုယ်လေးကို ဆွဲဖက်ကာ လမ်းဘေးသို့ ဒလကြမ်း ပြေးဆင်း၏။

"ဒုန်း"

"အမလေး"

"အား"

ပြင်းထန်စွာ ထိခတ်ကုန်၏။





မလွတ်နိုင်မှန်းသိကာ လွှာ့ကို ဖက်ထားလျက်နှင့် ဘွဲ့က လိမ့်ထွက်ပစ်လိုက်၏။ ပြေးဝင်လာသော မှန်ကွဲစ တွေ ခေါင်းပေါ်မှာ လွတ်ရုံကလေး ရှပ်ပြေးသွားကြသည်။

အော်ဟစ်သံ ပြိုကွဲ ပျက်စီးသံတွေ ငြိမ်သက်သွားသော အခါ...

"ဒေါ်လေး... ဒေါ်လေးရေ"

"လွှာ"

"ဟင့်အင်း"

လွှာသည် တိမ်းမှောက်နေသည့် ကားဆီသို့ သွေးရူး သွေးတန်း ထ ပြေး၏။ ဘွဲ့က လွှာ့လက်ကို မရမက ဆွဲချုပ် ထားလိုက်ပြီး...

"စိတ်ငြိမ်ငြိမ်ထား... ဘာမှ မဖြစ်ဘူး"

"ဒေါ်လေး... ဒေါ်လေးရေ.."

လွှာ ခေါင်းကော လက်ကော ခါ၍ တစ်ကိုယ်လုံး တုန်ခိုက်နေသည်။ ရှိုက်နေရင်း တအိအိ လဲကျသွား၏။

သူမ မျက်ဝန်းထဲမှာ တိမ်းစောင်း မှောက်နေသော ကားနှင့် ဒေါ်လေး။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"တရားခံကား မီးလောင်သွားတယ်၊ ပစ္စည်းတွေကော လူသုံးယောက် တစ်ယောက်မှ မရှင်ဘူး။ ကားသုံးစီး ပျက်စီးတယ်၊ သေတာက လူငါးယောက်၊ ဒဏ်ရာရကြတာ အားလုံး ဆယ့်ခြောက်ယောက်"

သတင်းမှတ်တမ်းက အတိအကျ ထွက်လာသည်။

ရုတ်တရက် အက်ဆီးဒင့်မှာ တရားခံကို အမီလိုက်ခဲ့သော ရဲကားက ယာဉ်ကြောပိတ်ဆို့မှုကြောင့် လွတ်မြောက်သွားခဲ့သည်။

ဘွဲ့ ဆေးရုံမှာ မှုခင်းစစ်ဆေးသည့် ဆရာဝန်ဆီ ပြေးလိုက်၊ လူနာတွေဆီ ရောက်လိုက်နှင့် လွှာ ပြောခဲ့သော စကားတွေကိုလည်း သတိရနေခဲ့၏။





"အရှုးထ,တာ မဟုတ်ဘူး၊ ဟိုသစ်လုံးကားကြီး ပြုတ်ကျမှာ အားလုံးသေကုန်မှာစိုးလို့"

"ဒီကား မှောက်မှာ... ဒေါ်လေး... ဒါလေးဆင်း"

"ကျွတ်"

သူ လူနာမှတ်တမ်းတွေကို ဖတ်ရင်း စိတ်က ရှုပ်ထွေးနောက်ကျိလာသည်။

"ကိုဘွဲ့.... ကိုဘွဲ့ဖနီး ဘယ်လိုနေလဲ"

"သူ လန့်ပြီး ရှော့ခ်ရသွားတာ၊ ဘာမှမဖြစ်ပါဘူး"

သူ့လိုပဲ ဒုရဲအုပ် ဝင်းနောင်က အနားရောက်လာသည်။

ရင်းနှီးတဲ့ လူချင်းမို့ ဝင်းနောင်က သူ့လက်ထဲက မှတ်တမ်းတွေကို တစ်ချက်ကြည့်ကာ...

"ဒေါ်ယုယုခိုင် အခြေအနေ ကောင်းသွားပြီဆို"

"ကောင်းသွားပါပြီ... ကားက ဆောင့်တိုက်လိုက်တော့ သူက တံခါးကနေ စင်ထွက်သွားပြီး အိတ်ခွံတွေ စုထပ်ထားတဲ့ပေါ် တည့်တည့်ကျသွားတာ၊ ထောက်မိတဲ့ လက်တစ်ဖက်ပဲ ကျိုးတယ်၊ ကျန်တာ ထိခိုက် ဒဏ်ရာရရုံပဲ"

"ဒါနဲ့ ကိုယ်တို့ ကြားလိုက်တယ်၊ နောက်ကားတွေ ကကောင်းသွားတာက ကိုဘွဲ့ရဲ့ အမျိုးသမီးက ရှေ့က ပိတ်ခံထားလို့ဆို၊ ကိုဘွဲ့နဲ့တောင် အတိုက်အခံ ဖြစ်နေသေးတာဆို၊ ဟုတ်လား"

မနေ့က ထိုစစ်ဆင်ရေးမှာ ဝင်းနောင် မပါ။



www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းမှ စခန်းကို ပြန်ရောက်လာတာဖြစ်သည်။

ဘွဲ့က ခေါင်းညိတ်လိုက်ပြီး...

"သူလည်း ပြောတာပဲ၊ ဘာတွေပြောမှန်း မသိပါဘူး။ ရှေ့မှာကော နောက်မှာကော အရမ်း အရေးကြီးနေတော့ သူကအော်၊ ကိုယ်ကအော်နဲ့"

"ထူးဆန်းတယ်နော်"

ဆက်ပြောကြဖို့ အချိန်မရကြသေးတာနှင့် စကားက ဒီမှာတင်ရပ်ခဲ့သည်။ ဝင်းနောင်လည်း ရဲမှူးကြီးနဲ့ တွေ့တော့ ပါသွားကာ သူလည်း လွှာ့ဆီ ဝင်လာခဲ့သည်။

"ကိုဘွဲ့... ဒေါ်လေးကောဟင်"

ခုတင်ဘေးမှာ စောင့်ကြပ်ပေးနေကြသည့် သူနာပြု ဆရာမလေးနှင့် ရဲဘော်လေး နှစ်ယောက်က သူ ဝင်သွားတော့ ဖယ်ပေးကြသည်။

"ဒေါ်လေး ဘာမှမဖြစ်ဘူး မို့လားဟင်"

လွှာက သူ့ဆီ ထ,ပြေးလာသည်။ လွှာ့လက်ကလေး နှစ်ဖက်ကို စုကိုင်လိုက်ပြီး သူ ပြုံးပြလိုက်၏။

"မင်း နေကောင်းရဲ့လား"

"လွှာက ဘာမှ မဖြစ်တာ၊ ဘာဖြစ်လို့ ဆေးရုံပေါ် တင်ပြီး စောင့်နေကြတာလဲ၊ ဒေါ်လေးက အရေးကြီးတာ"

"မင်းလည်း အရေးကြီးတာပဲ၊ အကြောက်လွန်ပြီး အာရုံကြောတွေ ဘာတွေ ထိခိုက်ကုန်သလားလို့ သတိရ





လာတာကို စောင့်ကြည့်ကြတာပေါ့။ ဘာမှမပူနဲ့... ဒေါ်လေး လက်တစ်ဖက်ပဲ ဒဏ်ရာရတယ်"

"တကယ်"

သူများတွေလည်း ပြောထားပြီး ဖြစ်လိမ့်မည်။

လွှာ မယုံနိုင်ဘဲ သူ့ကိုသာ မျှော်နေရှာကာ သူ ပြန်လာလျှင် ဒေါ်လေးဆီက သတင်းမှန်တစ်ခုခု ထပ်ကြား ရနိုင်သည်ဟု တွက်ထားရှာသည့် လွှာ့ မျက်နှာလေးက သနားစရာ။

မျက်ဝန်းလေးတွေမှာ မျက်ရည်ကြည်ဝေ ဝေ့တက်လာရင်း မချိတရိလေးပြုံးတော့ မဲ့မဲ့လေး ဖြစ်သွား၏။

"ဒေါ်လေးကို လွှာ ကြည့်ချင်တယ်"

ဘယ်လိုမှ တားလို့မရတော့ဘဲ လွှာက ဇွတ်ပူဆာသည်။ ဒေါ်လေး သတိရနေပြီမို့ သွားတွေ့ကြတော့ မျက်ရည်တွေ အပြန်အလှန်ကျကြ၏။

"သမီး ဘာမှမဖြစ်ဘူးနော်"

"မဖြစ်ပါဘူး ဒေါ်လေးရယ်... လွှာက ဒေါ်လေးကိုပဲ အရမ်းစိတ်ပူသွားတာ၊ အဲဒါ လွှာ့ကြောင့်၊ လွှာ့ရဲ့ကားတစ်စီး သည်း ခံလိုက်ရတာ"

ဒီလိုပြောတော့လည်း ဘွဲ့ မနေသာဘဲ...

"ဒီလိုတော့ မဟုတ်ပါဘူး။ မင်းကြောင့်လည်း နောက် ကားတွေ သက်သာသွားတာပေါ့၊ မဟုတ်ရင် အသွားအလာ



www.burmeseclassic.com

www.burmeseclassic.com



စည်ကားနေတဲ့ အချိန်ကြီးဆိုတော့ ဒီထက်ပိုးဆိုးကုန်မှာ၊ ကိုယ်လည်း တာဝန်တစ်ဖက်နဲ့ဆိုတော့ ဗျာများသွားခဲ့တယ်၊ အဲဒီအတွက် တောင်းပန်ပါတယ်”

လွှာ မကျေနပ်တာလား၊ အမှတ်တမဲ့ ထားဖို့ စိတ်ကူး လိုက်တာလား မသိ။ မျက်ရည်သုတ်ပစ်ပြီး တစ်ဖက် လှည့် သွားသည်။

ဒေါ်လေးကတော့ အကောင်း ရှိသေးသည့် လက် တစ်ဖက်နှင့် လွှာ့လက်ကလေးကို ဖျစ်ဆုပ်ထားပြီး ခေါင်းခါ သည်။

“အားလုံးက ဘာမှ တွေးတော စဉ်းစားချိန်မရဘဲ ရှုပ်ထွေးကုန်ကြတာကိုး သားရဲ့၊ ဘယ်သူ့မှာမှ အပြစ်မရှိ ပါဘူး၊ အဲဒီ သစ်လုံးကားကြီးကို မြင်တာနဲ့ သမီးက ဘာကို သိသွားတာလဲ၊ အဲဒါ သိပ်ကိုထူးဆန်းတာပဲကွယ်”

ဆေးရုံမှာပေမယ့် အနားမှာဘယ်သူမှ ရှိမနေကြတော့ပါ။

လွှာက ခေါင်းကလေးခါရင်း နဖူးပေါ် ကျနေသည့် ဆံပင်တွေကိုပါ သပ်တင် ဖယ်လိုက်၏။

“မသိဘူး... အဲဒါ လွှာ မသိဘူး၊ ဒီဘက်ကိုရောက် လာတိုင်း လွှာ ဒီလိုပဲဖြစ်ဖြစ်သွားတာ နှစ်ခါရှိပြီ၊ အိပ်မက် တွေ မက်ပြီး နိုးလာတာနဲ့ အဲဒီထဲကအတိုင်း အားလုံးဖြစ်နေ တယ်၊ ဘာလဲဆိုတာ လွှာ မသိဘူး”

“မသိရင် မစဉ်းစားနဲ့တော့၊ စိတ်ပင်ပန်းတယ်”





လွှာ့ဦးနှောက်တွေကို အလုပ် မများစေချင်တော့၍ ဘွဲ့က ဝင်တားသည်။ ဒေါ်လေးကတော့ နားမလည်နိုင်စွာ ရှိနေဆဲ။ လွှာ့ကိုလည်း ဒီ့ထက်ပို၍ မေးမြန်းချင်သေးပုံ ရှိနေ သည်။

သူကတော့ လွှာ့ကို အရင်ကထက်ပိုဂရုစိုက်ဖို့ ဆုံးဖြတ် လိုက်ခဲ့သည်။ သူ့ဘဝ သူ့အလုပ်အကိုင်တို့နှင့် ဘယ်လိုမှ မထင်မှတ်ခဲ့သော အရပ်မျက်နှာ တစ်ခုမှနေ၍ ဝင်ရောက် ပတ်သက်လာခဲ့သော လွှာ့ကို မှဲ့တစ်ပေါက်မှ စွန်းထင်းမခံနိုင်။

အန္တရာယ် ဖြစ်လာပြီဆိုတော့မှ လွှာ့အတွက် ပူလောင် ခဲ့ရသော ရင်ထဲမှာ ခုချိန်ထိ အရှိန်ကမပြေသေး။

ရက်ရှည်လများ ဝေဒနာခံစားခဲ့ရသော လူမမာကြီးလို လူကော စိတ်ပါ နွမ်းခွေသွားခဲ့၏။

ဒေါသဖြစ်ခဲ့၊ ဆူပူခဲ့မိသမျှ ကားနားမှာ မသိစိတ် ကင်းမဲ့သလို ဖြစ်နေရှာသော လွှာ့ကို သတိရတိုင်း ကိုယ့် ကိုယ်ကို ဒေါသဖြစ်နေမိသည်။

လွှာသာ တစ်ခုခုဖြစ်သွားခဲ့လျှင် ဆိုသော အသိနှင့် လွှာ သတိရမလာမချင်း သူ ယောက်ယက်ခတ်နေခဲ့သည်။

မကြာသေးသော ကာလအတွင်းမှာ လွှာ့အပေါ် ထားရှိ ခဲ့သည့် သူ့မေတ္တာဟာ မိဘ သဘောကျ လက်ထပ်ယူခဲ့ ရသော မိန်းမတစ်ယောက် အပြစ်မျိုး မဟုတ်ဘဲ တရင်းတနှီး မြတ်မြတ်နိုးနိုး ဖြစ်နေခဲ့၏။



www.burmeseclassic.com

"လှ္သာ...ဒေါ်လေးကို စိတ်မချဘူး၊ ဒေါ်လေးနဲ့ သွားနေချင်တယ်"

ဒေါ်ယုယုခိုင် ဆေးရုံက ဆင်းရတော့ လှ္သာက တောင်းဆိုလာ၏။ သူ ခွင့်မပြုနိုင်ပါ...။

"လူမမာကြီးမှ မဟုတ်တာ လှ္သာ၊ အနားမှာ သူ့အိမ်ဖော်တစ်ယောက်လည်း ရှိတယ်၊ စပါယ်ရှယ်နာ့စ်လည်း ခေါ်ထားတယ်၊ လက်ကလည်း သက်သာနေပြီပဲ"

"ဒါပေမယ့်... လှ္သာ စိတ်မချဘူး"

"မင်းကိုလည်း ကိုယ် စိတ်မချဘူး၊ ဟိုထိလည်းလိုက်ပြီး စောင့်ရှောက်နိုင်မှာ မဟုတ်ဘူး၊ သွားတာ လာတာ တောင် စိုးသန်းကို အသိမပေးဘဲ ဘယ်မှမသွားရဘူး၊ ကားထားပေးတယ်၊ မင်း မမောင်းရဘူး၊ စိုးသန်း ပို့ပေးလိမ့်မယ်"

ဒါကျတော့ လှ္သာ လက်မခံ...

ဟိုအစက ဟန်ပန်တွေအတိုင်း ခေါင်းခါခါ လက်ခါခါနှင့် လှ္သာ သူ့ကို အတိုက်အခံ လုပ်တော့သည်။

"ဖြစ်ခဲ့တာကို ရှင်က အကြောင်းပြစရာ ရသွားပြီလား လှ္သာ့ကို လူမမာတစ်ယောက်၊ အရူးတစ်ယောက်လိုမျိုး..."

"ဟာ... ဘာတွေ လျှောက်ပြောနေတာလဲ"

"ခုရဲအုပ်ကတော် ဆိုတဲ့ ရှင့်ပါဝါတွေနဲ့ တခမ်းတနားထားပြီး ချုပ်ကိုင်ထားချင်တာလား"

"မင်း တော်တော် တလွဲတွေးတဲ့ မိန်းမပဲ"





"ရှင်နဲ့လှ္သာက အမြဲလွဲခဲ့တာပဲ၊ ဟွန်း..."

လှ္သာက သူ့ကို ခပ်စူးစူးလေး ကြည့်လိုက်ပြီး...

"ရှင်လည်း လိုအပ်လာရင် ရှင့်အာဏာတွေ၊ ဒေါသတွေ ထုတ်သုံးတာပဲ၊ လှ္သာ့မှာလည်း လုပ်ပိုင်ခွင့်ရှိတယ်၊ ဒေါ်လေး နေထိုင်မကောင်းဘူး၊ လှ္သာ သွားနေမှဖြစ်မယ်၊ ရှင့်တားလည်း မရဘူး၊ သွားမယ်... ဒါပဲ"

"လုံးဝ သွားခွင့်မပြုဘူး"

ဒီမိန်းကလေးကို ပျော့ပျော့လေး ချော့မော့နေလို့မရ။ ဘွဲ့ မျက်နှာတင်းတင်းနှင့် ပြောပြီး သေနတ်ကို ဂျာကင်းအတွင်းအိတ်ထဲ ထိုးထည့်သည်။

ထို့နောက် အသက်ရှူပြင်းပြင်းနှင့် ဒေါသတွေထန်နေသည့် လှ္သာ...နားကို လျှောက်သွား၍...

"ဖြစ်ခဲ့တဲ့နေ့က မင်းကို ကိုယ် အော်ငေါက်ခဲ့တဲ့အတွက် မင်းက မကျေနပ် ဖြစ်နေတာလား"

"မဟုတ်ဘူး... ရှင့်ကို မမြင်ဘူးကတည်းက မကျေနပ်ခဲ့တာ ဘယ်တုန်းကမှ ကြည့်မရခဲ့တာ၊ နောက်လည်း ဒီတိုင်းဖြစ်နေမှာပဲ"

ဘွဲ့က ခပ်ယဲ့ယဲ့ပြုံးသည်။

"အပြောအဆို မနူးညံ့တတ်ပေမယ့် မင်းကို မြတ်နိုးဖို့အတွက် ကိုယ့်ရင်ထဲမှာ နေရာတွေ အများကြီးရှိပါတယ်"

"ဟွန်း"

www.burmeseclassic.com



လွှာက မဲ့ပစ်၏။

ဘွဲ့သည် ဆိုင်ကယ်ဆီသို့ ဆင်းထွက်လာခဲ့ရင်း…

"စိုးသန်း"

"ဗျာ… ဆရာ"

စိုးသန်း ချက်ချင်း ရောက်လာသည်။

"လူဝင်လူထွက် ဂရုစိုက်နော်၊ ငါ ဒီနေ့ ရဲမှူးကြီးဆီမှာပဲ ရှိမယ်"

"စိတ်ချပါ"

ကြားအောင် သူ တမင်ပြောသွားမှန်း လွှာ သိသည်။

"သမီးရယ် သူ့စိတ် သူ့ဗီဇကို ဒီလိုနေတတ်၊ ပြောတတ်တာပါ၊ မောင်ဘွဲ့ သမီးကိုချစ်တာ ဒေါ်လေး အကဲခတ်မိတယ်၊ သမီးကိုလည်း သူသာမကယ်ရင် ခုလို အသက်ရှင်နေခွင့် ရှိနေနိုင်မှာ မဟုတ်ဘူး"

ဒေါ်လေးကလည်း ကိုယ်တိုင် လူမမာဖြစ်နေတာတောင် ချီးမွမ်းမဆုံး ဖြစ်နေဆဲ။

နေ့လယ်ပိုင်း သူ တစ်ခေါက်ပြန်လာသံ ကြားသည်။

လွှာ အခန်းထဲက မထွက်ဘဲ နေလိုက်၏။

"မနက်စာ စားပြီးကတည်းက ဝင်သွားတာဆရာ နေ့လယ်စာ ထွက်မစားဘူး၊ ကျွန်တော့်ကိုလည်း ဘာမှ မပြောဘူး"

စိုးသန်း ပြောနေသံ ကြားသည်။





လွှာ့အခန်းရှေ့ထိ သူ့ခြေသံ ကြားလိုက်ရပြီး အသံမပေးဘဲ ပြန်ထွက်သွား၏။ စကားမပြောတာဘဲ ကောင်းသည်။

ပြောမိလည်း ရန်ဖြစ်ဖို့ပဲရှိသည်။

လွှာ့ကို သူ ကားပေါ်ကနေဆွဲချတာကော၊ ဆူခဲ့ အော်ခဲ့တာတွေကော တစ်စက်ကလေးမှ ကျေအေးနိုင်ဖွယ်မရှိ။

ပြဿနာဖြစ်နေစဉ်က ဒေါ်လေးကို ပူပန်နေရ၍ ဒါကိုမေ့ထားနိုင်သေးသည်။ သွေးအေးတော့မှ သတိရတိုင်း အံကြိတ်နေရ၏။

လုပ်သွားပုံက လွှာဟာ ရူးနေသလိုလို ဂေါက်နေသလိုလို…

ဘာ မြတ်နိုးတာလဲ… ဘာမှ စိတ်မချတာမဟုတ်ဘူး၊ ဆရာ လုပ်ချင်တာ၊ ခုလည်း တစ်မနက်လုံး တစ်နေ့လယ်လုံး စိုးသန်း ဆိုသည့်လူက ညှဲ့ခန်းမှာရှိနေသည်။

ဘာမှမဟုတ်လောက်သည့် အိမ်ကလေးကို ခေါက်တုံ့ခေါက်ပြန် ပတ်ခြံ၍ စောင့်ရှောက်နေ၏။

လူကို အကျယ်ချုပ် ချထားသလိုမျိုး။

သူ ပြန်ထွက်သွားပြီး အတော်ကြာမှ ဘယ်လိုမှ မနေနိုင်တော့သည့် ဗိုက်ကြောင့် လွှာ ထမင်းထွက်စားသည်။

"မလွှာ… ဒီမှာ ကျွန်တော် ကျွဲခေါင်းသီးတွေ ပြုတ်ထားတယ်"

စိုးသန်းက ပန်းကန်လေးနဲ့ လာချပေး၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကိုယ်ကြိုက်သော စားစရာတစ်ခုမို့ ကျေနပ်သွားပေမယ့် မျက်နှာကိုတော့ တင်းထားမိဆဲ။

သိပ်လိမ္မာတဲ့ တပည့်ကြီး...

"ဆရာက ညနေ သူ စောစောပြန်ရောက်ရင် ဒေါ်ယုယု နိုင်ဆီ ပို့ပေးမယ်တဲ့၊ အဆင်သင့်ပြင်ထားတဲ့"

"မလိုပါဘူး... ဒီက ကျိုးနေတာမှ မဟုတ်ဘဲ၊ သွားလည်း မသွားဘူး၊ ပို့ပေးဖို့လည်း မလိုဘူး"

ရှိင်းသွားသလား မသိ။ လွှာစိတ်ထဲရှိတဲ့အတိုင်း ပြောပစ်လိုက်သည်။ တကယ်လည်း ဘွဲ့ ရောက်မလာခဲ့ပါ။

မိုးစုပ်စုပ်ချုပ်မှ ပြန် ရောက်လာသည်။

ဆိုင်ကယ်သံ ကြားသည်နှင့် လွှာ အခန်းထဲ ဝင်ပြီး တံခါးပိတ်နေလိုက်သည်။ အိမ်လေးက ကျဉ်းကျဉ်း။

စိတ်ဆိုးလို့ မမြင်ချင်လည်း ကိုယ့်အခန်းထဲ ဝင်နေ အပြင် ဘယ်မှသွားနေဖို့ မရှိ။

စကားပြောသံတွေ ကြားရပြီး နာရီဝက်လောက်ကြာ တံခါး လာခေါက်၏။

"ဒေါက်... ဒေါက်"

"လွှာ"

"........."

"ဟော့... ဘာလုပ်နေတာလဲ၊ တံခါးဖွင့်ဦး"

"မဖွင့်နိုင်ဘူး... အိပ်မလို့"





"ခုမှ... ခုနစ်နာရီခွဲပဲ ရှိသေးတာ"

"ဘယ်နှစ်နာရီဖြစ်ဖြစ်"

"ကဲပါကွာ... တံခါးဖွင့်စမ်းပါ၊ ဒီမှာ ဒေါ်လေးမှာလိုက်တာ ပြောမလို့"

ပက်ခနဲ ပြန်ပြောလိုက်ဖို့ ပြင်ပြီးမှ လွှာ ပါးစပ်လေး ပိတ်သွားကာ တံခါးထ,ဖွင့်လိုက်၏။

ရေချိုးပြီးစ,မို့ ရှင်းသန့်နေသည့် ဘွဲ့မျက်နှာက မချိမချဉ်။ ဘောင်းဘီရှည်အနက်နှင့် အနီ အနက် စင်းကျားပါသော ရှပ်အင်္ကျီလက်တို ပွပွနှင့် ချောမွေ့နေသော်လည်း လွှာ မုန်းတီးစွာ စိုက်ကြည့်မိသည်။

"ဘာလဲ... ရှင့်မျက်နှာကို ထွက်ကြည့်တာ မဟုတ်ဘူး၊ ဒေါ်လေး ဘာပြောလိုက်သလဲ၊ ပြော..."

ဘွဲ့က ဟင်းခနဲ ရယ်သည်။

"မဆိုးဘူးနော်... အပြင်ကပြန်လာရင် မိန်းမ ရန်တွေ့လိုက်တာနဲ့ အမော ဖြေရတယ်"

"ဟုတ်တယ်... လွှာက ရှင် အမောပြေမယ့် မိန်းမမျိုး မဟုတ်ဘူး အမောဖြေစရာရှာဖို့ စောစောစီးစီး စဉ်းစားထား"

"ဒီ့ပြင်မှာရှာဖို့ မလိုတော့ပါဘူး၊ ကိုယ်က အဲဒါမျိုးကိုမှ စိတ်ဝင်စားတာ"

လွှာက တံခါးရွက်များ ကိုင်ထားသည့် လက်ကို ဆောင့်ဖြုတ်ချကာ...



www.burmeseclassic.com

www.burmeseclassic.com



"မေးတာကို ရှင် ပြောစမ်းပါ၊ ဒေါ်လေးက ဘာတဲ့လဲ"

"သွားမယ်လေ… အခု လိုက်ပို့မလို့"

"မသွားဘူး"

သက်သက် တံခါးဖွင့်အောင် ညာပြောမှန်းသိတော့ လွှာက တံခါးကို ချက်ချင်းပြန်ပိတ်သည်။

ဘွဲ့က တံခါးကို ဆတ်ခနဲ ပုတ်ထုတ်ပစ်လိုက်၏။

ပြီးတော့ အခန်းထဲ ဝင်လိုက်၍…

"ကိုယ့်ကို ဘာဖြစ်လို့ အမြဲတမ်း ရန်လုပ်ဖို့ချည်း စဉ်းစားနေတာလဲ"

"အို… ဘာဝင်လုပ်တာလဲ၊ ရှင် ထွက်သွား"

လွှာ ပျာပျာသလဲ ဖြစ်သွားတော့ ဘွဲ့က တံခါးကို မကြည့်ဘဲ နောက်ပြန် ပိတ်ထားလိုက်၏။

"လွှာ…"

လွှာ့လက်ဖျားလေးကို ဘွဲ့က ခပ်တင်းတင်း ဖိဆုပ်ထားကာ…

"ကိုယ်တို့လက်တွေဘာဝကို တည်ဆောက်ကြရအောင်"

"ဘာ"

လွှာ လက်ကို ရုန်းမရဘဲ ခြေတစ်လှမ်း ဆုတ်လိုက်မိသည်။ ပန်းနုရောင် ဘောင်းဘီရှည်၊ တီရှပ်ပန်းရောင်လေးနှင့် ဝင်းစက်နုထွတ်နေသည့် လွှာ့တစ်ကိုယ်လုံးကို ဘွဲ့က စူးစူး ရဲရဲ ကြည့်၏။





ဘောင်းဘီရှည်တွေပဲ အမြဲတမ်းဝတ်တာ အလွန်စွာ သော်လည်း ချစ်စရာ/အမူအရာလေးတွေ ပြည့်နှက်နေသော ကောင်မလေး…

စ,တွေ့ကတည်းက ရန်ဖြစ်ရင်း၊ ဒေါသဖြစ်ရင်းနဲ့ပဲ ရင်းနှီးစွာ ချည်နှောင်ခဲ့မိသော မသိစိတ်က သံယောဇဉ်များ ဟာ ကိုယ့်ကိုယ်ကို သတိထားကြည့်လိုက်မိတော့ အားလုံး မြဲတ်နိုးသော ချစ်စိတ်များသို့ ပြောင်းလဲနေခဲ့ပြီ ဖြစ်၏။

"မင်းကို ကိုယ်ချစ်တယ်၊ မင်းကို ကိုယ်ပိုင်ဆိုင်ရမှ ဖြစ်မယ်၊ ဒီထိုင်းနေသွားလို့ မင်းဆီက ရင်းနှီးမှုတွေ၊ ချည် နှောင်မှုတွေ ဘယ်တော့မှ ရနိုင်မှာမဟုတ်ဘူး"

ဘွဲ့ ရှေ့ကို တိုးသည်။ လွှာက ထပ်ဆုတ်၏။

"ရှင်…ရှင် မရှားနေနဲ့၊ လွှာ ရှင့်ကိုမချစ်ဘူး… လွှတ်"

လွှာက ဘွဲ့မျက်နှာကို ဆတ်ခနဲ ပင့်ထိုး၏။

နှစ်ချက်တိတိ ပစ်ဝင်သွားသည့် လက်သီးချက်တွေကို ဘွဲ့က အသာလေး ရှောင်သွားသည်။ မနိုင်မှန်းသိလျက်နှင့် ရှက်စိတ်မွှန်ကာ လွှာက ဖွတ်အတင်း တိုက်ခိုက်ဖို့ ကြိုးစား၏။

စောစီးစွာ အမှောင်ကျသွားသော အခန်းလေးက အိပ်ရာဝင်တော့သည့် ကလေးငယ်လေးလို ပူပင် ကင်းမဲ့စွာ အရာရာကို ဥပေက္ခာထားသွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၂)

"ဟိတ်... ဘာလုပ်နေလဲ"

အိမ်ဘေးက သိပ်မကျယ်လှသော ပန်းခြံကလေးထဲမှာ လွှာ ပုဆစ်တုပ်ကလေး ထိုင်၍ ဘာမှန်းမသိဘဲ အရမ်းလှနေသည့် ပန်းပင်လေးကို စိတ်ဝင်စားနေခဲ့၏။

နှင်းဆီပင်နှင့်တူကာ ရိုးတံတစ်ခုမှာ ပန်းဖူးငုံလေးနှစ်ခုစီ ရှိ၏။ ရိုးတံသုံးခုက ယပ်တောင်လေး ဖြန့်ထားသလိုဖြစ်နေသည်။

ပြီးတော့... အဖူးလေးတွေက တစ်ညီတည်း၊ တစ်ရှယ်တည်း။ တစ်စွန်းတစ်စ ပေါ်နေသည့် ပွင့်ဖတ်လွှာကလေးတွေအရ ပွင့်လာလျှင် နီညိုရင့်ရင့် ဖြစ်နိုင်သည်။



အနားမှာ ဘွဲ့က လာရပ်ပြီး လွှာ စိတ်ဝင်စားနေတာကို ငုံ့ကြည့်၍...

"အဲဒါ ပန်းမဟုတ်ဘူးကွ၊ ဒါပေမယ့် ပွင့်လာရင်လှတယ်၊ တောင်အာဖရိကဘက်က လာတဲ့ပန်းမျိုးပဲ၊ ပျိုးကိတ်လို့ တို့ခေါ်တယ်၊ ဒီအဖူးလေးအတိုင်းပဲ ဆယ့်ငါးရက်ကြာအောင် နေတယ်လေ၊ ပြီးတော့ တစ်ရက်တည်းပွင့်ပြီးနွမ်းသွားတယ်"

လွှာ စိတ်ဝင်တစား ဖြစ်သွား၏။

"သူက ဘာပန်းပင်လဲ"

"မသိဘူး... မွေးတဲ့ ပန်တဲ့ပန်း မဟုတ်တာတော့ သေချာတယ်၊ လည်ချောင်းကင်ဆာတွေအတွက် အသုံးဝင်တယ်တဲ့၊ ကိုယ်လည်း လက်ဆောင်ရထားတာ၊ သေချာမသိဘူး"

"ဘာမှမလုပ်ဘဲ ဒီတိုင်း ဖူးလိုက် ကြွေလိုက်နေတာပဲလား"

"ဘယ်ဟုတ်မလဲ၊ မိုးများရင်လည်း မပွင့်ဘူး၊ ပူလွန်းရင်လည်း မပွင့်ဘူး၊ ဒီရာသီမျိုးမှ ပွင့်တာ"

"လှလားဟင်"

"မင်းလောက် မလှပါဘူး"

လွှာ မျက်မှောင်ကုတ်သွားပြီး ချက်ချင်း ထ,ရပ်လိုက်၏။ ဘွဲ့က ပြုံး၍...

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာ... မင်းက ပန်းတွေထက် လှတယ်"

ပြောလိုက်ပြီး ရှောင်ထွက်သွားဖို့ ခြေလှမ်းပြင်နေသည့် လွှာ့ပခုံးလေးကို ဖက်ထားလိုက်သည်။

"မနက်ဖြန်ဆို သူ ပွင့်လားမလား မသိဘူး၊ ကိုယ် ခူးပေးမယ်၊ လာ... အခု မင်းကို ကိုယ် ပြောစရာရှိတယ်"

သူက လွှာ့ပခုံးလေးကို ဖက်၍ ခြံထောင့်က သစ်သား ခုံတန်းလေးမှာ အတူထိုင်၏။

"ကိုယ် ခရီးဝေးသွားရမယ် လွှာ၊ တော်တော်ကြာလိမ့် မယ်၊ အဲဒီကပြန်ရင်တော့ အကြာကြီး နားရက် ရမှာပါ၊ မင်း ဒေါ်လေးနဲ့ ပြန်နေမလား၊ ရန်ကုန် ပို့ပေးရမလား"

"ဟင်"

လွှာ သူ့ကို တအံ့တသြ ကြည့်နေမိသည်။

ပြန်ရမည်ဆိုတာကို လိုက်ခနဲ ဝမ်းသာသွားပေမယ့် ထင်သလောက် မဟုတ်ခဲ့ဘဲ ဖြစ်နေ၏။

ဘွဲ့က လွှာ့မျက်နှာလေးကို မေးဖျားလေးကနေ ဆွဲမော့ ယူ၍...

"ပျော်သွားလား"

လွှာ မျက်နှာလေးကို တင်း၍ ပြောမလို့ ပါးစပ်ပြင် လိုက်တော့...

"ဟန်မဆောင်ကြေးနော်... ရင်ထဲမှာ တကယ်ရှိတာ ကို ပြော"





"မာမီတို့ဆီ ပြန်ရမှာပဲ ပျော်တာပေါ့"

"ကိုယ်နဲ့ မနေချင်လို့ မဟုတ်ဘူးလား"

"မသိဘူး"

"ကိုယ် ဒီမှာ နှစ်ရက်လောက်တော့ နေရဦးမယ်၊ မင်း သွားလာဖို့ အားလုံးစီစဉ်ပေးခဲ့မှာပါ။ ဒါပေမယ့် ကိုယ် စိတ်ချ သွားချင်တယ်၊ မင်း ကိုယ့်ကို ချစ်နိုင်မလားဟင်"

အို... လွှာ ရင်တွေခုန်လို့ပါလား...

အဓိပ္ပာယ်မရှိတာ... မျက်ဝန်းတွေကို သူ စိုက်ကြည့် မှာစိုး၍ မျက်နှာ ငုံ့ပစ်ချင်ပေမယ့် မရ...။

ဘွဲ့က လွှာ့မျက်နှာလေးကို လက်ဖဝါးနှစ်ဖက်နဲ့ အတင်း မော့ယူထားပြီး စူးစိုက်ကြည့်၏။

"ဖြေလေ လွှာ"

"ဟင့်အင်း"

"ဘာလဲ... မချစ်နိုင်တာလား၊ မလိုချင်ဘူးကွာ... မင်းအချစ်ကို ကိုယ် ရသွားမှဖြစ်မှာ၊ ကိုယ့်စိတ်တွေ ဗျာများ ကုန်အောင် မလုပ်ပါနဲ့"

လွှာ ကိုယ့်ကိုယ်ကိုတောင် တစ်ခါမှ မတွေးမိခဲ့ဘူး သော်လည်း 'ရှင့်ကို မချစ်ဘူး... မုန်းတယ်' ဆိုသည့်စကား ကို ပြောမထွက်တော့တာက သေချာသွားသည်။

အမြဲတမ်း အတိုက်အခံ နေခဲ့သည့် သူ့ထံမှ အလျှော့ ပေး တောင်းပန်သံကို သာယာသွားတာလား...



www.burmeseclassic.com

www.burmeseclassic.com



"လွှာ... မင်းကို ကိုယ် သိပ်ချစ်တယ်"

လွှာ့ကို တင်းကြပ်စွာ ဖက်၍ သူ နမ်းသည်။

ချစ်တာတွေပြောရင်း ပြန်ချစ်ဖို့ တောင်းဆို၏။

မွှန်းကျပ်လာသည့် အနမ်းတို့ကို ရှောင်တိမ်းနေရရင်း လွှာ အတင်းပဲ ခေါင်းခါနေမိသည်။

ရင်ထဲမှာ တင်းခံနေမိသည်က အမုန်းလည်း မဟုတ်။

ချစ်တယ်လို့လည်း မပြောချင်ဘဲ တစ်စုံတစ်ရာအတွက် ကြေကွဲသလို ဖြစ်နေခဲ့ခြင်းသာ။

လွှာ ဘာကို ဝမ်းနည်းလာသည်မှန်း မသိ။





## အခန်း (၂၃)

"ဒေါက်... ဒေါက်"

တံခါး ခေါက်သံကြောင့် သူပဲ ဟုထင်ကာ လွှာ န်တင်ခုံရှေ့က ထ,လိုက်ပြီး တံခါးသွားဖွင့်၏။

"မလွှာ"

"ဟင်... ပန်းတွေ"

သူ မဟုတ်ဘဲ ရပ်နေသူက စိုးသန်း ဖြစ်နေ၏။

လက်ထဲမှာ မနေ့ကမှ သူ ပြောပြခဲ့သော ဆေးပန်းပွင့်လေးတွေ။ပန်းခိုင်လေး နှစ်ခိုင်ကို စိုးသန်းက ကမ်းပေး၍...

"ဆရာ ပေးခိုင်းတာ"

"သူကော"

www.burmeseclassic.com



"မလွှာ ရန်ကုန်ပြန်ဖို့ ကားကိစ္စ သွားလုပ်မယ် ပြောတယ်၊ ခုပဲ ထွက်သွားတာ၊ သူပြန်လာရင် ဒေါ်ယုယုနိုင်ဆီ သွားမယ်၊ အဆင်သင့် ပြင်ထားပါတဲ့"

"အင်း... အင်း"

လွှာ ဘာမှပြင်စရာ မရှိတော့ပါ။

တစ်နေ့တည်း ပွင့်သည်ဆိုသော အထပ်လွှာလေးတွေပါသော နီတွေး မှောင်လဲ့နေသည့် ပန်းခိုင်လေးတွေကို မှန်တင်ခုံပေါ်က ပန်းအိုးလေးထဲမှာ ထိုးစိုက်ထားလိုက်သည်။

ဘာနံ့မှ မရှိဘူးဆိုပေမယ့် တစ်မျိုးလေးတော့ သင်းနေပါ၏။ နှစ်နာရီလောက်ကြာမှ သူ ရောက်လာ၏။

"လွှာ... ပြီးပြီလား"

"အင်း"

သူသည် လက်ထဲမှာ ကတ္တူဘူးတစ်ဘူးကို ကိုင်လျက် ဆိုဖာမှာ ဝင်ထိုင်လိုက်၏။

လွှာက သူ့အတွက် သံပုရာရည် သွားဖျော်လိုက်သည်။

"အဲဒါ ဘာလဲ ဆရာ"

"ဆရာ ဖော်မိုးဆီကပါကွာ၊ မင်္ဂလာပွဲကို မလာလိုက်ရလို့တဲ့၊ လူကြုံနဲ့ လက်ဆောင်ပို့လိုက်တာ"

ပြောနေရင်း ရယ်၍ လွှာ့ဆီကို လှမ်းကြည့်၏။

"မိန်းမနဲ့ အတူမဖွင့်နဲ့တဲ့ကွာ၊ မိန်းမ ရှက်သွားလိမ့်မယ်တဲ့၊ ဒီလူ ဘာတွေ နောက်လွှတ်လိုက်လဲ မသိဘူး"





ဆရာလို သူငယ်ချင်းလို ရင်းနှီးနေကြသဖြင့် တစ်ခုခု နောက်လိုက်ပြီ ဆိုတာ ဘွဲ့ သိနေသည်။

စိုးသန်းက သူ့ဘေးမှာ ရပ်နေရာကနေ နောက်ဆုတ်သွားပြီး...

"အဲဒီတော့လည်း ဆရာ အရင်ဖွင့်ပေါ့ ဆရာရယ်"

"ဟုတ်တယ်... လွှာ ကိုယ်ဖွင့်လိုက်မယ်နော်"

လွှာ လှည့်လည်းမကြည့်... ဘာမှလည်း မပြောဘဲ နေလိုက်သည်။

သို့သော်... သူမ မျှော်လင့်သလို ရယ်သံ ဟားသံ စ,နောက်သံတွေ ထွက်မလာခဲ့ဘဲ...

"ဝုန်း"

"အား"

"ဟင်"

လွှာ လှည့်ကြည့်လိုက်မိ၏။

"ခွမ်း"

လက်ထဲက သံပုရာဖန်ခွက်က ခွမ်းခနဲ ကျကွဲသွား၏။

"အား"

"ဆရာ"

မီးခိုးတွေ မည်းအူနေဆဲ။

ဘွဲ့သည် ဆိုဖာကြားထဲမှာ ခွေကျ လွန့်လူးလျက် မျက်နှာတစ်ပြင်လုံးမှာ သွေးတွေ လူးနေ၏။

www.burmeseclassic.com



"ကိုဘွဲ့..."

လွှာ ခြောက်ခြားစွာ အော်လိုက်မိလေသည်။

"ဟင်"

အိပ်ရာက ကပျာကယာ ကျုံးထ,လိုက်မိ၏။

အနားမှာ သူ မရှိတော့ပါ။

ငါ အိပ်မက် မက်နေတာပါလား။

"အို..."

မှန်တင်ခုံပေါ်မှာ နီညိုရင့်ရင့် ပန်းခိုင်လေး နှစ်ခိုင်သည် ပန်းအိုးထဲတွင် စိုက်လျက်သား။

ဒါ... သူ လာထားသွားတာ...

လွှာ... ရင်တွေ တဒိန်းဒိန်း ခုန်လာသည်။

အခန်းပြင် ပြေးထွက်လိုက်တော့ ဆိုင်ကယ်ကော သူကော မရှိတော့။

"ကိုစိုးသန်း... ကိုဘွဲ့ကော... သူ ဘယ်သွားလဲဟင်"

"မလွှာ ရန်ကုန်ပြန်ဖို့ကိစ္စ သွားလုပ်မယ် ပြောတာပဲ ပြန်လာရင် ဒေါ်ယုယုခိုင်ဆီ သွားမယ်တဲ့၊ အဲဒါ မလွှာကို ပြင်ဆင်ထားဖို့ မှာသွားတယ်"

ဘုရား... ဘုရား...

တစ်ခါသည် ထူးဆန်းစွာ...

နောက်တစ်ခါကျတော့ မယုံရဲသည့်စိတ်နှင့် အမှတ်တမဲ့...

ဒီတစ်ခါ...





လွှာဦးခေါင်းတစ်ခုလုံး ပွင့်ထွက်မတတ် တုန်လှုပ် ခြောက်ခြားခဲ့ရလေပြီ။

လွှာ ရေချိုးခန်းထဲ ပြေးဝင်၍ မျက်နှာသစ်လိုက်သည်။

ညဝတ်အင်္ကျီ လဲကာ ခေါင်းကိုလည်း သေချာမဖြီးဖြစ်။

ဘွဲ့ဟာ မနက်စောစော ထ,တတ်သည့် အကျင့် ရှိသလောက် လွှာ့ကိုတော့ ဘယ်တော့မှ မနှိုးတတ်ပေ။

ညဘက် အိပ်ရာဝင်နောက်ကျလျှင် မနောင့်ယှက်ဖို့ တောင် စိုးသန်းကို မှာတတ်သေးသည်။

ဒီမနက် သူ အိပ်ရာကထ,သွားတော့ လွှာ့နဖူးလေးကို နမ်းသွား၏။

ဒါကို သိလိုက်ပြီး လွှာ မထ,ဖြစ်ဘဲ မှေးခနဲပြန်အိပ် ပျော်သွားခဲ့သည်။

ငါ... ဘာလုပ်ရမလဲ။

သူ့နောက် လိုက်သွားရမလား... ဒီက စောင့်ရမလား။

သူ... သူ ဒီည့်ခန်းမှာ ဖြစ်တာ...

စိတ်တွေ ဘယ်လိုမှ မငြိမ်မသက်ဘဲ ဘုရားစင်ရှေ့ ပြေးထိုင်မိသည်။ သူ ဘာမှမဖြစ်ပါစေနဲ့...ဒါဟာ... အိပ်မက် တစ်ခုသက်သက်ပဲ ဖြစ်ပါစေ။

လွှာ ခြံထဲဆင်းကာ ဖွင့်ပန်းကလေးတွေကို ရိုးတံတွေပါ ပါအောင် ခူးလိုက်၏။ စိတ်မတည်ငြိမ်သမျှ ဘုရားမှာ ပန်းကပ်ရင်း ဆုတောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရား ရှိခိုးမိတာ ဘယ်နှစ်ခါမှန်း မသိတော့။

အိပ်မက်တိုင်း တစ်ထပ်တည်း ဖြစ်ခဲ့တာမှန်လျှင် သူ ဒီညေခန်းမှာပဲ ဖြစ်နေသည်။

ဆိုင်ကယ်သံကို နားစွင့်ကာ လှ ဘုရားခန်းမှ စိတ်လက် ပင်ပန်းစွာ ထွက်လာခဲ့စဉ်...

"ဟား ဟား ဟား"

"ဟင်"

ဘွဲ့၏ ရယ်သံ...

ဆိုင်ကယ်သံ မကြားဘဲ ဘယ်တုန်းက ပြန်ရောက်နေတာလဲ။

"ဖွင့် ဆိုတော့လည်း ဖွင့်လိုက်ပေါ့ ဆရာ၊ ပြီးတော့မှ မလှကို ပြလိုက်ပေါ့"

"ဟုတ်တယ်... တော်ကြာ တကယ်ရှက်စရာပါနေရင် ငါ့ကို ပြဿနာရှာဦးမှာ"

လှ တစ်ကိုယ်လုံး တောင့်တင်းသွားသည်။

"ဟင့်အင်း... မဖွင့်နဲ့"

လှ အိမ်ရှေ့ကို ပြေးထွက်ခဲ့သည်။

ဘွဲ့နဲ့ စိုးသန်း...

ဘွဲ့သည် ဆိုဖာမှာ ထိုင်လျက် ကတ္တူဘူးက စားပွဲပေါ်မှာ။ စိုးသန်းက ခပ်လှမ်းလှမ်းမှ ခန်းဆီးတွေ ရှုတ်ဖယ်ရင်း ရယ်နေ၏။





လှ့ရင်ဘတ်ထဲမှာ အောင့်တက်လာသည်အထိ ဆို့ကျပ်ကာ ဘာမှပြောလို့ မရသေးခင် ဘွဲ့က ကတ္တူဘူးကို ဆွဲဖွင့်လိုက်ပြီ ဖြစ်၏။

"ကိုဘွဲ့... အို... မဖွင့်နဲ့... အထဲမှာ ဗုံးပါတယ်၊ မဖွင့်နဲ့"

လှ အတင်းလှမ်းအော်ရင်း ပြေးသွားခဲ့မိသည်။

ဘွဲ့က နေရာမှ ဆတ်ခနဲ ထ,ရပ်လိုက်၏။

လှ့ကို လှမ်းကြည့်ရင်း ဒီဘက်ပြန်ကြည့်တော့ ဘူးထဲမှာ ဟင်္သာတစ်ထုပ်နှင့် ငှက်ပျောသီး နှစ်လုံး...

အောက်မှာ စပါးခွံတွေ ခင်း၍ ထည့်ပေးထားသည်။

လှက သူ့လက်ကို ပြေးဆွဲ၍ ဘူးကို အလန့်တကြား ကြည့်သည်။

ပစ္စည်းတွေက ရယ်စရာ... သူမ ထင်သလို ဘာမှ မဟုတ်ပါလား။

သို့သော်...

ဘွဲ့မျက်နှာ ကွက်ခနဲ ပျက်သွား၏။

ရုတ်တရက် လှ့ကို ဆွဲဖက်ကာ ကြမ်းပြင်ပေါ် သို့မှောက်ချ ပစ်လိုက်၏။

"ဝုန်း"

"အား"

လှ အလန့်တကြား အော်ကာ ဘွဲ့ကို ဖက်ထားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ညည်ခန်းတစ်ခုလုံးမှာ ဖြူလွှသော မီးခိုးငွေ့တွေ လွှမ်းသွား၏။ အမြဲတမ်း သတိရှိတတ်ကြသော စိုးသန်းလည်း တံခါး၀,ဆီ ပြေးဆုတ်လိုက်နိုင်သဖြင့် ဘာမှဖြစ်မသွား။

သို့သော် ဘွားနှင့် စားပွဲတစ်ခုလုံးမှာတော့ မီးကျွမ်းသွားသလို စားပွဲပေါ်မှာရှိသမျှ ပစ္စည်းအားလုံး၏ အပေါ်လွှာတို့မှာလည်း ညိုးကျ မည်းမှောင်သွားလေသည်။

ဒါဟာ လျှို့ဝှက်စွာ လုပ်ကြံမှုတစ်ခု...

လွှာသာ ရောက်မလာခဲ့လျှင် ဘယ်လိုမှ မထင်မှတ်ခဲ့သော သူ့အတွက်မှာ...

"လွှာ"

"ကိုဘွဲ့"

လွှာ့ကို ဆွဲထူပြီး သူ တင်းကျပ်စွာ ဖက်ထားလိုက်မိသည်။

လွှာသည် မျက်ရည်တွေကျလျက် သူ့ကျောပြင်ကို ပြန်၍ ဖက်ထားလျက်...

"ရှင့်ကို လွှာ စိတ်ပူလိုက်တာ"

ဟု ကလေးလိုပြောရင်း ဟန်မဆောင်စွာဘဲ ရှိုက်ငိုပြန်သည်။

စိုးသန်း ရှောင်ထွက်သွားချင်ပေမယ့် မသွားနိုင်သေးဘဲ ကင်မရာ ပြေးယူကာ ညည်ခန်းက ရုပ်ပျက်ဆင်းပျက် ပုံစံတို့ကို ဓာတ်ပုံရိုက်ယူသည်။





ဘွဲ့ ဘာကိုမှ ပြန်မကြည့်တော့ဘဲ လွှာ့မျက်နှာလေးကိုသာ ငုံ့မိုးကြည့်၍ မျက်ရည်တွေကို သုတ်ပေး၏။

"လွှာရယ်..."

လွှာ ချစ်တာကို သူ သိလိုက်ပါပြီ။

ဒါပေမယ့် ခရီးရှည်တစ်ခုကို သွားရဦးမည်။

အချစ်ကို နောက်ကျမှ ရလိုက်တာလား၊ အခုကစပြီး ချစ်ရမှာလား။

"ကိုဘွဲ့... ရှင်... ရှင် တစ်ခုခုဖြစ်သွားရင်လေ..."

လွှာ့အသံလေး တုန်ယင်နေသည်။

ဦးခေါင်းလှလှလေးကို ရင်ခွင်ထဲမှာ ဖိကပ်၍ ဆံနွယ်လေးတွေကို သူ ဆွဲဖွနေမိသည်။

အချစ်ကို ရရှိခံစားလိုက်သောအခါ မခွဲမခွာ နေလိုကြမည်။

လွှမ်းဖို့အတွက် သူ ခံနိုင်ရည်ရှိဖို့ ကြိုးစားထားခဲ့သည်။

လွှာ့ကို ချန်မထားရက်နိုင်...

ကိုယ့်ကို ချစ်နေစေချင်သော်လည်း လွှမ်းကျန်ခဲ့မှာကို မမြင်လို...

ဒါပေမယ့်...

သူ ခွဲရဦးမှာပါ...

လွှာ့ နှုတ်ခမ်းလေးကို မြတ်နိုးစွာ နမ်းရှိုက်၍ ဆုတောင်းမိသည်။

www.burmeseclassic.com



ရှည်သောခရီးစဉ်တို့ တိုတောင်း ကုန်လွယ်ပါစေ...

လှ္သာ သူ့ကို မော့ကြည့်လာသည်။

မျက်ဝန်းမှာ ပြည့်လျှံသော မျက်ရည်တို့က လှုပ်လီလှုပ်လဲ့...

ထိုမျက်ဝန်းလေးတွေကို စူးငေးရင်း ဘွဲ့ ပြုံးပြလိုက်မိသည်။

"ကိုယ် အမြန်ဆုံး ပြန်လာခဲ့မယ်"

လှ္သာသည် ခေါင်းလေး ညိတ်လိုက်ပြီး ဖိတ်စင်ကျသွားသည့် မျက်ရည်စက်လေးနှင့် အတူ...

"ရှင့်ကို လှ္သာ ချစ်တယ်..."

လောကကြီးမှာ ရှိသမျှ အချစ်နှင့် ပတ်သက်သော အလှအပအားလုံး ပြန်လည် ပေါင်းစည်းခြင်းဖြင့် ပြည့်စုံသာယာကြပါစေ...။

ပရိသတ်အတွက်

ထာဝရ

သျှင်မ

BURMESE CLASSIC

www.burmeseclassic.com